ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 The Mirror Daily
၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၂ ရက် အင်္ဂါနေ့ 19, Tuesday April 2016 (၈၅၃၆)

# ပြည်သူ့လက်ထဲက ရန်ကုန်၏ အနာဂတ်

လှစုမြတ်(ဗိသုကာ)

အခုတစ်လော မိတ်ဆွေ ဆွေမျိုးများက သူတို့ အိမ်ဘေးကပ်လျက်ခြံမှာ ငါးထပ်၊ ခြောက်ထပ်၊ ရှစ်ထပ် အဆောက်အအုံတွေကို သူ့ခြံနဲ့သုံးပေအကွာမှာ မြေကွက်ပြည့်လုနီးပါး ဆောက်လို့၊ ကျောင်းလာဆောက်လို့၊ သုံးထပ်ခွဲဆိုပြီး ငါးထပ်ဖြစ်နေလို့၊ အိမ်နီးချင်းသဘောတူလက်မှတ်ကို ခြံကပ်လျက်ကို မတောင်းလို့၊ အဲဒီလိုဆောက်လို့ရလား ဆောက်ခွင့်ပြုသလား၊ ဘယ်လိုကန့်ကွက်လို့ရမလဲ၊ ကန့်ကွက်စာတင်လိုက်ပြီဆိုပြီး ဗိသုကာဖြစ်တဲ့ ကျွန်မကို စိတ်နှလုံးမသာမယာနဲ့ လာလာမေးကြပြောပြကြပါတယ်။ တစ်လောက သတင်းစာထဲမှာလည်း ဆိတ်ငြိမ်ရပ်ကွက်တစ်ခုမှာ အိမ်နီးချင်းများ သဘောတူထားတဲ့ အမြင့်ထက်အထပ်ပိုဆောက်ခွင့်ပြုတာကို သဘောမတူနိုင်ကြောင်း ကြေညာစာလည်းဖတ်လိုက်ရပါတယ်။ အဲဒီလိုတွေဖြစ်ကြတော့ အိမ်နီးချင်းတွေ တစ်ဦးမျက်နှာတစ်ဦး မကြည့်နိုင်ဖြစ်ကြတော့မှာပါ။

နေထိုင်လျက်ရှိသူတွေကလည်း နှစ်ပေါင်းများစွာ အေးအေးချမ်းချမ်းနေလာတဲ့ရပ်ကွက်မှာ အိမ်ဘေးမှာ သူတို့ကိုအပေါ်က စီးမိုးမြင်ရမယ့် အိမ်တွေ၊ ရုံးတွေပေါ်လာမှာကို မလိုလားကြပါ။ လမ်းထဲက လုံးချင်းအိမ်တစ်လုံးကို ရုံး/ကျောင်းငှားလိုက်လို့ ကိုယ့်အိမ်အဝင်အထွက်တောင် မလွယ်ကူတာတွေ နေ့စဉ်နဲ့ အမျှ ကြုံတွေ့နေကြရတဲ့အတွက် ဆောက်တဲ့ အဆောက်အအုံ အထပ်မြင့်လာတာနဲ့အမျှ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◆



ရန်ကုန်မြို့ပြအဆောက်အအုံများမြင်ကွင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-စောသိန်းဝင်း)

# ရန်ကုန်အစိုးရသစ်နှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ

ဆုနှင်းလှဲ့

၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်အပ်တာဝန်ပေးအပ်လိုက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ဦးဖြိုးမင်းသိန်းက တာဝန်ယူဆောင်ရွက်ကာ ဝန်ကြီးချုပ်က သမ္မတထံသို့တင်ပြခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ဧပြီ ၅ ရက်တွင် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။ ဧပြီ ၆ ရက်တွင် အဆိုပါအစိုးရအဖွဲ့ဝင်ဝန်ကြီးများ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ကတိသစ္စာပြုကာ တာဝန်များ စတင်ထမ်းဆောင်နေကြပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများပါဝင်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ အရေးကိစ္စများကို ထမ်းရွက်ရာတွင် စိန်ခေါ်မှုများစွာရှိနေမည် ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စည်ပင်သာယာရေး စသည့် အရေးကိစ္စပေါင်း သောင်းခြောက်ထောင်မကတွင် အဓိကအားဖြင့် အများပြည်သူတို့ နိစ္စဓူဝ ကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာသည် အရေးကြီးဆုံးအခန်းကဏ္ဍမှ ပါဝင်လာမည်ပင်ဖြစ်သည်။ နေ့စဉ် ရည်ရွယ်ချက်အကြောင်းကိစ္စအမျိုးမျိုးဖြင့် နေအိမ်များမှ ထွက်ခွာလာကြသည်နှင့် လမ်းများကိုအသုံးပြုသည့် လမ်းအသုံးပြုသူများဖြစ်သွားကြသည့်အတွက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

> “စည်းကမ်းမဲ့ ပြေးဆွဲရပ်တန့်နေသော ဘတ်စ်ကားများရှိနေခြင်း၊ ထိရောက်စွာ ပညာပေးအရေးယူမှု အားနည်းခြင်းနှင့် စည်းကမ်းမဲ့ဈေးသည်များ၊ စည်းကမ်းမဲ့ရပ်တန့်နေသော ယာဉ်များကြောင့်လည်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာသည် ဖြေရှင်း၍မရနိုင်သော ကိစ္စရပ်တစ်ခုလိုပင်ဖြစ်နေခဲ့”



ကြေးမုံ

# အမျိုးသားသင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် အစိုးရအဖွဲ့သစ်၏ မူဝါဒ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုသွားခဲ့ပါသည်။

အစိုးရအဖွဲ့၏ မူဝါဒဆိုသည်မှာ အမှန်တော့ ရွေးကောက်ပွဲကာလက ပြည်သူတို့ထောက်ခံကာ အင်တိုက်အားတိုက် မဲပေးခဲ့ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒနှင့် လုပ်ငန်းစဉ်များပင်ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာ ရွေးကောက်ပွဲအောင်နိုင်၍ အစိုးရအဖွဲ့ ဖွဲ့နိုင်ခဲ့မည်ဆိုလျှင် အဆိုပါ မူဝါဒလုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုသည်ကို သဘောကျထောက်ခံခဲ့သည့်အနေဖြင့် ပြည်သူလူထုက မဲပေးခဲ့ခြင်းဖြစ်ပါ၏။

ယခု အစိုးရအဖွဲ့သစ်၏ အခြေခံမူဝါဒများမှာ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကာလကတည်းက ပြည်သူ့လိုလားချက်များအပေါ် အခြေတည်ခဲ့သည့် မူများဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။

အမျိုးသားရင်ကြားစေ့ရေး၊
ပြည်တွင်းငြိမ်းချမ်းရေး၊
တရားဥပဒေစိုးမိုးရေး၊
ဒီမိုကရေစီစနစ် အမြစ်တွယ် ခိုင်ခံ့ရေး၊

ပြည်သူ့သဘောထားနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ရေးတို့ဖြစ်ပါသည်။

ပြည်သူတို့အကြား အငြင်းပွားဖွယ်မရှိ တောင့်တလိုချင်နေကြသော ညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး အခြေခံမူများပဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆုတ်ယုတ်ကျဆင်းခဲ့ရသော အကြောင်းအချက်များထဲတွင် အဓိကအကြောင်းတစ်ရပ်ဖြစ်နေသည့် ပြည်တွင်းစစ်အပူမီးက လွတ်လပ်ရေးနှင့်အတူ မွေးဖွားလောင်မြိုက်ခဲ့ခြင်းဖြစ်ပါ၏။ အမျိုးသားချင်း၊ တိုင်းရင်းသားချင်းတို့ကြားမှာ ယုံကြည်ချက် သဘောထား မတူကွဲပြားကြတာနှင့်ပဲ နှစ်ပေါင်းများစွာ ရန်ဖြစ်နေခဲ့ကြရသည်။ အယူအဆ၊ ယုံကြည်ချက် မတူညီမှုကို စားပွဲဝိုင်းပေါ်မှာ ညှိနှိုင်းဆွေးနွေးအဖြေရှာရမည့်အစား လက်နက်နှင့်ဖြေရှင်းလိုသည့်မာန်က ရှေ့ဆောင်ခြင်းက အခြေခံပြဿနာဖြစ်ခဲ့သည်။

အာဏာရှိ အင်အားကြီးသူတို့၏ အမုန်းပေါ်မှာ အခြေခံကာ အာဃာတများ၊ အမြစ်ပြတ်ခြေမှုန်းလိုစိတ်များနှင့် ကိုယ်ကျိုးစီးပွားရှာလိုခြင်းတို့ ရောထွေးလာကာ မရပ်စဲနိုင်သောစစ်ပွဲများက တစ်စထက်တစ်စ ကြီးမားလေးလံလာခဲ့ခြင်းပဲ ဖြစ်ပါသည်။

ယနေ့လို ပြည်သူကိုအခြေပြုသော ပြည်သူ့အစိုးရ တာဝန်ယူရသည့်အခါသမယတွင် နိုင်ငံရေးအင်အားစုများ၊ အထူးသဖြင့် လက်နက်ကိုင်ဆောင်ထားသူများအားလုံး ရင့်ကျက်သဘောထားကြီးမြင့်စွာဖြင့် တိုင်းပြည်နှင့်ပြည်သူ့အကျိုးကိုသာ ဦးတည်၍ အမျိုးသားသင့်မြတ်ရေးမူပေါ်မှာ ရပ်တည်ကြရန် လိုအပ်မည်ဟု ယူဆပါသည်။

ပြည်သူလူထုမှာ နှစ်ပေါင်းများစွာ ကိုယ့်ပြည်တွင်းမှာ ကိုယ်နေရင်း အမြောက်သံ၊ ဗုံးသံကြားမှာ စစ်ဘေး၊ စစ်ဒဏ်ခံနေခဲ့ရတာဖြစ်သည့်အတွက် ငြိမ်းချမ်းလိုလှပြီ။

အစိုးရသစ်၏ အခြေခံမူနှင့် လုပ်ငန်းစဉ်များကို ပြည်သူတို့နှင့် လက်တွဲအကောင်အထည်ဖော်ရင်း အမျိုးသားသင့်မြတ်ရေးလမ်းစဉ်မှတစ်ဆင့် စစ်မှန်သောငြိမ်းချမ်းရေးကို အောင်မြင်စွာတည်ဆောက်နိုင်ပါစေ။ ။

# ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ နော်ဝေးမှာ ပြုလုပ်မည်

**အော်စလို မေ ၁၈**

မြန်မာနိုင်ငံဒီမိုကရေစီထူထောင်ရေးအတွက် ဦးဆောင်နေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသောအားဖြင့် (Aung San Suu Kyi Parkere) အောင်ဆန်းစုကြည်ပန်းခြံဟု အမည်ပေးထားသည့်ပန်းခြံကို နော်ဝေးနိုင်ငံ ဖရိုလန်း(န်)မြို့တွင် လာမည့်ဇွန်လ ၁၉ ရက် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့တွင် စတင်ထူထောင်မည်ဟု ဖရိုလန်း(န်)မြို့မှလာသော သတင်းအရ သိရသည်။



ဖရိုလန်း(န်) အုပ်ချုပ်ရေးမှူးရုံးတွင် ပန်းခြံဖြစ်မြောက်ရေးအတွက် ဆွေးနွေးကြစဉ်။

"နှစ်ပေါင်းများစွာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာပြည်ဒီမိုကရေစီစနစ်ထူထောင်ရေးအတွက် မဆုတ်မနစ်ဦးဆောင်မှုနဲ့ အားထုတ်မှုကို လေးစားဂုဏ်ပြုတဲ့ အနေနဲ့ရော၊ နော်ဝေးပြည်သူတွေအကြား သူတို့တန်ဖိုးထားတဲ့ လူသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ရေရှည်တည်တံ့နိုင်မယ့် အဓိပ္ပာယ်ဆောင်ချင်လို့ အခုလို ပန်းခြံလေးတစ်ခုဖြစ်လာအောင်စီစဉ်ရတာပါ"ဟု ပန်းခြံဖြစ်မြောက်ရေးအတွက် အဓိကဦးဆောင်နေသူ International Caffe –Froland အဖွဲ့မှ တာဝန်ခံ Torgeir Oveland က ဆိုသည်။

လွန်ခဲ့သော မေ ၁၆ ရက်က ကျင်းပသည့် ဖရိုလန်း(န်)မြို့နယ် အုပ်ချုပ်ရေးအဖွဲ့က နော်ဝေးနိုင်ငံ တောင်ဘက်ပိုင်းရှိ ဖရိုလန်း(န်) မြို့နယ် တီယူးဗယ်ဂန်းအရပ်တွင် အဆိုပါပန်းခြံအတွက် နေရာသတ်မှတ် သဘောတူထားပြီးဖြစ်ကြောင်းနှင့် လာမည့်ဇွန် ၁၉ ရက်၌ ဒေါ်အောင်ဆန်းစုကြည်ပုံတူ ရုပ်တုနှင့်အတူ နှစ်ပေါင်း (၁၀၀၀) အထိ သက်တမ်းရှည်သည့် သစ်အယ်ပင်အမျိုးအစား နော်ဝေးအခေါ် Eik Tre ပင်နှင့် တောင်ဇလပ်မျိုးနွယ်ပန်းများ၊ ချယ်ရီပင်များကို စတင်ပျိုးထောင်သွားမည်ဟုလည်း သိရသည်။

"သက်တမ်းရှည်ပြီး ကြံ့ခိုင်သန်စွမ်းတဲ့ သစ်အယ်ပင်ပေါက်နဲ့ ကျန်တဲ့ သစ်ပင်ငယ်တွေကို ကျွန်တော်တို့ ဒိန်းမတ်နိုင်ငံကနေ မှာယူထားပြီးဖြစ်တယ်။ သက်တမ်းရှည်တဲ့ သစ်အယ်ပင်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်၊ ထက်မြက်သန်စွမ်းတဲ့ သတ္တိခွန်အားကို ပုံဆောင်တာလည်းဖြစ်တယ်။ နှစ်စဉ်သူ့မွေးနေ့ရောက်တိုင်း တစ်နှစ်ကို တစ်ပင် ပုံမှန်အမြဲစိုက်သွားမှာဖြစ်တယ်"ဟု မြန်မာဒီမိုကရေစီအရေးအတွက် တစ်စိုက်မတ်မတ်ဆောင်ရွက်ပေးနေသူ နော်ဝေးလူမျိုး Arnfinn Landsverk က ဆိုသည်။

ဖရိုလန်း(န်)မြို့လယ်တွင်ရှိသည့် အဆိုပါပန်းခြံအနီးတွင် ဘတ်စ်ကားဂိတ်တစ်ခုလည်းရှိပြီး နောင်အခါ အဆိုပါမှတ်တိုင်ကို အောင်ဆန်းစုကြည် ဘတ်စ်ကားမှတ်တိုင်ဟု အမည်ပေးသွားဦးမည် ဖြစ်ကြောင်းလည်း သိရသည်။

ဖရိုလန်း(န်)မြို့တွင် နေထိုင်သော International Caffe အဖွဲ့ဝင် မြန်မာနိုင်ငံသား တိုင်းရင်းသားများက မြို့နယ်အုပ်ချုပ်ရေးဌာနသို့ ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ ပေါ်ပေါက်လာရေးအတွက် အကြံပေးဆော်ဩခဲ့ကြပြီးနောက် ယခုကဲ့သို့ အစီအစဉ်များဖြစ်လာကြောင်းလည်း သိရသည်။

"ကျွန်တော်တို့မြို့နယ်နဲ့ အနီးတစ်ဝိုက်မြို့နယ်တွေက ချင်း၊ ကရင်၊ ကချင်၊ ဗမာတိုင်းရင်းသားတွေလည်း ဒီပန်းခြံ ဖြစ်မြောက်ရေးအတွက် ကော်မတီတစ်ခုဖွဲ့ပြီး ဝိုင်းဝန်းပါဝင်ကြမှာဖြစ်သလို လာမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၇၁)နှစ်မြောက် မွေးနေ့ကျရင် တိုင်းရင်းသားရိုးရာအကတွေ၊ အတီးအမှုတ်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည် ရုပ်တုနဲ့ ရောင်စုံပန်းပင်တွေပျိုးပြီး ဖွင့်ပွဲကို ကျင်းပသွားမှာဖြစ်တယ်။ ကျွန်တော်တို့ သားစဉ်မြေးဆက်အထိ ဒီပန်းခြံလေး တည်တံ့သွားမှာကိုတွေးပြီး ကြည်နူးစိတ်ဖြစ်ပေါ်လာတယ်" ဟု ပန်းခြံဖြစ်မြောက်ရေးအတွက် တက်ကြွလှုပ်ရှားသူ ဆလိုင်းဂျွန်မန်းက ဆိုသည်။

အဆိုပါဖရိုလန်း(န်)မြို့တွင် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူ တိုင်းရင်းသားများက လွန်ခဲ့သော ၂၀၀၃ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ရေး လှုံ့ဆော်လှုပ်ရှားသည့်အနေနှင့် အောင်ဆန်းစုကြည်အမှတ်တရသစ်ပင်စိုက်ပွဲကိုလည်း ကျင်းပခဲ့ဖူးကြောင်း သိရသည်။

**ကိုညို(အော်စလို)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# အဖေခေတ်နှင့် သမီးခေတ်

**လင်းအေး**

အဖေခေတ်နှင့်သမီးခေတ် ဗိုလ်ချုပ်အောင်ဆန်းခေတ်နှင့် ဒေါ်အောင်ဆန်းစုကြည်ခေတ် ၁၉၄၆ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ နှစ်(၇၀)ကွာခြားခဲ့ပြီ။ ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့်တွေ့ဆုံဆွေးနွေးပြီး မိမိလူများ(ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်များ)နှင့်တိုင်ပင်ကာ ဘုရင်ခံ၏အမှုဆောင်ကောင်စီသို့ ဝင်ရောက်ရန်ဆုံးဖြတ်လိုက်သည်။ ဘုရင်ခံ၏ကြားဖြတ်အစိုးရအဖွဲ့ (အမျိုးသားယာယီအစိုးရအဖွဲ့)တွင် ကာကွယ်ရေးနှင့် ပြည်ပရေးရာဌာန (Defence and External Affairs) ဝန်ကြီးအဖြစ်နှင့် အမှုဆောင်(ဝန်ကြီး)အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ရွေးကောက်ပွဲအနိုင်ရ အင်(န်)အယ်(လ်)ဒီပါတီကဖွဲ့စည်းသော အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် သမ္မတရုံးဝန်ကြီးအဖြစ်ဆောင်ရွက်သည်။ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေအရ နိုင်ငံတော်၏အတိုင်ပင်ခံအဖြစ်လည်း တာဝန်ယူဆောင်ရွက်သည်။



အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့် ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည်လည်းကောင်း အစိုးရအဖွဲ့၏ အရေးပါသောနေရာကို ရယူကိုင်တွယ်လိုက်သည်နှင့် အလွန်ကြီးလေးသော နိုင်ငံတော်၏တာဝန်သည် သူတို့ ပခုံးထက်သို့ ကျရောက်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ပြီးစ စစ်ဒဏ်ကိုခံကြရသော မြန်မာပြည်သူတို့၏ စီးပွားရေး၊ စားဝတ်နေရေး၊ အလုပ်လက်မဲ့ပြဿနာ၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးပြဿနာ၊ ပညာရေး၊ လူမှုရေးစသည့် ပြဿနာအမျိုးမျိုးကိုရင်ဆိုင်ရသလို ဒေါ်အောင်ဆန်းစုကြည်သည်လည်း ဖခင်ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် ပြဿနာပေါင်းစုံကို ရင်ဆိုင်နေရသည်။ ရက်သားလေးမျှသာရှိသေးသော လူထုအစိုးရ၏ရှေ့မှောက်သို့ ပြည်သူတို့၏ အမျိုးမျိုးသော အခက်အခဲများ၊ ဒုက္ခများ၊ ခံစားချက်များ၊ လိုအပ်ချက်များ၊ တောင်းဆိုချက်များ၊ မကျေနပ်ချက်များသည် အလုအယက်တိုးဝှေ့ရောက်ရှိလာသည်။ နှစ်ပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ရသောပြဿနာများမှာ လွယ်လင့်တကူ ချက်ချင်းလက်ငင်း ဖြေရှင်းပေး၍ ရနိုင်သောပြဿနာများမဟုတ်။ ခေါင်းဆောင်များနှင့် ပြည်သူလူထုတို့ ညီညီညွတ်ညွတ် အတူလက်တွဲ၍ စိတ်ရှည်ရှည်နှင့်ဖြေရှင်းရမည့် ပြဿနာများဖြစ်သည်။

သမီးခေတ်မှာ ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မပြောလိုသေးပါ။ လောလောဆယ် အချိန်အခါများမှာ ရက်သားလေးမျှသာရှိသေးသော ပြည်သူ့အစိုးရကို ယုံယုံကြည်ကြည်နှင့် ဝိုင်းဝန်းအားပေးရမည့် အချိန်အခါသာဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းလက်ထက် အစိုးရအာဏာကို ရယူခါစတွင် လွတ်လပ်ရေးအတွက် တိုင်းပြည်လူထုကောင်းကျိုးအတွက် ဗိုလ်ချုပ်ဘယ်လိုစဉ်းစားပြင်ဆင်ခဲ့သည်။ လူထုကို ဘယ်လိုလှုံ့ဆော်စည်းရုံးခဲ့သည်ဆိုသည့် အကြောင်းကိုမူ တင်ပြလိုသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဘုရင်ခံအမှုဆောင်အဖွဲ့(ဝန်ကြီး အဖွဲ့)ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာသည်။ ဘုရင်ခံအမှုဆောင်အဖွဲ့သည် စက်တင်ဘာ ၂၈ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြသည်။ ကျမ်းကျိန်ဆိုပြီးနောက်နေ့(စက်တင်ဘာ ၂၉ ရက်)တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဦးဆောင်လျက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော စက္ကူဖြူ စီမံကိန်းကန့်ကွက်ဆန္ဒပြပွဲကြီးကို ရန်ကုန်မြို့နှင့် တစ်ပြည်လုံးရှိ မြို့နယ်အသီးသီးတို့တွင် ခြိမ့်ခြိမ့်သဲကျင်းပခဲ့သည်။ ယင်းကန့်ကွက်ပွဲကြီးတွင် ဗိုလ်ချုပ်က လူထုကိုမိန့်ခွန်းပြောသည်။ အစိုးရအာဏာကို ပူပူနွေးနွေးလက်ခံရယူပြီးစ လူထုခေါင်းဆောင်သည် သူကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများ၊ သူထမ်းဆောင်ရမည့်တာဝန်များ၏ ကြီးလေးခက်ခဲမှုကို နားလည်သည်။ မိမိတို့ရာထူးအာဏာတွေရလာခြင်းမှာ လူထု၏ အင်အား၊ လူထု၏ ထောက်ခံမှုကြောင့်ဖြစ်ကြောင်း သဘောပေါက်သည်။ လူထုကို ကျေးဇူးတင်ကြောင်းပြောပြီး လူထု၏ ဆက်လက်အားပေးကူညီမှုကိုလိုအပ်ကြောင်း လူထုသည် ဆက်တောင့်ထားကြရန်လိုကြောင်း တိုက်တွန်းထားသည်။ ကိုယ်ကျိုးရှာ အခွင့်အရေးသမားများဖြစ်သည့် ငွေရှင်ကြေးရှင်အရင်းရှင်ကြီးများက မိမိတို့အစိုးရအဖွဲ့နှင့် ညီညွတ်ရေးတပ်ဦးကြီး(ဖဆပလ)ကို



ဒေါ်အောင်ဆန်းစုကြည်

ဖျက်ဆီးဖို့ လုပ်နေကြောင်းလည်း သတိပေးထားသည်။ ဗိုလ်ချုပ်၏မိန့်ခွန်းတွင် အချို့သူများလို မစားရဝခမန်း ကတိတွေပေးမထား၊ မိမိလုပ်ပေးနိုင်သည်ထက်ပိုလွန်၍ (မဖြစ်နိုင်သည်များကို) လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ကြွားဝါပြောဆိုခြင်းမျိုးမပါရှိ။

လွန်ခဲ့သော နှစ်(၇၀)ကျော်က ဗိုလ်ချုပ်တို့ ရင်ဆိုင်တွေ့ကြုံရသော ပြဿနာများအတိုင်းပင် ယနေ့အစိုးရသစ်သည်လည်း ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ ခေတ်နှစ်ခေတ်၏ ပြဿနာများ တစ်ထပ်တည်းမတူညီသည့်တိုင် ကိစ္စရပ်တော်တော်များများတွင် အခြေခံအားဖြင့်တော့ တူညီလျက်ရှိကြသည်ကိုတွေ့ရသည်။ အသက်ငယ်ငယ်နှင့် တာဝန်ကြီးကြီးယူခဲ့ရသူ ဗိုလ်ချုပ်အားဂုဏ်ပြုသည့်အနေဖြင့် ထိုစဉ်က ဗိုလ်ချုပ်ပြောခဲ့သော မိန့်ခွန်းကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"ကျုပ်တို့တော့ ဝန်ကြီးတွေဖြစ်ကြပြန်ပြီ။ ဖြစ်သာဖြစ်ရတယ်၊ ကျုပ်တော့ ရင်တထိတ်ထိတ်ပဲ။ ဂျပန်ခေတ်က ရှင်ကြီးဝမ်းဝင်ခဲ့တယ်။ မဟန်လှဘူး၊ အခုဘာဝမ်းလဲတော့ မသိဘူး၊ ဝင်ရပြန်ပြီတစ်ခါ၊ ဟန်ကျသလားလို့ ခင်ဗျားတို့က မေးချင်မေးပေလိမ့်မယ်။ ကျုပ်အဖြေကတော့ မပြောတတ်သေးဘူးလို့ ဖြေရမှာပဲ။ ဒီလိုမသေမချာ မြေစမ်းခရမ်းပျိုးရတာကြောင့် ဝန်ကြီးလုပ်ရတာ ရင်တုန်တုန်နဲ့ လုပ်ရတာပဲ။ တကယ့်အမျိုးသားအစိုးရ၊ တကယ့်အာဏာပိုင်အစိုးရလို့ တစ်ထစ်ချသိရရင်တော့ ဒီလောက်ရင်လေးမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်တို့ရာထူးယူလိုက်လို့ ခင်ဗျားတို့ကိစ္စတွေ အားလုံးအေးချမ်းသွားမယ်မဆိုနိုင်သေးဘူး။ မြန်မာ့အလင်းခေါင်းကြီးပိုင်းမှာ တစ်နေ့ကရေးသလိုလူထုတွေ ဆက်ပြီးတောင့် ထားကြပါဦးလို့ပြောရမှာပဲ။ အခုရာထူးနဲ့အာဏာတွေရလာတာတောင် ခင်ဗျားတို့ အင်အားအရှိန်အဝါတန်ခိုးကြောင့်ဖြစ်လာရတာပဲ။ ရှေ့ကို ဒီထက် ခင်ဗျားတို့အားသွန်ခွန်စိုက် ကြိုးပမ်းနိုင်မယ်ဆိုရင် တစ်ဆင့်တက်ပြီး အစိုးရအခွင့်အာဏာတွေတိုးပြီး ခင်ဗျားတို့အကျိုးတွေ ပိုလုပ်ပေးနိုင်မှာပဲ။

ကျုပ်တို့ ပထမဆုံးအလုပ်ကတော့ လက်ငင်းသပိတ်ပြဿနာတွေနဲ့ ပြည်သူ့လွတ်လပ်ရေးပြဿနာတွေကို ဖြေရှင်းဖို့ပဲ။ ဖြေရှင်းလို့ ရမလား၊ မရဘူးလားဆိုတာကို ယခု မပြောလိုသေးဘူး။ ဖြေရှင်းရအောင် ကျုပ်တို့လုပ်မယ်။ လုပ်လို့မရရင် လုပ်လို့မရတဲ့အတိုင်း ကျုပ်တို့စခန်းသွားမှာပဲ။ လုပ်လို့ရရင်လည်း လုပ်ငန်းတစ်ဆင့်တက်ပြီးသွားရုံပဲ ရှိဦးမယ်။ ပြီးတော့ ကျုပ်တို့ဖဆပလက စုပေါင်းတောင်းထားတဲ့ အချက်အလက်တွေရှိတယ်။ အဲဒီအချက်တွေကတော့ အစုံပဲ၊ အလုပ်သမား၊ လယ်သမား၊ ပညာရေး၊ အစားအစာပြဿနာ၊ ငြိမ်ဝပ်ပိပြားရေးအစရှိတဲ့ကိစ္စတွေနဲ့ ဆိုင်တယ်။ အဲဒီကိစ္စတွေနဲ့တစ်ပါတည်း ဘဏ္ဍာရေးအာဏာစုံစုံစေ့စေ့ရဖို့ ကိစ္စလဲပါ လိမ့်မယ်။ သည့်အပြင် တိုင်းပြည်ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းတွေလည်း လုပ်နိုင်သလောက်လုပ်ရမယ်။

စီးပွားရေးစီမံကိန်းတွေကို ပြန်လည်စစ်ဆေးပြီး တိုင်းပြည်အကျိုးနဲ့ ကိုက်နိုင်သမျှ ကိုက်အောင် ဆောင်ရွက်ရလိမ့်မယ်။ ကျုပ်တို့ဝန်ကြီးတွေဘာတွေဖြစ်လို့ ကျုပ်တို့ဘာမှဝမ်းလည်းမသာဘူး။ ခင်ဗျားတို့ရဲ့ အခုချီးကျူးထောမနာ လုပ်တာတွေလည်း မလိုချင်ဘူး။ ပြီးတော့ ထမင်းစားပွဲတွေ၊ ဘာပွဲတွေကိုလည်း မလိုချင်သေးဘူး။ သို့သော် ကျုပ်တို့လူတိုင်းလူတိုင်းဆီက အကူအညီအထောက်အပံ့ အားပေးမှုကိုလိုတယ်။ ဘယ်လိုအကူအညီအထောက်အပံ့လည်း ဆိုရင် ကျုပ်တို့ရာထူးမြဲအောင် ကျုပ်တို့ကောင်းကျိုးချမ်းသာတိုးတက်အောင် အကူအညီအထောက်အပံ့အားပေးမှုမျိုးမဟုတ်ဘူး။ ခင်ဗျားတို့ အလုပ်သမားတွေ၊ လယ်သမားတွေ၊ အစိုးရအမှုထမ်းတွေ၊ ပညာရေးသမားတွေ၊ ကုန်သည်တွေ၊ ပွဲစားတွေ အစရှိတဲ့သူတွေရဲ့ အကျိုးတွေလုပ်ပေးနိုင်ဖို့ အကူအညီအထောက်အပံ့ အားပေးမှုလိုတယ်။ ခင်ဗျားတို့အကျိုးတွေလုပ်ရင်း ကျုပ်တို့အကျိုးရှိတာမျိုးမှပဲ ကျုပ်တို့ကတော့ လိုချင်တယ်။ ကျုပ်တို့ဟာ ဥပဒေအရတော့ ဘာဖြစ်နေနေ ကျုပ်တို့ကိုယ်ကိုယ်ကျုပ်တို့ပြည်သူ့ဝန်ကြီးတွေလို့ ယူဆတယ်။ အဲဒီအတိုင်း လုပ်မှာပဲ။ ပြည်သူတွေဆိုတာ ဗမာပြည်မှာ တိုင်းသူပြည်သားအများနဲ့ အကျိုးတူလုပ်မယ်၊ ကိုင်မယ်၊ နေမယ်၊ ထိုင်မယ်ဆိုတဲ့ တိုင်းရင်းသားတွေ၊ အိန္ဒိယ၊ တရုတ်၊ အင်္ဂလိပ်၊ ကပြားတွေနဲ့ ဥရောပတိုက်သားတွေတောင်ပါတယ်။ ကျုပ်တို့ဆီကိစ္စရှိရင် ကိစ္စရှိသလို တိုင်းကြားအစီရင်ခံတောင်းဆိုနိုင်တယ်။ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်။ ကိုယ်ရေးကိုယ်တာကိစ္စကလေးအတွက် ရာထူးလေးတွေရဖို့ ဟိုဒင်းဒီဒင်းတွေရဖို့ အလျှုခံဖို့ အစရှိတဲ့ ကိစ္စမျိုးအတွက်တော့ မလာကြပါနဲ့။ ဒီလိုလူမျိုးတွေဟာ သဘောကောင်းမှန်းသိတိုင်း အခွင့်အရေးယူနေရင် ကျုပ်တို့လည်း မတတ်နိုင်ဘူး။ ကျုပ်တို့ လခတွေလည်း လျှော့ရလိမ့်မယ်ထင်တယ်။ ပြီးတော့ ဟိုသတင်း၊ ဒီသတင်း မဟုတ်တာတွေကြားလည်း မယုံပါနဲ့။ ကျုပ်တို့ စိတ်မပြောင်းပါဘူး။ အချို့အရင်းရှင်ကြီးတွေက ငွေနှင့်ပေါက်ပြီး ကျုပ်တို့ ဖဆပလကြီးမှုးတဲ့ အစိုးရအဖွဲ့နဲ့ ညီညွတ်ရေးတပ်ဦးကြီးကို ဖျက်ဆီးဖို့ လုပ်နေတယ်။ အားလုံးသတိကြီးကြီး ထားကြဖို့လိုတယ်။

နောက်ဆုံး ကျုပ်အကြောင်းကို ခင်ဗျားတို့ကို နည်းနည်းပြောချင်တယ်။ အခုအခါ ကျုပ်ဟာ(ပဘလစ်မှာ ပေါ်ပြူလာဖြစ်နေတဲ့လူပဲ)။ ဒါပေမယ့် ကျုပ်ဟာဘုရားလည်းမဟုတ်၊ မှော်ဆရာ၊ မျက်လှည့်ဆရာလည်းမဟုတ်၊ လူပဲ။ နတ်လည်းမဟုတ်၊ လူလောက်ပဲအစွမ်းရှိမှာပဲ။ ကျုပ်အသက်ဟာ အင်မတန်ငယ်တယ်။ ကျုပ်အခုထမ်းရတဲ့တာဝန်ဟာလည်း တစ်တိုင်းပြည်လုံးရဲ့တာဝန်ကို ရှေ့ဆုံးက ထမ်းနေရတယ်။ ကျုပ်ကိုယ်ကိုယ် ဒီတိုင်းဝန်တွေထမ်းနိုင်အောင်အရည်အချင်းပြည့်စုံတယ်လို့ မယူဆဘူး။ ပြီးတော့ ကျုပ်စိတ်တိုတတ်တယ်ဆိုတာကိုလည်း လူအများသိကြပါတယ်။ ဒါကျုပ်နဂိုပဲ။ အလုပ်ရှုပ်ပြီး အနှောင့်အယှက်များရင် စိတ်တိုတယ်။ ဒါကို ပြုပြင်နိုင်သမျှ ပြုပြင်ဖို့ ကြိုးစားမယ်။ သို့သော်လည်း ခင်ဗျားတို့လည်းစိတ်ရှည်ရှည်ထားကြပါ။ ကျုပ်လည်းစိတ်ရှည်ရှည်ထားပြီး ယနေ့ပြတဲ့ အင်အားမျိုးထက်ဆတက်ထမ်းပိုး တိုးအောင်လုပ်ပြီး ကျုပ်တို့ကခင်ဗျားတို့အတွက် လုပ်တဲ့နေရာမှာ အားပေးမယ်ဆိုရင် ကျုပ်တို့လိုချင်တဲ့လွတ်လပ်ရေး လူထုကောင်းစားရေးတွေကို ရအောင်ပိုလုပ်နိုင်မယ်။ ပိုအကျိုးရှိမှာပဲ။ ဒါကြောင့် လူထုတွေကို ဆက်တောင့်ထားကြပါအုံးလို့ဆိုတာ ထပ်ပြောခဲ့ချင်တယ်။ ။

## မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် Bangkok International Gift and Bangkok International Houseware သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းမှ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်အေး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မေဝင်းကြူ အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်ဌေးနှင့် အသင်းဝင် ဒေါ်ဥမ္မာကျော်တို့သည် မေ ၁၇ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **(အမျိုးသမီးစွမ်းဆောင်ရှင်အသင်း)**

## ဇီဝိတဒါနငါးလွှတ်ပွဲ သုံးခွမြို့ တကောရေထိန်းတံခါး၌ ကျင်းပ

**သုံးခွ မေ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ၁၃၇၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်(မေ ၁၇ ရက်) နံနက် ၇ နာရီက တကောရေထိန်းတံခါးတွင် ကျင်းပသည်။

ယင်းငါးလွှတ်ပွဲသို့ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးစီးဌာနအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီစော၊ ဒုတိယဦးစီးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သင်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများပါဝင်ကာ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ နှစ်သောင်းကို ကုသိုလ်ယူလွှတ်ပေးခဲ့ကြသည်။ **ကြည်စိုးလွင်(သုံးခွ)**

# သမ္မတ အိုဘားမားနှင့် သမ္မတကတော်တို့က ပရဟိတရန်ပုံငွေလှူဒါန်းမှု ပိုမိုလျော့နည်းသွား

**ဝါရှင်တန် မေ ၁၈**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် သမ္မတကတော် မီရှဲလ်တို့က ပရဟိတအဖွဲ့အစည်းများအား ငွေကြေးလှူဒါန်းမှုသည် ၂၀၁၅ ခုနှစ်တွင် ပိုမိုလျော့နည်းသွားခဲ့ကြောင်း၊ ယင်းမှာ ၎င်းတို့၏ ဝင်ငွေကျဆင်းမှုကြောင့် ဖြစ်ရကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

သမ္မတ အိုဘားမားသည် လွန်ခဲ့သည့်နှစ်က ပရဟိတအဖွဲ့အစည်း ၃၄ ခုသို့ ငွေကြေးလှူဒါန်းခဲ့သည်။ ၂၀၁၄ ခုနှစ်က ပရဟိတအဖွဲ့အစည်း ၃၃ ခုသို့ အမေရိကန်ဒေါ်လာ ၇၀၇၁၂ ဒေါ်လာ လှူဒါန်းခဲ့မှုနှင့် နှိုင်းယှဉ်လျှင် ၉ ဒသမ ၄ ရာခိုင်နှုန်းနီးပါး ပိုမိုလျော့နည်းသွားသည်။


၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် နှစ်နှစ်စလုံးတွင် သမ္မတအိုဘားမားနှင့် သမ္မတကတော်တို့က ပရဟိတအဖွဲ့အစည်းများသို့ ၎င်းတို့၏ရရှိသော ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းအောက် ပမာဏရှိ ငွေကြေးကို လှူဒါန်းခဲ့ကြပြီးဖြစ်သည်။

အမေရိကန်နိုင်ငံသားများသည် ပျမ်းမျှအားဖြင့် ၎င်းတို့ရှိသောဝင်ငွေ၏ ၃ ရာခိုင်နှုန်းခန့်ကို ပရဟိတအဖွဲ့အစည်းများထံသို့ လှူဒါန်းလေ့ရှိကြကြောင်း သတင်းတွင် ဖော်ပြထားသည်။

သမ္မတအိုဘားမားသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃၆၀၆၅ ဒေါ်လာဝင်ငွေရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇၇၃၈၃ ဒေါ်လာ ရှိခဲ့ရာမှ ၈ ဒသမ ၇ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတ၏ စာအုပ်များရောင်းချရမှု နှေးကွေးသွားခြင်းကြောင့် ဝင်ငွေရရှိမှု လျော့နည်းသည့်ဘက်သို့ ဆက်တိုက်ဦးတည်နေကြောင်း အိမ်ဖြူတော် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သမ္မတ အိုဘားမားသည် တစ်နှစ်လစာငွေ ဒေါ်လာ ၄၀၀၀၀၀ ခံစားခွင့်ရှိသည်။ ဇနီးမောင်နှံနှစ်ဦး၏ အခြားဝင်ငွေမှာ အဓိကအားဖြင့် စာအုပ်ရောင်းချရမှုမှဖြစ်သည်။

**ရိုက်တာ။**


ကွန်မြူနစ်ပါတီညီလာခံတွင် ကျူးဘားသမ္မတ ရာအူးလ်ကက်စထရို မိန့်ခွန်းပြောကြားစဉ်။

# ကျူးဘား ကွန်မြူနစ်ပါတီညီလာခံ ငါးနှစ်အတွင်း ပထမအကြိမ် ကျင်းပ

**ဟာဗားနား မေ ၁၈**

ကျူးဘားကွန်မြူနစ်ပါတီသည် ငါးနှစ်အတွင်း ပထမဆုံးသော ပါတီညီလာခံကို ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကျူးဘားသမ္မတ ရာအူးလ် ကက်စထရိုနှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်နိုင်ခဲ့ကြပြီးနောက် ပထမဆုံးအကြိမ် ကျင်းပသော ပါတီညီလာခံဟုလည်း ခေါ်နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ကျူးဘားကွန်မြူနစ်ပါတီ ညီလာခံ၏ ဆွေးနွေးရေး အစီအစဉ်နှင့်ပတ်သက်၍ မသိရှိရပေ။ ကျူးဘားနိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်သင့်ကြောင်း၊ ကမ္ဘာ့စီးပွားရေး အပြောင်းအလဲများနှင့် ချိန်ညှိကာ စီးပွားရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို အရှိန်အဟုန်မြှင့်တင်၍ အကောင်အထည်ဖော်စေလိုကြောင်း ပါတီဝင်များက ပြောကြားကြသည်။

ကျူးဘားနိုင်ငံသည် လွန်ခဲ့သည့် ငါးနှစ်တာကာလပတ်လုံး ဘဏ္ဍာရေးဆိုင်ရာ ယုံကြည်စိတ်ချရမှု မြင့်မားတိုးတက်လာခဲ့ကြောင်း၊ ကုန်သွယ်ရေးပိုငွေပြခဲ့ပြီး ကြွေးမြီဟောင်း ဒေါ်လာ ၅၀ ဘီလီယံ ပြန်လည်ရှင်းလင်းနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမေရိကန်၏ စီးပွားရေးပိတ်ပင်မှုများရှိခဲ့သည့်ကြားမှ စီးပွားရေးတိုးတက်စေရန် ကြိုးပမ်းနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ရာဖေးလ်ဂျက်တိုက်လေယာဉ်များ ရောင်းချရေး ဆွေးနွေးမှုများ ပြီးဆုံးလုဟု အိန္ဒိယပြော

**နယူးဒေလီ မေ ၁၈**

ပြင်သစ်နိုင်ငံလုပ် ရာဖေးလ်ဂျက်တိုက်လေယာဉ် ၃၆ စင်း ရောင်းချရေးကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် ဆွေးနွေးမှုများမှာ ပြီးဆုံးလုပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရာဖေးလ် တိုက်လေယာဉ်များ အရောင်းအဝယ်ပြုလုပ်မည့် သဘောတူညီချက်နှင့်ပတ်သက်၍ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်း၏ ဇန်နဝါရီလ အိန္ဒိယခရီးစဉ်အတွင်း အတည်ပြုနိုင်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ဈေးနှုန်းသတ်မှတ်ရေးနှင့်ပတ်သက်၍ နှစ်ဖက် အကြိတ်အနယ်ဆွေးနွေးခဲ့ကြရသဖြင့် အပြီးသတ်သဘောတူညီချက်ပေါ်ထွက်ရန်နှောင့်နှေးကြန့်ကြာခဲ့သည်။ သမ္မတဟော်လန်းသည် အိန္ဒိယနိုင်ငံ၏ သမ္မတနိုင်ငံထူထောင်သည့်နေ့ အထိမ်းအမှတ် အခမ်းအနားတက်ရောက်ရန် နယူးဒေလီသို့ ဇန်နဝါရီလတွင် ရောက်ရှိခဲ့သည်။

ဂျက်တိုက်လေယာဉ်များအတွက် နှစ်ဖက် သဘောတူညီမှုရရှိသော ဈေးနှုန်းမှာ ရူပီး ၆၀၀ ဘီလီယံ (ဒေါ်လာ ၉ ဘီလီယံ) ဖြစ်ကြောင်း အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**



# ကိုဟီးနောစိန်ပွင့်ကို ဗြိတိသျှတို့ထံ လက်ဆောင်အဖြစ်ပေးခဲ့ခြင်းဟု အိန္ဒိယအစိုးရဆို

**နယူးဒေလီ မေ ၁၈**

ကိုဟီးနောစိန်ပွင့်ကြီးကို ဗြိတိသျှတို့က ခိုးယူခဲ့ခြင်းမဟုတ်ဘဲ ၎င်းတို့ထံလက်ဆောင်အဖြစ်သာပေးခဲ့ခြင်း ဖြစ်ကြောင်း အိန္ဒိယအစိုးရက နိုင်ငံတော်တရားရုံးချုပ်သို့ ပြောကြားလိုက်ပြီး စိန်ပွင့်ကြီး၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်သော ထင်မြင်ယူဆချက်အားလုံးကို ပိတ်ပင်လိုက်သည်။

ကိုဟီးနောစိန်ပွင့်ကြီးကို မဟာရာဂျာ ရန်ဂျစ်ဆင်းက အရှေ့အိန္ဒိယကုမ္ပဏီသို့ လက်ဆောင်အဖြစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း နိုင်ငံတော်တရားရုံးချုပ်သို့ ဗဟိုအစိုးရက တုံ့ပြန်ပြောကြားသည်။ အများပြည်သူအကျိုးစီးပွားအတွက်တရားစွဲဆိုခြင်း (PIL) အရ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးနှင့်တရားမျှတရေးတပ်ဦးက ကိုဟီးနောစိန်ပွင့်ကြီး ပြန်လည်ရရှိရေးအတွက် ဗြိတိသျှမဟာမင်းကြီးထံမှ လမ်းညွှန်မှုများရယူခဲ့သည့်အပြင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနအား အဆိုပါကိစ္စနှင့်ပတ်သက်၍ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့ကြောင်းသိရသည်။ ၁၃ ရာစုက အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဂွန်တာခရိုင်အနီး၌တွေ့ရှိခဲ့သော ကိုဟီးနောစိန်ပွင့်ကြီးမှာ ကြီးမား၍ အရောင်မဲ့သောစိန်တစ်ပွင့်ဖြစ်သည်။

ကိုဟီးနောစိန်ပွင့်မှာ မသွေးရသေးမီက အလေးချိန် ၇၉၃ ကာရက်ရှိပြီး ကာကာတီယာမင်းဆက်က ပထမဆုံး ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ၁၈၄၉ ခုနှစ်တွင် ဗြိတိသျှတို့က ပန်ဂျပ်ပြည်နယ်ကိုသိမ်းပိုက်ပြီးနောက် ဝိတိုရိယဘုရင်မကြီး၏လက်ဝယ်မရောက်ရှိမီ အဆိုပါစိန်ပွင့်ကြီးမှာ နှစ်ရာပေါင်းအနည်းငယ်အတွင်း တောင်အာရှဒေသရှိ ရန်ဘက်ဂိုဏ်းခွဲအသီးသီးကြား အကြိမ်ပေါင်းများစွာ လက်ပြောင်းရောက်ရှိခဲ့ရသည်။ ကိုဟီးနောစိန်ပွင့်ကြီးကို လက်ရှိအချိန်တွင် အဲလိဇဘတ်ဘုရင်မကြီး၏ သရဖူတွင် ဆင်မြန်းထားပြီး နှစ်စဉ် လန်ဒန်မျှော်စင်သို့ သန်းချီသော ဧည့်သည်များ လာရောက်ကြည့်ရှုကြသည်။ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့က ကိုဟီးနော စိန်ပွင့်ပိုင်ဆိုင်ခွင့်ရရှိရေး တောင်းဆိုရန်ကြိုးပမ်းခဲ့ကြပြီး မကြာသေးသောဆယ်စုနှစ်များအတွင်း အမြင်အမျိုးမျိုးဖြင့် အဆိုပါစိန်ပွင့်ပြန်လည်ရရှိရေး တောင်းဆိုခဲ့ကြသည်။

**ဆင်ဟွာ။**






# ချာလီချက်ပလင်ပြတိုက် ဆွစ်ဇာလန်တွင် ဖွင့်လှစ်

**ဗူးရစ် မေ ၁၈**

ဂန္ထဝင်ဟာသရုပ်ဆောင်အကျော်အမော် ချာလီချက်ပလင်ကို ရည်စူး၍ ပြတိုက်တစ်ခုကို ဆွစ်ဇာလန်နိုင်ငံရှိ ကျေးရွာတစ်ရွာတွင် ပရိသတ်ထောင်ပေါင်းများစွာနှင့် အတူဖွင့်လှစ်ခဲ့သည်။

ချက်ပလင်ကမ္ဘာဟု အမည်ရှိသည့် ချာလီချက်ပလင်ပြတိုက်ကို ၎င်းကွယ်လွန်ပြီး နှစ်ပေါင်း ၄၀ ခန့်အကြာတွင် ဆွစ်ကျေးရွာတစ်ရွာဖြစ်သည့် ကော်ဆီရာဆာ ဗာဘီရွာတွင် မေ ၁၇ ရက်က အများပြည်သူအတွက် ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါပြတိုက်သည် ချာလီချက်ပလင်၏ဘဝနှင့် စွမ်းဆောင်အောင်မြင်မှုများအတွက် ဂုဏ်ပြုတည်ဆောက်ခြင်းဖြစ်သည်။ ယင်းပြတိုက်တွင် ပြပွဲခန်းမအသစ်တစ်ခု တည်ဆောက်ခဲ့သကဲ့သို့ ချက်ပလင်မကွယ်လွန်မီ နောက်ဆုံး ၂၅ နှစ် နေထိုင်သွားသည့် အိမ်ကြီးကိုလည်း ပြုပြင်မွမ်းမံခဲ့သည်။

ခရီးသွားဧည့်သည်များအနေဖြင့် အဆိုပါ အိမ်ကြီး၏ ဧည့်ခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုနိုင်သကဲ့သို့ ချက်ပလင်၏ ဘဝနေထိုင်မှုကိုလည်း လေ့လာနိုင်သည်။ ပြပွဲခန်းမထဲတွင် ရုပ်ရှင်စတူဒီယိုပုံစံငယ်တစ်ခုနှင့် ရှေးခေတ်ဝတ်စုံများ ခင်းကျင်းပြသထားသည်။

ချက်ပလင်သည် ၎င်း၏ အနုပညာအလုပ်ကို စူးစိုက်နစ်မြှုပ်လုပ်ဆောင်တတ်သည်ကို လေ့လာသိရှိရပြီးနောက် ကျွန်တော်နှင့်ကျွန်တော့်သားသည် ချက်ပလင်၏ ပရိသတ်များ ဖြစ်လာခဲ့သည်ဟု ပြပွဲသို့ လာရောက်လေ့လာသူတစ်ဦးက ပြောကြားသည်။ ဂျပန်နိုင်ငံမှ ချက်ပလင်အသင်းဒါရိုက်တာ ဟီရိုယူကီ အိုနိုက ချက်ပလင်ပြတိုက်သည် ချက်ပလင်၏ပုဂ္ဂလိကဘဝနှင့် သူ၏အနုပညာမြောက်စွမ်းဆောင်မှုများကို အထင်ကြီးလေးစားလာစေရန် အထောက်အကူပေးနိုင်မည်ဟု ဆိုသည်။

ပြတိုက်ဖွင့်လှစ်သည့် ပထမဆုံးနေ့တွင် လူ ၂၀၀၀ ခန့် လာရောက်လေ့လာခဲ့သည်ဟု ပြတိုက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တစ်နှစ်လျှင် ခရီးသွားဧည့်သည် ၃၀၀၀၀၀ ခန့် လာရောက်လေ့လာမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ။**

## ◆ ပြည်သူ့မှ

နေထိုင်အသုံးပြုသူတွေတိုးပွားပြီး ကိုယ့်ပတ်ဝန်းကျင် ပြောင်းလဲပျက်စီးသွားမှာကို မဖြစ်စေချင်ကြပါ။ သူများအိမ် ကျောဘက်မျက်နှာစာ ပြုထားတဲ့ မြေကွက်ပိုင်ရှင်များကလည်း မိမိတို့ မျက်နှာစာမှာ အပင်နဲ့တောင်ကွယ်လို့ မရတော့တဲ့ အထပ်မြင့်တွေကို မလိုလားကြပါ။ ဒီနှစ်ပိုင်းအတွင်း ဆောက်လုပ်ရေးတွေကလည်း များပြားလာကြတော့ အေးအေးချမ်းချမ်း နေထိုင်လိုသူတွေ အထပ်မြင့်အဆောက်အအုံများရဲ့ အကျိုးဆက်ကို နားလည်သူများက ကိုယ့်အိမ်ဘေး ဘယ်တော့များ အထပ်မြင့်လာဆောက်မလဲဆိုပြီး သောကဝေကြပါတယ်။

အထပ်မြင့်ဆောက်လုပ်သူ စီးပွားရေးလုပ်ငန်း လုပ်သူများအနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့နေရာ၊ နေရာကောင်းတဲ့ နေရာတွေမှာ ဆောက်လုပ်မှသာ အကျိုးအမြတ်ကောင်းမှာဖြစ်ပါတယ်။ မြေဈေးကြီးတဲ့ အခြေအနေမှာ မြေကွက်အရောင်းအဝယ်ထက် အခန်းများများနဲ့ ကျယ်ကျယ်ဆောက်လုပ်နိုင်ရင် ငွေနိုင်သူဝယ်လက်များတဲ့အတွက် အကျိုးအမြတ်ပိုရလို့ စီးပွားရေးလုပ်သူများက မြေကျန်နည်းနည်းနဲ့ အထပ်မြင့်မြင့် ဆောက်လုပ်လိုကြပါတယ်။ တချို့ကလည်း ကိုယ့်ဝင်း၊ ကိုယ့်ခြံထဲ ဆောက်တာမနာလိုလို့ ကန့်ကွက်တာ၊ မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ခွင့်ပြုချက်နဲ့ဆောက်တာ စသဖြင့် ပြောဆိုကြပါတယ်။ ကန့်ကွက်သူရှိလို့ ဆောက်လုပ်ခွင့်ရပ်ဆိုင်းခံရတဲ့အခါမှာ လုပ်ငန်းရှင်များလည်း စိတ်မရွှင်လန်းနိုင်ကြပါ။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဦး နှစ်ဖက် စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်။ တစ်ချိန်က အရှေ့တောင်အာရှမှာ စံယူစရာမြို့အဖြစ် ဂုဏ်ယူဖွယ်သတ်မှတ်ခံခဲ့ရတဲ့ ရန်ကုန်မြို့မှ ဒီလိုအကျိုးဆက်တွေ ဖြစ်ရတာဘာအကြောင်းတွေကြောင့်ပါလဲ။

အဓိကအကြောင်းအရင်းကတော့ ရန်ကုန်မြို့ရဲ့ မြို့ပြဆောင်တာများကို လူနေမှုစနစ်များ ပြောင်းလဲမှုနဲ့အညီ လမ်းညွှန်ထိန်းသိမ်းမှု (Urban Planning Control) မပြုဘဲ နှစ်ပေါင်းများစွာ မျက်ကွယ်ပြုခဲ့လို့ ဖြစ်ပါတယ်။ မြို့ပြဆောင်တာများကို ဟန်ချက်ညီညီ လမ်းညွှန်ထိန်းသိမ်းနိုင်ပြီး စနစ်တကျဖွံ့ဖြိုးမှသာ နေချင်စဖွယ် မြို့ပြကို ဖန်တီးနိုင်ပြီး မြို့နေလူထု စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

နေချင်ဖွယ်ကောင်းသော မြို့ပြများမှာ မြို့မြေအသုံးချခြင်း၊ မြို့ပြဖွံ့ဖြိုးရေး အဆောက်အအုံတည်ဆောက်ခြင်းဆိုင်ရာ ဇုန်များကို ခွဲခြားသတ်မှတ်ထားပြီး ဇုန်အလိုက် စည်းမျဉ်းများ သတ်မှတ်လေ့ရှိပါတယ်။ ဥပမာ- အထပ်နိမ့် လူနေဇုန်၊ အလယ်အလတ် သိပ်သည်းမှု လူနေဇုန်၊ အထပ်မြင့်လူနေဇုန်၊ အသုံးပြုမှုမျိုးစုံ ရောနှောပါဝင်သော ဇုန်၊ စီးပွားရေးဇုန်၊ စက်မှုဇုန်၊ စိမ်းလန်းမြေနှင့် ရေပြင်များဇုန်၊ မြို့ပြအမွေအနှစ်ထိန်းသိမ်းမှုဇုန် အစရှိသဖြင့် သတ်မှတ်ကာ ဇုန်အလိုက် အဆောက်အအုံ အသုံးပြုပုံ ဆောင်လုပ်ခွင့်ပြုသော အမြင့်၊ ဆောက်လုပ်ခွင့်ပြုသော ဧရိယာ၊ ဘေးမြေကျန်သတ်မှတ်ချက်များကို ထားရှိပါတယ်။ မီးအန္တရာယ်ကြီးသော စက်မှုလုပ်ငန်းများ၊ ပစ္စည်းသိုလှောင်ရုံများကို လူနေဇုန်အတွင်း ထားရှိခြင်း မပြုဘဲ သီးသန့်ထားရှိစေသဖြင့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပြီးဖြစ်စေပါတယ်။

ထိုသို့ဆောင်ရွက်မှသာ သာယာသော ပတ်ဝန်းကျင်၊ မြို့နေလူထု၏ ယဉ်ကျေးမှု၊ သမိုင်းနှင့် မြို့ပြအမွေအနှစ်များ၊ ထူးခြားသော မြို့ပြသွင်ပြင်လက္ခဏာများကို ထိန်းသိမ်းနိုင်မှာဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကို ကာကွယ်သော၊ လူနေမှုအဆင့်အတန်းမြင့်မားသော မြို့တစ်မြို့အဖြစ် မြို့ပြဆောင်တာများကို ဟန်ချက်ညီညီ လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီလိုခွဲခြားသတ်မှတ်ထားရှိတဲ့အတွက် မြို့နေလူထုမှာလည်း ကိုယ့်စိတ်တိုင်းကျ ရွေးချယ်ခွင့်ရရှိကြပါတယ်။ အထပ်နိမ့်လူနေဇုန်မှာ နေထိုင်တဲ့သူများအဖို့ ကိုယ့်အိမ်ဘေးမှာ နဂိုမူလတစ်လမ်းလုံး အိမ်ထောင်စုဦးရေနဲ့ ညီမျှလောက်တဲ့ ပိုတဲ့အိမ်ထောင်စုဦးရေရှိသော အထပ်မြင့်တိုက်ခန်းများ လာဆောက်မှာကို စိတ်ပူစရာ မလိုတော့ပါ။ ဈေးဆိုင်ဖွင့်ချင်သူ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့်လည်း ဇုန်အလိုက် စည်းမျဉ်းများကို လိုက်နာပါက ပတ်ဝန်းကျင်၏ ကန့်ကွက်မှု၊ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခံနိုင်ရမှုများကို စိုးရိမ်စရာ မလိုတော့ပါ။

ရန်ကုန်မြို့ရဲ့ မြို့ပြဆောင်တာများ လမ်းညွှန်ထိန်းသိမ်းခြင်း (Urban Planning Control) ကို နှစ်ပေါင်းများစွာ မျက်ကွယ်ပြုခဲ့သော ရလဒ်မှာ ဤမျှပင်မကသေးပါချေ။ ယနေ့ အဆောက်အအုံများ ဆောက်လုပ်ခွင့်အတွက် စိစစ်လျက်ရှိသော လက်ရှိနည်းဥပဒေများမှာ မြို့ပြ၏ပြောင်းလဲမှုနှင့်အညီ လမ်းညွှန်ထိန်းသိမ်းခြင်း၊ ပြုပြင်ထားခြင်း မရှိသဖြင့် လူနေမှုအဆင့်နိမ့်သော အန္တရာယ်ရှိသော၊ မြို့ပြဝန်းကျင်ဖြစ်တည်ရေးသို့ အားပေးဦးတည်နေသည်ကိုလည်း လေ့လာတွေ့ရှိပါသည်။

# ဝေရောစန ကျောက်စိမ်းစေတီ၌ မြန်မာနှစ်ဆန်း(၁)ရက်နှင့် (၂)ရက်တို့တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့်စည်ကား

**နေပြည်တော် ဧပြီ ၁၈**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက် အခါသမယနှင့် နှစ်ဆန်း (၂) ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဝေရောစန ကျောက်စိမ်းစေတီတော်ကြီး၌ ဘုရားဖူး ကုသိုလ်ကောင်းမှု ပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မြန်မာနှစ်ဆန်း (၁)ရက် အရုဏ်တက်ချိန်မှ စ၍ ဝေရောစန ကျောက်စိမ်းစေတီရှိ ရုပ်ပွားတော်များအား ဆွမ်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ မြန်မာနှစ်ဆန်း (၂)ရက်နေ့တွင်လည်း ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြစ်သည်နှင့်အညီ ကုသိုလ်ကောင်းမှုပြုသူ၊ ဘုရားဖူးများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

**(သန်းဦး၊ လေးမျက်နှာ)**



## အယ်ဒီတာထံပေးစာ

သို့
အယ်ဒီတာ
ကြေးမုံသတင်းစာ။

# မုံရွာကြက်မွေးမြူရေးဇုန်တွင် တွေ့သည့် H9N2 သည် H5N1 လို အပြင်းစား ရောဂါပိုး မဟုတ်ပါ

ဧပြီ ၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ တွင် မုံရွာကြက်မွေးမြူရေးဇုန်တွင် H9N2 ရောဂါပိုးသစ်တွေ့ ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည့် သတင်းတွင် အများပြည်သူအတွက် နားလည်မှုလွဲမှားပြီး မလိုလားအပ်သည့် ထိတ်လန့်မှုနှင့် အဟန့်အတားများ ဖြစ်စေနိုင်သည့် ဖော်ပြထားချက်တချို့ကို ပြင်ဆင်ပေးနိုင်ရန်အတွက် ဤစာကိုရေးသားခြင်း ဖြစ်ပါသည်။

သတင်းတွင် " - - ဧပြီ ၁၂ ရက်က စစ်ဆေးတွေ့ရှိမှုသည် ပြီးခဲ့သည့်နှစ်က ဖြစ်သည့် H5N1 မဟုတ်ဘဲ အဆင့်မြင့်ပြီး အန္တရာယ်ပိုများသည့် H9N2 ရောဂါပိုးသစ်ဖြစ်ကာ အဆိုပါရောဂါသည် ကမ္ဘာတွင် ဟောင်ကောင်၌ ခဏသာဖြစ်ခဲ့ပြီးပြန်ပျောက်သွားကာ ယခု မုံရွာကြက်ဇုန်မှတွေ့ရှိခြင်းသည် ပထမဆုံး စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။" ဟု ဖော်ပြထားပါသည်။

H5N1 ကြက်ငှက်တုပ်ကွေးပိုးကို အပြင်းစား ကြက်ငှက်တုပ်ကွေးပိုး Highly pathogenic avian influenza (HPAI) ဟု သတ်မှတ်ပါသည်။ H5N1 သည် လူကိုကူးစက်နိုင်သည့် ရောဂါဖြစ်ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၈၀၀ ကူးစက်ခဲ့ပြီး ၄၄၉ ဦး သေဆုံးခဲ့ရသည့်အတွက် ကြက်များ ရောဂါဖြစ်ပွားပါက အတူနေကြက်များကို သုတ်သင်ရှင်းလင်းကြခြင်းဖြစ်ပါသည်။ ရောဂါဖြစ်ပွားချိန်တွင် ကြက်ဥ၊ ကြက်သား စားသုံးရန်ပင် ပြည်သူအများ ထိတ်လန့်ကြသည့် ရောဂါဖြစ်ပါသည်။

ယခု မုံရွာကြက်မွေးမြူရေးဇုန်တွင် တွေ့ရသည့် H9N2 သည် သတင်းစာတွင် ဖော်ပြထားသကဲ့သို့ "အဆင့်မြင့်ပြီး အန္တရာယ်ပိုများသည့် ရောဂါပိုး" အမျိုးအစား မဟုတ်ပါ။ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ် (OIE) နှင့် နိုင်ငံတကာပညာရှင်များက အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများမှာ တွေ့ရှိရသည့် H9N2 အားလုံးကို အပျော့စား ကြက်ငှက်တုပ်ကွေးပိုး Low pathogenic avian influenza (LPAI) ဟု သတ်မှတ်ပါသည်။

ဤပိုးအမျိုးအစားများကို ကြက်မွေးမြူရေးလုပ်ကိုင်သည့် နေရာဒေသများတွင် တွေ့ရှိနိုင်ပြီး ကြက်များကို အပျော့စားရောဂါ သို့မဟုတ် ရောဂါပိုးဝင်ရောက်သွားသည်ကိုပင် မသိနိုင်အောင် သိမ်မွေ့သည့် အဆင့်ကိုသာ ဖြစ်စေနိုင်သည့် ပိုးမျိုးဟု သတ်မှတ်ထားကြပါသည်။ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် ဖျားနာသည့် ကလေးငယ် အချို့ထံမှ H9N2 တွေ့ရှိမှု ရှိခဲ့ဖူးသော်လည်း ခဏတာဖျားပြီး အလိုအလျောက် သက်သာပျောက်ကင်းသွားကြသည့်အတွက် ပြင်းထန်သည့်ရောဂါကို ဖြစ်စေနိုင်သည့် အစွမ်းမရှိပါ။ နိုင်ငံများစွာရှိ ကြက်ခြံများတွင် H9N2 ကြောင့် ရောဂါဖြစ်ပွားမှု ကြိမ်ဖန်များစွာ ကြုံခဲ့ရသော်လည်း ကြက်ခြံများတွင် လုပ်ကိုင်နေသူ တစ်ဦးတစ်ယောက်မျှ ရောဂါကူးစက်ပြီး ဖျားနာကြသည့် ဖြစ်ရပ်တစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ဖူးပါ။

ထို့ကြောင့် ဤသတင်းဖော်ပြချက်ကြောင့် အများပြည်သူအနေနှင့် H5 မှ H9 ထိ ရောဂါဖြစ်စေနိုင်စွမ်းအား အဆင့်တိုးမြင့်သည့် ရောဂါပိုးသစ်တွေ့ရှိလာသည်ဟူ၍ ထင်မှတ်ပြီး ထိတ်လန့်မှုမဖြစ်ကြစေရေးအတွက် ပြင်ဆင်ဖော်ပြပေးရန် လိုအပ်မည်ဟု ထင်မြင်ပါသည်။

ထို့အပြင် H9N2 သည် ဟောင်ကောင်တွင် ခဏသာဖြစ်ခဲ့ပြီး ပြန်ပျောက်သွားကာ ယခု မုံရွာကြက်ဇုန်မှ ပထမဆုံးတွေ့ရှိသည့် ပိုးလည်းမဟုတ်ပါ။ H9N2 သည် ရှေးယခင် နှစ်ပေါင်းများစွာကပင် ကိုးရီးယားမှ အီရန်အထိ အာရှတိုက်တောင်ခြမ်းတစ်ခုလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရသည့် ပိုးအမျိုးအစားသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ကြက်ခြံများကို ဝင်ရောက်စစ်ဆေးကြည့်ပါက ခြံများစွာတွင် H9N2 ရောဂါအနည်းနှင့် အများရှိနေကြောင်း တွေ့ရမည် ဖြစ်ပါသည်။

H9N2 ကြောင့် ကြက်သေဆုံးမှု ကြုံနေရသည့် ကိုးရီးယား၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန် စသည့်နိုင်ငံများတွင် H9N2 ရောဂါကို H9N2 ကာကွယ်ဆေးကြိုတင်ထိုးနှံပေးပြီး ကာကွယ်ထိန်းချုပ်မှု ပြုနေကြပါသည်။ H9N2 ကြောင့် ကလေးငယ်အချို့ ဖျားနာခဲ့သည့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်အပါအဝင် H9N2 ရောဂါဖြစ်ပွားသည့်မည်သည့်နိုင်ငံမျှ H9N2 ရောဂါတွေ့ရှိသည့်ခြံရှိ ကြက်များကို သုတ်သင်ရှင်းလင်းကြောင်း မသိရှိရပါ။

မုံရွာကြက်မွေးမြူရေးဇုန်တွင် H9N2 တွေ့ရသည့် ခြံများမှကြက်များကို သတ်ဖြတ်ရှင်းလင်းမှုသည် ပြန်လည်ဆန်းစစ်ဆုံးဖြတ်သင့်သည့် ကိစ္စဖြစ်ပါသည်။ ပူပြင်းသည့် ယခုအချိန်တွင် ရောဂါအမျိုးမျိုးကြောင့် ကြက်သေဆုံးမှုဖြစ်နိုင်ပါသည်။ သို့ဖြစ်ပါလျက် ယခင်တစ်ချိန်က H9N2 ဝင်ရောက်ခဲ့၍ ဖြစ်ပေါ်ထားသည့် antibody ကို သွေးတွင်တွေ့ရသည် ဆိုသည့်အချက်ကြောင့် ကြက်ကောင်ရေ အမြောက်အမြားကို သတ်ဖြတ်ခြင်းမပြုသင့်ပါ။ ပိုင်ရှင်များကိုလည်း နစ်နာဆုံးရှုံးမှု မဖြစ်စေသင့်ပါ။

ထို့ကြောင့် မုံရွာကြက်မွေးမြူရေးဇုန်တွင် တွေ့ရသည့် H9N2 နှင့်ပတ်သက်သည့် အချက်အလက်အမှန်ကို သိရှိနိုင်ကြစေရန်၊ မွေးမြူသူ ပြည်သူအများ နစ်နာမှုမရှိစေရေး ပြန်လည်သုံးသပ်နိုင်ကြစေရန် အယ်ဒီတာထံမှတစ်ဆင့် ရေးသားဖော်ပြအပ်ပါသည်။

**မွေးကုသုတေသီတစ်ဦး**

# မန္တလေးတက္ကသိုလ်ကို ပစ်မထားကြပါနှင့်

ခူးငှက်

တကယ်တော့ မန္တလေးတက္ကသိုလ်ဟာ မြန်မာလူမျိုးများရဲ့ ဝံသာနုစိတ်နဲ့ ဇာတိမာန်သက်သက်ကတစ်ဆင့် အမြော်အမြင်ကြီးစွာ ပေါ်ပေါက်ခဲ့ရတဲ့ မြန်မာတွေ မျိုးစေ့ချ၊ ပျိုးထောင်၊ ပေါင်းသင်၊ ရှင်သန်၊ ကြီးထွား၊ ပွင့်လန်းခဲ့တဲ့ မြန်မာအမျိုးသားတက္ကသိုလ်ကြီး ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရရဲ့ တက္ကသိုလ်အက်ဥပဒေကို မကျေနပ်လို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေ စတင်ခဲ့တဲ့ သပိတ်တိုက်ပွဲရဲ့ အသီးအပွင့်လည်းဖြစ်ပါတယ်။ ဒီအသီးအပွင့်ကြောင့် ၁၉၂၅ ခုနှစ်မှာ မန္တလေးမြို့မိမြို့ဖများ အားထုတ်မှုနဲ့ မန္တလေးဥပစာကောလိပ် ဖွင့်လှစ်ခွင့်ရခဲ့တယ်။

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်လာခဲ့ပြီးနောက် အမျိုးသားကျောင်း၊ အမျိုးသားကောလိပ်နဲ့ အမျိုးသားပညာရေး တောင်းဆိုမှုတွေနဲ့အတူ အထက်ဗမာပြည် မန္တလေးမြို့မှာလည်း ဥပစာကောလိပ်တစ်ခုဖွင့်လှစ်ပေးဖို့ မန္တလေးမှာရှိကြတဲ့ ဗဟိုစည်ဦးဘဦး၊ ကျောက်စာဝန်တော်စိန်ခိုနှင့် ရသေ့ကြီးဦးခန္တီတို့ ဦးဆောင်ပြီး မန္တလေးမြို့လူထုက တောင်းဆိုကြပါတယ်။ အကယ်၍ အင်္ဂလိပ်အစိုးရက မလိုက်လျောရင် မန္တလေးမြို့လူထုအနေနဲ့ ကိုယ့်အလှူငွေနဲ့ကိုယ်၊ ကိုယ့်မြို့မှာ ကိုယ့်ကောလိပ် ကိုယ်ကိုယ်တိုင် ဖွင့်ကြမယ်လို့တင်ပြလာကြတယ်။ နိုင်ငံရေးမျက်နှာစာမှာလည်း ဂျီစီဘီအေ ဦးချစ်လှိုင်က ဦးဆောင်ပြီး တောင်းဆိုကြတယ်။ တစ်ဆက်တည်း ဝံသာနုခေါင်းဆောင် ဦးဘဘေက ဥပဒေပြုကောင်စီမှာ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ဖို့ ဥပဒေအကြမ်းတင်ခဲ့တယ်။ ပထမအဆင့်အနေနဲ့ ၁၉၂၄ ခုနှစ် ဧပြီလမှာ အစိုးရက ဥပဒေကို ပြင်ဆင်ဖို့ အတည်ပြုပေးခဲ့ရတယ်။ ဒ့ါအပြင် ၁၉၂၄ ခုနှစ် ပြင်ဆင်ချက် ဥပဒေအရ အထက်ဗမာပြည်မှာ ဥပစာကောလိပ်ကို စတင်ဖွင့်လှစ်ဖို့ ကော်မတီဖွဲ့စည်းနိုင်ခဲ့တယ်။ ဒါကြောင့် အထက်ဗမာပြည်အတွက် ဥပစာကောလိပ်ကို မန္တလေးမြို့တောင်ပြင် ဗောဓိကုန်းရပ်ကွက်မှာရှိတဲ့ သိပ္ပံကျောင်းဝင်းထဲက တစ်ထပ်အုတ်တိုက်နီကလေးမှာ ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

အခုမန္တလေးတက္ကသိုလ်ဝင်းထဲ အဝင်မုခ်ဦး အကျော်လမ်းအရှေ့ဘက်က အုတ်တိုက်နီလေးပါ။ တက္ကသိုလ်သက်တမ်းတစ်လျှောက်လုံး အင်ဂျင်နီယာရုံးအဖြစ် ဖွင့်လှစ်ခဲ့တဲ့နေရာလေးပါပဲ။ အခုလက်ရှိမြင်နေရတဲ့ မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံကြီးကတော့ ၁၉၂၁ ခုနှစ်မှာ အုတ်မြစ်ချပြီး ၁၉၂၄ ခုနှစ်မှာ စိုက်ပျိုးရေး သိပ္ပံရုံးအဖြစ် ဖွင့်လှစ်ခဲ့တာပါ။

မန္တလေးဥပစာကောလိပ် စပြီးဖွင့်လှစ်တော့ ကောလိပ်အုပ်ချုပ်ရေးအဖွဲ့မှာ ကပ္ပတိန်ကျော်ညွန့်က သဘာပတိအဖြစ်ဆောင်ရွက်တယ်။ မစ္စတာ ထင်ဝီ (M.A)က ကျောင်းအုပ်ကြီးနဲ့ အင်္ဂလိပ်ဘာသာကထိက၊ ဦးဖိုးသာ (M.Sc)က ရူပဗေဒနဲ့ ဓာတုဗေဒကထိက၊ ဦးလှပေါ်ဦး (M.A) က သင်္ချာကထိက၊ ဦးဘကျား(B.A) က ပါဠိမြန်မာစာ၊ မစ္စတာအက်စ်ဒါမိုဒါရမ်က သိပ္ပံပညာနည်းပြတို့ ဖြစ်ကြတယ်။ မန္တလေးဥပစာကောလိပ် စဖွင့်တော့ ကျောင်းသူနှစ်ယောက်အပါအဝင် ကျောင်းသား ၃၁ ယောက်ရှိတယ်။ ဖွင့်လို့တစ်နှစ်အကြာ ၁၉၂၆ ခုနှစ် ဩဂုတ်လရောက်တော့ ဥပဒေပြုကောင်စီမှာ ရွှေတောင်ကြားပါတီက မန္တလေးဥပစာကောလိပ်က ကျောင်းသားနည်းလို့ ပိတ်ပါဆိုပြီး အဆိုတင်တယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။ မန္တလေးဥပစာ ပိတ်ပင်ရေးအစီအစဉ်ကတော့ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲအနေနဲ့ နောက်မဆုတ်ဘူး။ ၁၉၃၀ ပြည့်နှစ်ရောက်တော့ မန္တလေးဥပစာကောလိပ်ပိတ်ရေး အစီအစဉ်နဲ့ ပတ်သက်ပြီး မန္တလေးမြို့ မြို့မိမြို့ဖတွေကလည်း ကန့်ကွက်ကြတယ်။ အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာလည်း ကျောင်းသားတွေက ရဟန်းပျိုသမဂ္ဂ၊ ဈေးချိုတော်၊ မန္တလေးမြို့ခံတွေနဲ့အတူ ကန့်ကွက်သပိတ်မှောက်ကြတယ်။ ဒါကြောင့် မန္တလေးဥပစာကောလိပ် ပိတ်ရေးကိစ္စဟာ အောင်မြင်မသွားခဲ့ပါဘူး။ အင်္ဂလိပ်အစိုးရအနေနဲ့ ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာ အပြောင်းအလဲကြောင့် အကျပ်အတည်း ကျရောက်နေတာကြောင့်လည်းဖြစ်ပါတယ်။ ဒီလိုနဲ့စစ်ကြီးဖြစ်ပွားတော့ ဖွင့်လှစ်ဆဲမန္တလေးဥပစာကောလိပ်ကို ဥပစာကောလိပ်ရဲ့ ကျောင်းသားဟောင်းတစ်ယောက်ဖြစ်ခဲ့ပြီး လက်ရှိဥပစာကောလိပ် ဓာတုဗေဒဆရာဖြစ်သူ ဦးကိုလေး (ဇေယျာမောင်)က စောင့်ရှောက်ရတယ်။ မန္တလေးကိုလည်း စစ်ရောက်ရော ဥပစာကောလိပ်လည်း ပိတ်လိုက်ရတယ်။

စစ်ကြီးပြီးတော့ မန္တလေးဥပစာကောလိပ်ပြန်ဖွင့်လှစ်နိုင်ရေးကို ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးကိုလေး (ဇေယျာမောင်)တို့ပဲ ပြန်လည်ဦးဆောင် ဆောင်ရွက်ကြတယ်။ အင်္ဂလိပ်အစိုးရအနေနဲ့ကတော့ မသိလိုက်မသိဘာသာပါပဲ။ စစ်ကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဖဆပလအစိုးရ ဖွဲ့တော့ ဦးရာဇတ် ဝန်ကြီးတာဝန်အယူ ရန်ကုန်ရောက်စဉ် မန္တလေးဥပစာကောလိပ်ဖွင့်လှစ်နိုင်ရေးကို ဆရာဦးကိုလေးနဲ့ ထပ်မံကြိုးစားကြပြန်တယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် မေ ၂၉ ရက်မှာပဲ ဆရာဦးကိုလေး (ဇေယျာမောင်)ကို ကျောင်းအုပ်ကြီးအဖြစ်ခန့်အပ်ပြီး မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်ဖို့ တာဝန်ပေးလိုက်ပါတယ်။




ဆရာဦးကိုလေး(ဇေယျာမောင်)



ဆရာကြီးဦးရာဇတ်

စစ်ကြီးကြောင့် ပျက်စီးသွားတဲ့ ပရိဘောဂတွေ၊ ကျောင်းဆောင်တွေ ပြန်လည်ရရှိဖို့ အခက်အခဲအမျိုးမျိုးကို ဆရာဦးကိုလေး(ဇေယျာမောင်)ဟာ ကြိုးစားကျော်ဖြတ်ပြီး ၁၉၄၈ ခုနှစ် ဇွန်လရောက်မှ မန္တလေးယူနီဗာစီတီကောလိပ် အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့တာပါ။ စိုက်ပျိုးရေးသိပ္ပံရုံးအဖြစ် အသုံးပြုဆဲဖြစ်တဲ့ ပင်မအဆောက်ကြီးကိုလည်း မန္တလေးယူနီဗာစီတီကောလိပ် ပင်မစာသင်ဆောင်ကြီးအဖြစ် ခမ်းနားစွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မန္တလေးယူနီဗာစီတီကောလိပ်ဖွင့်ပွဲကို မန္တလေးမြို့ လူထုကလည်း ဝမ်းပန်းတသာ ပါဝင်ဆင်နွှဲကြတယ်။ မန္တလေးယူနီဗာစီတီကောလိပ်ဖွင့်လှစ်နိုင်ရေးကို အစွမ်းကုန်ကြိုးစားခဲ့တဲ့ ဆရာကြီး ဦးရာဇတ်ကတော့ ဖွင့်ပွဲမတိုင်ခင် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်ကပဲ မသမာသူတို့ လုပ်ကြံမှုကြောင့် ကွယ်လွန်ခဲ့ရှာပြီပေါ့။



ဒီဥပစာကောလိပ်ကလည်း အတိုက်အခံ အခက်အခဲအမျိုးမျိုးကြားက ရုန်းကန်ပြီး ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးကိုလေး(ဇေယျာမောင်)တို့ ကျေးဇူးကြောင့် ၁၉၄၈ ခုနှစ် ဇွန်လမှာ မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ပြီးတဲ့နောက် မြို့မိမြို့ဖတွေ ဆက်လက် အားထုတ်ကြိုးပမ်းခဲ့ကြလို့လည်း ၁၉၅၈ ခုနှစ် ဇွန် ၁ ရက်မှာ မန္တလေးတက္ကသိုလ်အဖြစ် သီးခြားရပ်တည်ခဲ့တယ်။ ပြောင်းလဲလာတဲ့ ပညာရေးစနစ်တွေကြောင့် ၁၉၆၄ ခုနှစ်မှာ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် အသွင်ပြောင်းခဲ့ရတယ်။ ၁၉၈၀ ပြည့်နှစ်မှာတော့ မန္တလေးတက္ကသိုလ်ဆိုတဲ့ မူလအမည်နဲ့ တည်ရှိခဲ့တာပါ။

မန္တလေးဥပစာကောလိပ်မှသည် မန္တလေးတက္ကသိုလ်ဆိုတဲ့ ဖြတ်သန်းမှုသမိုင်းရှည်ကြီးအတွင်း ဒီတက္ကသိုလ်ကြီးက ဂုဏ်ရောင်ပြောင်တဲ့ နိုင်ငံရေးသမားတွေ၊ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာကြီးတွေ၊ အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ အမှုထမ်းတွေ၊ ဌာနဆိုင်ရာ ပညာရှင်ကြီးတွေ၊ ပါမောက္ခကြီးတွေ မွေးထုတ်ပေးခဲ့ရုံမက အနုပညာရှင်ပေါင်းများစွာ၊ အားကစားသမားပေါင်းများစွာလည်း မွေးထုတ်ပေးခဲ့ပါတယ်။

အခု. . . ခေတ်ပြောင်း စနစ်ပြောင်းချိန် ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပြန်လည်မွေးဖွားခြင်း အတိတ်ကောင်းနိမိတ်ကောင်းတွေနဲ့အတူ သမိုင်းအစဉ်အလာကြီးမားတဲ့ မန္တလေးတက္ကသိုလ်ကြီးကလည်း ဒီအချိန်အခါကောင်းမှာ လမ်းကြောင်းမှန်ပေါ် ပြန်လည်နိုးထရှင်သန်ဖို့ ကောင်းပါတယ်။

တကယ်တော့ ၁၉၂၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ မန္တလေးဥပစာကောလိပ်ဟာ ၂၀၁၆ ခုနှစ်မှာ ၉၁ နှစ်တင်းတင်းပြည့်ပါပြီ။ ဒါဟာ မန္တလေးအတွက်သာမက တစ်မျိုးသားလုံးအတွက် ကောင်းမွေပါပဲ။

ပညာရေးကို အထူးဦးစားပေးပြီး ပြုပြင်ပြောင်းလဲကြမယ့် ခေတ်ပြောင်းစနစ်ပြောင်းမှာ သက်တော်ရှည် မန္တလေးတက္ကသိုလ်ကိုလည်းပစ်မထားကြပါနှင့်. . .။ ။

## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအမံဖြင့် သာသနာရေးဦးစီးဌာနက တာဝန်ယူကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ရွှေတိဂုံစေတီတော်မြတ်ကြီး ချမ်းသာကြီးတန်ဆောင်း၌ ယနေ့မှ မေ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် စတင်ကျင်းပရာ ခြောက်ထပ်ကြီး သီဟိုဠ်ဦးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒောဘာသထံမှ ညှော့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်လာသော သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ရွတ်ပွားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အနုမောဒနာတရားနာကြား၍ရေစက်သွန်းချအမျှပေးဝေသည်။ ယင်းနောက် မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သံဃာတော်များနှင့် ပရိသတ်များက စုပေါင်း၍ သုံးကြိမ်ရွတ်ဆိုပြီး မဟာပဋ္ဌာန်းဒေသနာတော်များအား သံဃာတော်များက အသံမစဲရွတ်ဆိုပွားများကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါးနှင့် နေ့စဉ်ရွတ်ဖတ်ပူဇော်မည့် သံဃာတော် ၁၈ ပါး စုစုပေါင်း ၂၉ ပါးတို့က ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကချင်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီ သတင်းထုတ်ပြန်ချက်များအရ မေ ၁၉ ရက် ညနေပိုင်းအထိ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာရန် ရာခိုင်နှုန်း ၈၀ ရှိကြောင်း သိရသည်။

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# သို့လော သို့လော မြစ်ဆုံ

**ဝင်းမျိုးသူ**

**(ယမန်နေ့မှ အဆက်)**

ကမ္ဘာပေါ်မှာ လျှော့ပေါ့လျှပ်ခြင်းကြောင့် မြို့ပြပျက်စီးမှုများကို အလုံးစုံတာဝန်ခံနိုင်တဲ့ အာမခံစနစ်လည်းမရှိတာကြောင့် သို့မဟုတ် ရှိပါကလည်း အမှန်တကယ်ပေးလျော်နိုင်စွမ်း မရှိတာကများတာကြောင့် ပြည်သူတွေ ကြိုတင်သတိပြု ကာကွယ်ခြင်းမှုကို စွဲကိုင်ဖို့ လိုအပ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ ပတ်ဝန်းကျင်ထိခိုက်မှုများ လေ့လာဆန်းစစ်ရာမှာ စီမံကိန်းဆောင်ရွက်သူက သက်ဆိုင်ရာဒေသခံတွေရဲ့ သဘောထားကို ရယူဖို့ ပြည်သူ့ကြားနာပွဲများ ပြုလုပ်ဖို့ ညွှန်ကြားထားရာ မြစ်အညာနဲ့ မြစ်အောက်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွေအထိ လူထုဆန္ဒကို ရယူလိုပါတယ်။

ဒီနေရာမှာ ဒီလူထုကြားနာပွဲတွေ ဆောင်ရွက်ပုံမှာ ကမ္ဘာမှာနာမည်ကြီးတဲ့ အနောက်နိုင်ငံမှ ESIA ကုမ္ပဏီများ ကပင် လက်တစ်လုံးခြား လုပ်ပွဲသာသာ ဖြစ်ကတတ်ဆန်း လုပ်နေတာကို တွေ့နေရတာမို့ ပြည်သူ့ကြားနာပွဲတွေ မှန်မှန်ကန်ကန် ဖြစ်မြောက်အောင် ကြပ်မတ်ဆောင်ရွက်ဖို့ လိုအပ်တာကိုလည်း ထောက်ပြလိုပါတယ်။

ဖြစ်နိုင်ရင် ဧရာဝတီမြစ်ဝှမ်းအတွင်း နေထိုင်ကြတဲ့ ပြည်သူတွေကို ကိုယ်စားပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ကလည်း ကုမ္ပဏီတင်ပြချက်တွေကို အခြေခံပြီး လူထု လက်ခံ၊ မခံ သဲကွဲစွာသိရှိနိုင်ဖို့ သက်ဆိုင်ရာမြို့နယ်တွေမှာ လူထုဆန္ဒခံယူပွဲ ကျင်းပအဆုံးအဖြတ်ယူရေး လွှတ်တော်မှာ အဆိုတင်သွင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတို့တည်ဆောက်တဲ့ ဆည်မြောင်း တာတမံတို့ရဲ့ သက်တမ်းက နှစ်တစ်ရာ၊ တစ်ရာ့ငါးဆယ် ထက်မပိုပါဘူး။ အဲဒီကာလလွန်မြောက်ရင် ဆည်တည် ဆောက်တဲ့မြစ်ချောင်းတွေမှာ နိတ္ထိတံရတဲ့သဘောရှိတာမို့ နှစ်သန်းပေါင်း ၁၈ သန်းခန့် သက်တမ်းရှိတဲ့ ဧရာဝတီမြစ်ကို စာရေးသူတို့ မျိုးဆက်က နှစ်တစ်ရာခန့် အသုံးချပြီး ဖျက်ဆီးထားခဲ့မလား ဆိုတဲ့ လူသားမျိုးနွယ်ကျင့်ဝတ် ဆိုင်ရာအမေးကို အားလုံးကဖြေဆိုဖို့ လိုအပ်တာကြောင့် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကပင်လျှင် Sustainable Development စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရှုထောင့်မှ အရေးကြီးတဲ့ လူမှုရေးအရ လက်ခံနိုင်ခြင်းရှိမရှိ (Socially acceptable) အမြင်ကို ဆန်းစစ်ခြင်းပဲဖြစ်ပါတယ်။

ဒေသခံ ကချင်လူမျိုးများအနေနဲ့ မြစ်ဆုံဒေသဟာ သူတို့ရဲ့ ရိုးရာဓလေ့အယူအဆတွေအရ သူတို့မွေးဖွား စည်ပင်ဖွံ့ဖြိုးတိုးတက်ရာ မူရင်းဘူတအောင်မြေ ဖြစ်ပါတယ်။ United Nations Declaration on the Right of Indigenious People (UNDRIP) ခေါ် ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးတွေကို လေးစားလိုက်နာရေးကြေညာစာတမ်းမှာ မြန်မာနိုင်ငံက သဘောတူညီထားတာမို့ မြစ်ဆုံစီမံကိန်း ဆက်လက်မဆောက်သင့် ဆိုတဲ့အချက်ဟာလည်း ဒေသခံတို့ရဲ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေကို လေးစားလိုက်နာမှုအပေါ် အခြေပြုရမှာ ဖြစ်ပါတယ်။

စစ်အစိုးရလက်ထက်က မြစ်ဆုံစီမံကိန်းအား တရုတ်ကို ဆောင်ရွက်ခွင့်ပြုခြင်းဟာ ဒေသတွင်း လက်နက်ကိုင် တိုင်းရင်းသားများကို ချေမှုန်းရေးအတွက် တရုတ်ရဲ့ အကျိုးစီးပွားကိုအခြေပြုပြီး ဆောင်ရွက်သွားဖို့ ရည်ရွယ်တာလို့ နိုင်ငံရေးလှုပ်ရှားသူတွေက စွပ်စွဲခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးမှာ တိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်လာအောင်၊ ညှပ်ပူးညှပ်ပိတ် ဆောင်ရွက်လိုတယ်ဆိုပါက ပြည်တွင်းရေးကို ပြည်ပက စွက်ဖက်လာအောင် ဖန်တီးသကဲ့သို့ရှိမှာဖြစ်တာမို့ စစ်မှန်တဲ့ ရေရှည်ငြိမ်းချမ်းရေးကို သယ်ဆောင်ပေးနိုင်ခြင်းရှိအံ့မထင်ပါ။ အစိုးရသစ်ကလည်း ဒီအချက်ကိုအကြောင်းပြုပြီး မြစ်ဆုံစီမံကိန်းကို အပေးအယူမပြုရာလို့ ထင်မှတ်မိပါတယ်။

လူမှုရေးလက်ခံနိုင်မှု ရှိ၊ မရှိကို ဆန်းစစ်ရာတွင်လည်း ဆောင်ရွက်ပြီး စီမံကိန်းမှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ဒေသခံရွာသားတွေကို ဖိအားပေးပြီး အတင်းအကျပ် သူတို့ဆန္ဒမပါဘဲ ရွှေ့ပြောင်းမှုများရှိတယ်လို့ စွပ်စွဲမှုတွေရှိနေတာကြောင့် တရုတ်ကုမ္ပဏီအနေနဲ့ ဒီအချက်ကို နိုင်ငံတကာ လက်ခံနိုင်တဲ့အထိ ဖြေရှင်းဆောင်ရွက်ပြီးမှသာ စီမံကိန်းဆက်လက်လုပ်ဆောင်ဖို့သင့်မသင့်ကို စူးစမ်းလေ့လာညှိနှိုင်းသင့်ပါတယ်။ ဒေသခံတွေအနေနဲ့ သူတို့ရဲ့ နစ်နာမှုတွေကို ပြန်လည်တရားစွဲဆိုလိုတာကြောင့် ရှေးဦးစွာ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လာဘ်ပေးလာဘ်ယူကိစ္စများကို စုံစမ်းဖော်ထုတ် ဖြေရှင်းဆောင်ရွက်မှသာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံတာဝန်ယူမှု ဂုဏ်အင်္ဂါနှင့် ပြည့်စုံမှာဖြစ်ပါတယ်။ ဒါကိုမျက်ကွယ်ပြုရင် ဒေသခံတိုင်းရင်းသားတို့ရဲ့ စိတ်ပျက်ငြိုငြင်မှုကို ခံရမှာဖြစ်ပါတယ်။

**ပြည်သူသာအဓိက**

အရင်းစစ်တော့ အမြစ်မြေကဆိုသလို လက်ရှိတက်လာတဲ့အစိုးရဟာ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ အစိုးရဖြစ်တာကြောင့် ပြည်သူလက်မခံတဲ့ကိစ္စကို ဆောင်ရွက်မှာမဟုတ်ပါဘူး။ နှစ်နိုင်ငံချစ်ကြည်ရေးကို ရေရှည်ကြည့်ပြီး ပြည်သူတွေလက်ခံအောင်သာ တရုတ်ကုမ္ပဏီက ဆောင်ရွက်မယ်၊ ညှိနှိုင်းမယ်လို့ခန့်မှန်းရပါတယ်။ ဒီလိုဆိုရင် မြစ်ဆုံဆည်ဆောက်ရေး၊ မဆောက်ရေးဟာ ပြည်သူတွေရဲ့သဘောထားနဲ့သာ ဆုံးဖြတ်သွားမယ့် အလားအလာ ရှိပါတယ်။ အထက်ကဆိုခဲ့သလို တရုတ်ကုမ္ပဏီက ပြည်သူတွေကိုစည်းရုံးရာမှာ လူအထင်ကြီးစေလောက်မယ့် မိတ်ဖက်အနောက်နိုင်ငံအဖွဲ့အစည်းတွေရဲ့အားကိုယူပြီး စီမံကိန်းက ကြိမ်းသေပေါက်ကောင်းကျိုးများတယ်၊ ဆိုးကျိုးတွေကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်တယ်။ ထွက်သမျှလျှပ်စစ်က မြန်မာပြည်သူအတွက်ပါပဲ ဆိုပြီး မက်လုံးပေးစည်းရုံးမယ်လို့ ခန့်မှန်းရပါတယ်။

အဲဒီအခါမှာ ပြည်သူတွေအကြား စိတ်ဝမ်းကွဲမှာ အမှန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ စာရေးသူထောက်ပြလိုတဲ့အချက်က တရုတ်ကုမ္ပဏီတွေ စည်းရုံးတဲ့အချက်တွေက မှန်တယ်၊ မှားတယ် ခဏထားပြီး ပြည်သူတွေအနေနဲ့ တရုတ်ကုမ္ပဏီတွေဟာ အဲဒီကတိကဝတ်တွေကို တိကျစွာ လိုက်နာမှု ရှိ၊ မရှိကို ယုံကြည်သလားဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ယုံကြည်တယ်ဆိုပါက ဘာသက်သေ၊ သာဓကအပေါ်မှာ တည်မှီပြီး ယုံကြည်သလဲလို့ မိမိကိုယ်ကို မေးမြန်းဖို့သာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ မြန်နှုန်းမြင့် မီးရထားကို တီထွင်ထုတ်လုပ်ပြီး နိုင်ငံတော်စီမံကိန်းကြီးတစ်ခုအနေနဲ့ ဂုဏ်ယူဝံ့ကြွားစွာ တရုတ်ပြည်တွင်းမှာ အကောင်အထည်ဖော်ခဲ့ပါတယ်။ ဟောလိဝုဒ်မင်းသားကြီး အာနိုး ကာလီဖိုးနီးယားပြည်နယ်မှူးအနေနဲ့ တရုတ်ပြည်ရောက်ရှိနေစဉ်မှာပင် အဲဒီမီးရထားကို ဝယ်ယူပြီး ကာလီဖိုးနီးယားပြည်နယ်မှာ ပြေးဆွဲဖို့ စိတ်ဝင်စားရေး တရုတ်တွေ ကြော်ငြာ အကြီးအကျယ် ထိုးဖူးတယ်။ အဲဒီနိုင်ငံတော် မီးရထားကြီး လမ်းချော်ပြီး ကတိမ်းကပါး ဖြစ်တဲ့အခါ တရုတ်တွေအရှက်ရပြီး လာဘ်စားမှုနဲ့ တာဝန်ရှိသူတွေကို အကြီးအကျယ်အရေးယူဖူးပါတယ်။ ဒါက ယုံသင့်၊ မယုံသင့် ချင့်ချိန်စဉ်းစားနိုင်ဖို့ သာဓက တစ်ခုပဲဖြစ်ပါတယ်။

လက်ရှိ လက်ပံတောင်းတောင်စီမံကိန်းမှာ ဆောင်ရွက်နေတဲ့ တရုတ်ကုမ္ပဏီအနေနဲ့ ကတိအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ လေ့လာသိရှိနိုင်ပါတယ်။ တရုတ်ကုမ္ပဏီက ကတိအတိုင်းဆောင်ရွက်ခြင်း ရှိ၊ မရှိကို ဘယ်မြန်မာပြည်ဌာန၊ အဖွဲ့အစည်းတွေက စောင့်ကြည့်စစ်ဆေးမလဲ။ စွမ်းဆောင်ရည်နိမ့်ပါးလှတဲ့ ဌာနဆိုင်ရာတွေက ဒီရှုပ်ထွေးလှတဲ့ လုပ်ငန်းစဉ်ကြီးကို ထိန်းကျောင်းကြည့်ရှုနိုင်တယ်ဆိုရင် သံသယဖြစ်ဖွယ်ကောင်းလှပါတယ်။ ကတိကဝတ်အတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆိုတဲ့အချက်အပြင် ပြည်သူတွေအနေနဲ့ အကယ်၍ ကုမ္ပဏီက ကတိကဝတ်ချိုးဖောက်ခဲ့ရင် ဘယ်လိုအပြစ်ပေး အရေးယူနိုင်စွမ်းရှိမလဲ ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။

လက်တွေ့ဘဝမှာ ပတ်ဝန်းကျင်ရေးရာပြဿနာဖြစ်ပွားရင် အပြစ်ပေးအရေးယူနိုင်မှုက များစွာရှုပ်ထွေးလှပါတယ်။ တောင်အမေရိကတိုက် အီကွေဒေါနိုင်ငံမှာ အမေရိကန်ကုမ္ပဏီ Chevron/Texaco ကြောင့် ရေနံတွင်းများမှ ရေနံယိုဖိတ်မှုများလို့ ပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့တဲ့အတွက် ဒေသခံတွေက တရားစွဲဆိုတဲ့အခါ အီကွေဒေါတရားရုံးက ရှစ်ဘီလီယံဒေါ်လာလျော်ကြေးပေးဖို့ အမိန့်ချမှတ်ပေမယ့် ကုမ္ပဏီကမလိုက်နာဘဲ အမေရိကန်သမ္မတ အိုဘားမားအား အီကွေဒေါကို ပြန်လည်တရားစွဲဆိုဖို့ တိုက်တွန်းလျက်ရှိပါတယ်။ အမှုလည်း မပြီးပြတ်၊ တဝဲလည်လည်ဖြစ်လို့သာ နေပါတယ်။

တရုတ်ကုမ္ပဏီတွေ တာဝန်မဲ့ပျက်ကွက်မှုကို စာချုပ်မှာ ဘယ်လိုပဲတာဝန်ယူမယ်လို့ဆိုစေကာမူ အမှန်တကယ် လိုက်နာကျင့်သုံးအောင် ဆောင်ရွက်နိုင်ရေးမှာ ငွေအား၊ ပညာအား၊ နိုင်ငံရေးတွန်းအား လိုအပ်ပါတယ်။ မြစ်ဆုံစီမံကိန်းဟာ မရေရာ၊ မသေချာမှုများ ပြည့်နှက်နေတာမို့ ဒီလိုနှစ်ဖက် သို့လော သို့လော ဖြစ်ရမယ့် ကိစ္စတွေ တန်းစီပေါ်လာဖွယ်သာ ရှိပါတယ်။ ဒါကြောင့် ပြည်သူတွေ စဉ်းစားဆုံးဖြတ်တဲ့အခါ ကတိကဝတ်အတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိနဲ့ ဖောက်ဖျက်ခဲ့သော် ဘယ်လိုအမှန်တကယ် တရားမျှတရာ မျှတကြောင်း တွန်းအားပေး ဆောင်ရွက်နိုင်စွမ်းရှိမလဲ ဆိုတာကိုပါ ထည့်သွင်းစဉ်းစားသွားဖို့လိုပါတယ်။

မကြာသေးခင်က Kishore Mahabubani ရဲ့ Can Asians Think စာအုပ်ကို ဖတ်မိပါတယ်။ Mahabubani က သူ့စာအုပ်မှာ တရုတ်နဲ့ ပတ်သက်လို့သုံးသပ်ရာမှာ တရုတ်နိုင်ငံဟာ နိုင်ငံတကာဆက်ဆံရေးမှာ သဘောထားတင်းမာသယောင်ရှိပေမယ့် ဆန့်ကျင်ဘက်တစ်ပါးသူကို သေချာစွာ ဂရုစိုက်နားထောင်တယ်။ အခြား အနောက်နိုင်ငံတွေက သဘောကောင်းချင်ယောင်ဆောင်ပေမယ့် သူတစ်ဖက်သားကို ဂရုမစိုက်ဘူးလို့ ရေးသားထားတာကို ဖတ်လိုက်ရပါတယ်။

မြစ်ဆုံဆည်ရပ်တန့်ပြီးကတည်းက စာရေးသူအနေနဲ့ တရုတ်နိုင်ငံမှ လူမျိုးစုံ၊ အဖွဲ့ပေါင်းစုံနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရပါတယ်။ သတိထားမိတာက ယူနန်ပြည်နယ်မှ လာသူတွေဟာ ကိုယ့်မျက်ချေး ကိုယ်မမြင်ဆိုသလို မြစ်ဆုံကိစ္စ တအုံ့နွေးနွေးနဲ့ အခဲမကျေနိုင်ဖြစ်နေပြီး ပီကင်းကနေလာသူတွေက ပိုပြီး ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်နိုင်တယ်လို့ ထင်မိပါတယ်။ ကိုယ်ကျိုးစီးပွားအပေါ်မူတည်ပြီးလည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်အပေါ် အခြေခံပြီးလည်းကောင်း တစ်ဖက်စီး အသာရယူလိုသူတွေ ရှိသလို ကမ္ဘာလုံးဆိုင်ရာ တရုတ်နိုင်ငံရဲ့ပုံရိပ်နဲ့ ခေါင်းဆောင်မှုကို အလေးထားကာ ပြေလည်ရာ ပြေလည်ကြောင်း မျှတစွာ ဆောင်ရွက်လိုသူတွေရှိတယ်လို့ သုံးသပ်မိပါတယ်။

သေချာတဲ့အချက်က တရုတ်ပြည်သူတွေနဲ့ အဓိကတာဝန်ရှိသူတွေဟာ မြန်မာပြည်နဲ့ပတ်သက်ပြီး နားလည်သဘောပေါက်နိုင်မှုမှာ အတော်ပင်နည်းပါးတာကို တွေ့ရှိရပါတယ်။ မြန်မာအများစု မြစ်ဆုံကိုရပ်တန့်လိုတာက တရုတ်မုန်းတီးရေးမဟုတ်ဘဲ မိမိတို့ရဲ့ ဘဝနဲ့ တန်ဖိုးထားမှုများ အဆုံးရှုံးမခံလိုတဲ့ စိုးရိမ်မှုနဲ့ မိမိကိုယ်ကို ကာကွယ်ခြင်းသာဖြစ်တာကို တရုတ်ပြည်သူအများသိရှိဖို့ အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။

ပတ်ဝန်းကျင်ရေးရာ စိန်ခေါ်မှုတွေနဲ့ အလားတူကြုံတွေ့နေရတဲ့ တရုတ်ပြည်သူတွေအနေနဲ့လည်း ဒီကိစ္စကို ကိုယ်ချင်းစာနားလည်နိုင်စွမ်းရှိမယ်လို့ ထင်မြင်မိပါတယ်။ သမ္မတ ဦးသိန်းစိန်လက်ထက် ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အပြန်အလှန်ပစ်ခတ်တဲ့ကိစ္စမှာ လူမှုမီဒီယာတွေကတစ်ဆင့် လူမျိုးရေးမုန်းတီးမှုတွေ လှုံ့ဆော်မှုကြောင့် မြန်မာနိုင်ငံကို ပြင်းပြင်းထန်ထန် ဆုံးမအရေးယူဖို့ သဘောထားတွေ တရုတ်ပြည်တွင်းမှာ ခေါင်းထောင်လာတာကို သတိပြုမိပါတယ်။

မြစ်ဆုံအရေးမှာ တရုတ်ပြည်သူတွေရဲ့ စာနာနားလည်စိတ်ဟာ တရုတ်မူဝါဒချမှတ်သူတွေရဲ့ စဉ်းစားဆုံးဖြတ်ချက်အပေါ်မှာလည်း တစ်စုံတစ်ရာ လွှမ်းမိုးမှုရှိတယ်လို့ ယုံကြည်တာကြောင့် ပြည်သူမှ ပြည်သူ ချစ်ကြည်စွာဆက်ဆံရေးဖြင့် တရုတ်ပညာရှိ ကွန်ဖြူးရှပ်အမိန့်အမှာရှိသလို Golden Rule (ရွှေရောင်စည်းမျဉ်းဥပဒေသ)အရ မိတ်ဆွေတစ်ယောက်ရဲ့အခက်အခဲကို ကျန်မိတ်ဆွေမှ မဖြစ်ပွားစေလိုတဲ့ ကိုယ်ချင်းစာ နားလည်လက်ခံပေးနိုင်တဲ့ စိတ်နေသဘောထားအနေအထားမျိုးနဲ့ တတ်နိုင်သမျှ ချဉ်းကပ်ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သင့်ပါတယ်။

ဦးနု-ချူအင်လိုင်း ဆက်ဆံရေးကို နမူနာယူသင့်ပါတယ်။ မေတ္တာနဲ့သာ အောင်နိုင်ကြောင်းဖြစ်တာကြောင့် မြစ်ဆုံအရေး ဆွေးနွေးညှိနှိုင်းရာမှာလည်း ပြည်သူတွေ အမုန်းမပါ ရှေးရှုဆောင်ရွက်သင့်ပါတယ်။

အချုပ်ဆိုရရင် ပြဿနာတစ်ရပ်ကို အပြုသဘောထားပြီး ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိရင် ဒီပြဿနာကပဲ တစ်ဦးနဲ့ တစ်ဦး နားလည်သဘောပေါက်၊ ကိုယ်ချင်းစာနာကာ တစ်ဆင့်တက်ပြီး နှစ်ဦးနှစ်ဖက်ကောင်းရာကောင်းကျိုး ပိုမိုဆောင်ရွက်နိုင်စွမ်းရှိစမြဲမို့ ပြည်သူတွေအနေနဲ့ မြစ်ဆုံအရေးမှာ အသိ၊ သတိရှိစေကြောင်း ဤဆောင်းပါးနဲ့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

**မေ ၁၃၊ ၂၀၁၆။**



✳ ၂၀၁၅-၂၀၁၆ မှ

၁၆ ယောက် အောင်တယ်။ မနှစ်ကတော့ ၄ တန်းအတွက် ကုစားစနစ်ရှိတယ်။ ဒီနှစ်မှာတော့ မရှိတော့ဘူး။ ကုစားစနစ်မထားတာ ကောင်းပါတယ်”ဟု စတုတ္ထတန်းတွင် ကျင့်သုံးလျက်ရှိသည့် ပညာရေးစနစ်နှင့် ပတ်သက်၍ ပြောသည်။

ယခင်(၂၀၁၄-၂၀၁၅)ပညာသင်နှစ်က စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများတွင်ကျရှုံးသည့် ကျောင်းသားများအား ကျရှုံးသည့်ဘာသာရပ်အလိုက် ဘာသာပြဆရာများက အချိန်တစ်လကြာ ပြန်လည်သင်ကြားပြီး မေလတွင် ပြန်လည်ဖြေဆိုခဲ့ကြရသည်။ ယခုနှစ်တွင်မူ ကျရှုံးသည့် ကျောင်းသားများအတွက် ကုစားဖြေဆိုခြင်း မရှိတော့ပေ။

နှစ်ပေါင်း ၃၀ ကျော် စတုတ္ထတန်းသင်ကြားနေသည့် ရှမ်းပြည်နယ် ကလောမြို့နယ်မှ ကျောင်းဆရာမတစ်ဦးက “ကုစားမရှိတာ ကောင်းပါတယ်။ သင်ခန်းစာတွေ သေချာမတတ်တဲ့ကလေးတွေက နောက်တစ်တန်းတက်သွားတော့ သူတို့ရဲ့ ပညာသင်ကြားရေးကို သေချာနားလည်တော့မှာမဟုတ်ဘူး။ ကုစားစနစ်ရှိနေရင် စာမရတဲ့ကလေးတွေက စာမေးပွဲကိုလည်း အလေးမထားတော့ဘူး။ ဒါကြောင့် မရှိစေချင်ဘူး”ဟု ဆိုသည်။



ဧပြီ ၁၈ ရက်က သူငယ်တန်းမှ နဝမတန်းအထိ အခြေခံပညာစာမေးပွဲအောင်စာရင်းထုတ်ပြန်ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ အောင်စာရင်း လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အလက(၃) တောင်ဒဂုံတွင် ပညာသင်ကြားလျက်ရှိပြီး စတုတ္ထတန်းအားဝင်ရောက်ဖြေဆိုခဲ့သူ မရတီရှင်းသန့်က “စာမေးပွဲက သမီးဖြေနိုင်ပါတယ်။ B အဆင့်ပဲရတော့ အမေကဆူတယ်။ ဘာလို့ B ရတာလဲတော့ သမီးမသိဘူး။ သမီးက သွားဆရာဝန်ဖြစ်ချင်တယ်။ စာမေးပွဲဖြေခါနီးမှ သမီးတို့ကိုသင်တဲ့ဆရာမက ပြောင်းသွားတော့ အမှတ်နည်းတာလားမသိဘူး”ဟု ပြောသည်။

စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲအောင်စာရင်းများနှင့်ပတ်သက်၍ အောင်စာရင်းများ ထုတ်ပြန်ရာတွင် အဆင့်သတ်မှတ်ချက်(A၊ B၊ C)ဖြင့်သာ ထုတ်ပြန်ရန်၊ စုစုပေါင်းရမှတ်များ၊ moderation ဖြင့် အောင်မြင်သည့် အမှတ်အသားများကို အောင်စာရင်းတွင် ထည့်သွင်းထုတ်ပြန်ခြင်းမပြုရန် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန နေပြည်တော်မှ ဧပြီ ၈ ရက်ပါရက်စွဲဖြင့် ထုတ်ပြန်ညွှန်ကြားထားသည်။

(MNA သတင်းအဖွဲ့)

# စတုတ္ထတန်း၊ အဋ္ဌမတန်းအောင်မြင်မှုနှုန်း ယခင်နှစ်ကထက်များလာ

**ရန်ကုန် ဧပြီ ၁၈**

အခြေခံပညာ စာမေးပွဲအောင်စာရင်းများကို ယနေ့(ဧပြီ ၁၈ ရက်)တွင် ထုတ်ပြန်ကြေညာခဲ့ရာ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲတွင် ယခင် နှစ်ကထက် အောင်မြင်မှုနှုန်း မြင့်မားလာခဲ့ကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါ စာမေးပွဲစစ်ဆေးမှုများတွင် လွန်ခဲ့သော ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ကာ စတုတ္ထတန်းကို ခရိုင်အဆင့်မှစစ်ဆေး၍ အဋ္ဌမတန်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှ စစ်ဆေးဆောင်ရွက်ခဲ့ပြီး စတင်ပြောင်းလဲခဲ့သောနှစ်တွင် ကျရှုံးသူများကို ပြန်လည်ကုစားဖြေဆိုစေခဲ့သော်လည်း ယခုအောင်စာရင်းထုတ်ပြန်ခဲ့သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်မူ ပြန်လည်ကုစားဖြေဆိုခွင့်ပြုလုပ်မှုမျိုး မရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကုစားဖြေဆိုခွင့်မပြုခဲ့သောအခြေအနေကြောင့်လည်း ကျောင်းသား ကျောင်းသူများအတွက် အလွန်ကြိုးစားလေ့ကျင့်ခဲ့ရသော အခြေအနေမျိုး ဖြစ်လာခဲ့သည်။

“ဒီနှစ်က ကုစားမရှိဘူးကြားလို့ တော်တော်လေးသင်ခဲ့ရတယ်။ ကလေးတွေကလည်း ကြိုးစားကြတယ်။ အဲ့ဒါကြောင့်လည်း ဒီနှစ်အောင်စာရင်းမှာ မနှစ်ကထက် အောင်မြင်မှုနှုန်းတွေ မြင့်မားလာရတာဖြစ်ပါတယ်”ဟု မူလတန်းကျောင်းတစ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောသည်။

ထိုစတုတ္ထတန်းနှင့် အဋ္ဌမတန်း အောင်စာရင်းထွက်ချိန်တွင် စာသင်ကျောင်းအချို့၌ ရာနှုန်းပြည့်အောင်မြင်မှုများရှိခဲ့သော်လည်း အောင်မြင်သူများကို ပျမ်းမျှရမှတ်များပေါ်မူတည်၍ အဆင့်ခွဲခြားရာတွင် အဆင့် A ရရှိမှုမှာ နည်းပါးနေသေးသည့် အခြေအနေမျိုးဖြစ်ခဲ့သည်ကိုလည်းတွေ့ရှိခဲ့ရသည်။

ထိုပျမ်းမျှရမှတ်များပေါ်မူတည်၍ အဆင့်ခွဲခြားသတ်မှတ်ရာတွင် ရမှတ် ၈၀ မှ ၁၀၀ အထိကို အဆင့် A၊ ရမှတ် ၆၀ မှ ၇၉ မှတ် အထိကို အဆင့် B၊ ရမှတ် ၄၀ မှ ၅၉ မှတ် အထိကို အဆင့် C စသည်ဖြင့် အောင်စာရင်းနှင့်အတူ အဆိုပါ အဆင့်များခွဲခြား၍ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ကြည့်မြင်တိုင်မြို့နယ်တွင်လည်း အဋ္ဌမတန်းဖြေဆိုရန် စာရင်းသွင်းသူ ၈၁၄ ဦး၊ ဖြေဆိုသူ ၇၈၈ ဦး အနက်မှ အောင်မြင်သူ ၆၃၁ ဦးရှိကာ အောက်ချက် ၈၀ ရာခိုင်နှုန်းရှိခဲ့ပြီး စတုတ္ထတန်းတွင်လည်း ဖြေဆိုရန်စာရင်းသွင်းသူ ၁၀၉၈ ဦး၊ ဖြေဆိုသူ ၁၀၅၀ အနက်မှ အောင်မြင်သူ ၉၀၆ ဦးရှိခဲ့ကာ အောင်ချက် ၈၆ ဒသမ ၂၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။ ထိုမြို့နယ်တစ်ခုလုံးတွင် လွန်ခဲ့သောနှစ်က (ကုစားဖြေဆိုအောင်မြင်သူမပါ) အဋ္ဌမတန်းတွင် ၄၀ ဒသမ ၂၀ ရာခိုင်နှုန်း၊ စတုတ္ထတန်းတွင် ၆၄ ဒသမ ၃၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် အောင်ချက်မြင့်မားလာခဲ့ခြင်းဖြစ်သည်။

“အဆင့် A.B.C စာရင်းက မြို့နယ်စာရင်းချုပ်တဲ့အခါမှာ အခုလောလောဆယ် မလုပ်ရသေးလို့ အတိအကျမပြောနိုင်ပေမယ့် အောင်ချက်အခြေအနေကတော့ မနှစ်ကထက် အများကြီးပိုတယ်”ဟု အဆိုပါမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိတစ်ဦးကပြောကြားသည်။ A အဆင့်ဖြင့်အောင်မြင်သူများထက် B အဆင့်၊ C အဆင့်များဖြင့် အောင်မြင်သူဦးရေမှာ များပြားခဲ့ကြောင်း အောင်စာရင်းကြည့်ရာမှပြန်လာသည့် ကျောင်းသားမိဘတစ်ဦးက ဆိုသည်။

“ကျွန်တော့်သားတက်တဲ့ ကြည့်မြင်တိုင် အထက-၃ မှာတောင်မှ စတုတ္ထတန်းအောင်စာရင်းမှာ A အဆင့်က တော်တော်လေးနည်းတာ တွေ့ခဲ့ရတယ်”ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အောင်မြင်သူဦးရေအနက် တစ်ဝက်ခန့်မှာ A အဆင့်ဖြင့် ရရှိခဲ့သောအခြေအနေမျိုးသည် စာသင်ကျောင်းအချို့တွင်သာ ရှိခဲ့သော်လည်း ကျောင်းအများစုတွင် အောင်ချက်မြင့်မားမှုများကို ကြုံခဲ့ရသည်။

လှိုင်မြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်းမှ တာဝန်ရှိသူတစ်ဦးက “ကလေးတွေက အရင်တုန်းက အလေ့အကျင့်နည်းခဲ့တော့ အခုလိုစာမေးပွဲအတွက် သင်ခန်းစာတွေ တစ်အုပ်လုံးကျက်မှတ်လေ့ကျင့်ရတာကို များတယ်လို့ထင်ကြတယ်။ ကျွန်မတို့ငယ်ငယ်တုန်းကဆိုရင် ဒီလိုပဲ တစ်အုပ်လုံးကျက်မှတ်ခဲ့ရတာ။ ဒါဟာ စာများတယ်လို့တော့ မဟုတ်ဘူး။ အလေ့ကျင့်နည်းတာမျိုးပါ။ သူငယ်တန်းကနေ စာနည်းနည်းစီ ကျက်မှတ်သင်ယူခဲ့ရာကနေ စတုတ္ထတန်းလည်း ရောက်ရော တစ်အုပ်လုံးကျက်ရတော့ စာများတယ်လို့ ယူဆတာမျိုးပါပဲ။ ဖြစ်သင့်တာတော့ အတန်းစဉ်အတိုင်း ဒီလိုစနစ်မျိုးနဲ့ စာမေးပွဲစစ်မယ်ဆိုရင် နောက်ပိုင်းမှာ အလေ့အကျင့်တွေ ကောင်းလာပြီး အရေအတွက်ထက် အရည်အသွေးဆိုတာမျိုးကို ထုတ်ပြနိုင်မှာဖြစ်ပါတယ်။ ဒီနှစ်မှာ ကုစားမရှိတော့ ကျောင်းသား ကျောင်းသူတွေ အောင်မြင်ကြစေဖို့ အချိန်ပိုသင်တန်းတွေကို ကျောင်းမှာ ဖွင့်ကာ သင်ကြားခဲ့ရပါတယ်”ဟု ရှင်းပြခဲ့သည်။

(စနိုး)



❒ ကျောဖုံးမှ

AA လက်နက်ကိုင်အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရအဖွဲ့ အပြောင်းအလဲကာလနှင့် အများပြည်သူရုံးပိတ်ရက် သင်္ကြန်ကာလကို အလစ်အငိုက်ရယူကာ ဝင်ရောက်လှုပ်ရှားခဲ့ခြင်းဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့အတွက် တပ်မတော်အနေဖြင့် ဆုတ်ခွာထွက်ပြေးလျက်ရှိသော AA လက်နက်ကိုင်အဖွဲ့ကို အပြီးတိုင်ချေမှုန်းနိုင်ရေး ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ခရိုင်နှင့် တိုင်းဒေသကြီးအလိုက်စစ်ဆေးသည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများအောင်ချက်မြင့်မား

**မန္တလေး ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် သူငယ်တန်းမှ နဝမတန်းအထိ စာမေးပွဲဖြေဆိုအောင်မြင်သူများ၏ အမည်စာရင်းများကို ဧပြီ ၁၈ ရက် နံနက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ ခရိုင်အလိုက်စစ်ဆေးသည့် စတုတ္ထတန်းနှင့် တိုင်းဒေသကြီးအလိုက် စစ်ဆေးသည့် အဋ္ဌမတန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ယမန်နှစ်ထက်ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ်စာရင်းများအရ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၈ မြို့နယ်တွင် စတုတ္ထတန်းဖြေဆိုသူ ၁၀၂၅၈၆ ဦးအနက် အောင်မြင်သူ ၇၉၂၃၇ ဦး ရှိခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၇၇ ဒသမ ၂၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် ဖြေဆိုသူ ၁၀၃၇၈၃ ဦး၊ အောင်မြင်သူ ၉၆၀၂၇ ဦးနှင့် အောင်ချက်ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၅၃ ရှိခဲ့သည်။

ယမန်နှစ် အဋ္ဌမတန်းဖြေဆိုသူ ၇၂၁၆၅ ဦးအနက် အောင်မြင်သူ ၂၉၄၅၇ ဦး ရှိခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ဖြေဆိုသူ ၇၆၃၁၅ ဦး၊ အောင်မြင်သူ ၆၂၃၂၂ ဦးနှင့် အောင်ချက်ရာခိုင်နှုန်း ၈၁ ဒသမ ၆၆ ရှိခဲ့ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“မနှစ်က ကုစားစနစ်ရှိတဲ့အတွက် ကျရင်ပြန်ဖြေခွင့်ရပေမယ့် ဒီနှစ်မှာတော့ ကုစားစနစ်မရှိတော့တဲ့အတွက် ပြန်လည်ဖြေဆိုခွင့်မရှိတော့ပါဘူး။ တကယ်ကြိုးစားပြီး အရည်အချင်းရှိမှသာ A,B,C အဆင့်နဲ့အောင်မြင်မှာ ဖြစ်ပါတယ်”ဟု ၎င်းကဆိုသည်။

စာမေးပွဲအောင်စာရင်းလာရောက်ကြည့်ရှုသူမိဘတစ်ဦးကလည်း “ဒီနှစ်ကုစားမရှိဘူးလို့ကြားထားတဲ့အတွက် ကလေးအတွက် စိတ်ပူမိတယ်။ ဒါပေမယ့် အောင်မြင်သွားတဲ့အတွက် စိတ်အေးရပါတယ်။ ကလေးတော်တော်များများလည်း အောင်မြင်ကြတဲ့အတွက် မိဘတွေကိုယ်စား ပျော်ရွှင်မိပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဋ္ဌမတန်းဖြေဆိုအောင်မြင်ခဲ့သူ မောင်ဇင်ထက်လင်းကလည်း “ကျွန်တော်တို့အမွှာညီအစ်ကိုနှစ်ဦးစလုံးအောင်မြင်တဲ့အတွက် ဝမ်းသာရပေမယ့် နောင်နှစ်ကုန်ကျစရိတ်အတွက် အမေကတော့ ရင်ခုန်နေရပါတယ်”ဟု ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)၊ အောင်ရဲသွင်**



# စက်ရေတွင်းအတွက် စက်သုံးဆီလှူဒါန်းမှုကြောင့် လယ်ပြင်မကျေးရွာပြည်သူများ သင်္ကြန်ရက်များတွင် သောက်သုံးရေအဆင်ပြေ

**တပ်ကုန်း ဧပြီ ၁၈**

နေပြည်တော်တပ်ကုန်းမြို့နယ် လယ်ပြင်မကျေးရွာအုပ်စု လယ်ပြင်မကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်္ကြန်ကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းအတွက် စက်သုံးဆီ ဒီဇယ် ၁၀ ဂါလံကို ဧပြီ ၁၃ ရက် နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စက်ရေတွင်းကော်မတီထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ပြည်သူတွေ သင်္ကြန်ကာလအတွင်း ရေပြတ်လပ်မှုမဖြစ်ပေါ်စေဖို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာစက်ရေတွင်းအတွက် စက်သုံးဆီလှူဒါန်းပါတယ်။ ဦးစီးဌာနက လှူဒါန်းတဲ့ စက်သုံးဒီဇယ်နဲ့စက်မောင်းပြီး ရေတင်အသုံးပြုပါတယ်။ စက်ရေတွင်းအသုံးပြုမှုကြောင့် မဟာသင်္ကြန်ရက်တွေမှာ ကျေးရွာပြည်သူ ၁၀၀၀ ကျော်နဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ သောက်သုံးရေအဆင်ပြေပါတယ်”ဟု ကျေးရွာစက်ရေတွင်းကော်မတီဝင်တစ်ဦးက ပြောပြသည်။

(တင်စိုးလွင်)

# အမှန်တရားဘက်တော်သား၊ ဒီမိုကရေစီအရေးတော်ပုံတပ်သားကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း(၂)နှစ်ပြည့်ဂုဏ်ပြုပွဲများ ကျင်းပမည်

ဆုနှင်းလဲ့

မြန်မာ့ဒီမိုကရေစီဖော်ဆောင်ခဲ့ရာတွင် မကြောက်မရွံ့ အမှန်တရား၏ ဘက်တော်သား၊ ခံယူချက်ခိုင်မာစွာဖြင့် ဒီမိုကရေစီအရေးတော်ပုံ တပ်သားကြီးဟု တင်စားခေါ်ဝေါ်သည့် သတင်းစာဆရာကြီး ဟံသာဝတီ(ဦးဝင်းတင်) ကွယ်လွန်ခြင်း (၂)နှစ်ပြည့်အထိမ်းအမှတ် အနေဖြင့် ဂုဏ်ပြုပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဧပြီ ၂၁ ရက်တွင် သတင်းစာဆရာကြီး ဟံသာဝတီ(ဦးဝင်းတင်) ကွယ်လွန်သွားခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ပြီဖြစ်ပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ဦးဆောင်စီစဉ်၍ မိုးစေတနာလူမှုရေးအသင်းအပါအဝင် အသင်းအဖွဲ့များ၊ ပါတီများ၊ လူမျိုးဘာသာပေါင်းစုံပါဝင်ကာ အမှန်တရားဘက်တော်သားကြီးအတွက် ဂုဏ်ပြုပွဲအနေဖြင့် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ပါဖောမင့်များ၊ ဂုဏ်ပြုသီချင်း သီဆိုခြင်းများအပါအဝင် ဂုဏ်ပြုပွဲကို ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(ကံဘဲ့ဘူတာအနီး) (၁၂)ရပ်ကွက် ရွှေသို့လမ်း လူငယ်အားကစားကွင်း၌ နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၁ နာရီထိ ကျင်းပသွားမည်ဟု သိရသည်။

ယင်းအပြင် သတင်းစာဆရာကြီး ဦးဝင်းတင်၏ ဟံသာဝတီ(ဦးဝင်းတင်) ဖောင်ဒေးရှင်းအနေဖြင့်လည်း ဧပြီ ၂၁ ရက်တွင် တော်ဝင်နှင်းဆီခန်းမ၌ အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနား ကျင်းပသွားမည်ဟုသိရသည်။ ယင်းအပြင် ညနေပိုင်းတွင် ဟံသာဝတီ(ဦးဝင်းတင်) အုတ်ဂူသို့ သွားရောက်ဂါရဝပြုသွားမည်ဟု သိရသည်။

ဟံသာဝတီ(ဦးဝင်းတင်)သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင်ဖြစ်ပြီး ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းကို စတင်ထူထောင်ခဲ့သူဖြစ်သည်။ ၎င်း၏ ဘဝတစ်သက်တာတွင် ကိုယ်ကျိုးစွန့် အနစ်နာခံ ပေးဆပ်မှုများနှင့်အတူ မိမိ၏ယုံကြည်ချက်ကို မည်သည့်အခါမျှ စွန့်လွှတ်ခြင်းမရှိဘဲ ဒီမိုကရေစီအရေးအတွက် နောက်ဆုံးထွက်သက်အထိ ပြည်သူလူထုဘက်မှ မားမားမတ်မတ် ရပ်တည်ဆောင်ရွက်ခဲ့သူဖြစ်ကာ မြန်မာ့နိုင်ငံရေး မီးရှူးတန်ဆောင် သံမဏိသူရဲကောင်းပင်ဖြစ်သည်။ သတင်းစာဆရာ၊ စာရေးဆရာပီပီ အမှန်တရားအတွက် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ခဲ့ရာ သတင်းစာဆရာတို့အတွက် အတုယူလေးစားဖွယ်ရာပင်ဖြစ်သည်။ သေဆုံးသည်အထိ နာမည်ကောင်း၊ သမိုင်းကြောင်းကောင်းကို ရေးထိုးနိုင်ခဲ့သူဖြစ်ပြီး ပြည်သူ့ဘက်တော်သားအဖြစ် ရဲဝံ့စွာဆောင်ရွက်ခဲ့သူအဖြစ် ဟံသာဝတီ(ဦးဝင်းတင်)အား ချီးကျူးဂုဏ်ပြုကြသည်။

၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့သော သတင်းစာဆရာကြီးသည် မြန်မာ့နိုင်ငံရေးသမိုင်း၏ သမိုင်းဝင်ဖြစ်သော ပြည်သူလူထု တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို မြင်တွေ့လိုက်ခြင်းမရှိသလို၊ ပြည်သူလူထုရွေးချယ်ခဲ့သော ၎င်းယုံကြည်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရတစ်ရပ် တာဝန်ယူဆောင်ရွက်ခြင်းကိုလည်း တွေ့မြင်သွားခြင်းမရှိခဲ့ပေ။ သို့သော် ဟံသာဝတီ(ဦးဝင်းတင်)၏ မကြောက်မရွံ့ အမှန်တရား


သတင်းစာဆရာကြီး ဦးဝင်းတင်

အတွက် ရပ်တည်လာခဲ့ခြင်း တွန်းအားများနှင့်အတူ ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ခွင့်ရခဲ့သည့်အတွက် လာမည့် ဧပြီ ၂၁ ရက်တွင် ကျရောက်မည့် ၎င်းကွယ်လွန်ခြင်း နှစ်နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပွဲကြီးတစ်ရပ်ကို ကျင်းပသွားရန် စီစဉ်နေကြောင်း သိရသည်။

ဟံသာဝတီဦးဝင်းတင်အား အဘ ဦးပု၊ အမိ ဒေါ်အမာတို့မှ ၁၉၃၀ ပြည့် မတ်လ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်တွင် မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများ၌ "ဝင်းတင်" ကလောင်အမည်ဖြင့် စတင်ရေးသားခဲ့သည်။ သံတော်ဆင့်သတင်းစာမှ ထုတ်ဝေသည့် အကျိုးဆောင်ဂျာနယ်တွင် လက်ထောက်အယ်ဒီတာအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဂန္ထဝင်ဂျာနယ်လက်ထောက် အယ်ဒီတာနှင့် AFP သတင်းဌာနတွင် ညအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၀ မှ ၁၉၅၄ အထိ စာပေဗိမာန်မဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၄ မှ ၁၉၅၇ အထိ နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ ဂျန်ဘာတန် စာအုပ်ထုတ်ဝေရေးကုမ္ပဏီတွင် စာအုပ်ထုတ်ဝေမှုပညာနှင့် စာနယ်ဇင်းပညာကို ဆည်းပူးခဲ့သည်။ မြန်မာဘာသာပြန်စာအုပ်များ ထုတ်ဝေရေး အကြံပေးအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ပြီး ဒို့ပြည်သတင်းစာကို ထုတ်ဝေခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ကြေးမုံသတင်းစာကို အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၇ တွင် ပြည်သူ့အိုးဝေသတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ မှ ၁၉၆၄ အထိ စာနယ်ဇင်းကောင်စီ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ တွင် ကြေးမုံသတင်းစာ အယ်ဒီတာအဖြစ် ထပ်မံတာဝန်ယူခဲ့သည်။ ၁၉၆၈ မှ ၁၉၇၈ အထိ မန္တလေးမြို့ထုတ် ဟံသာဝတီသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ဟံသာဝတီ ဦးဝင်းတင်ဟူသော အမည်နာမကို ရရှိခဲ့သည်။ ၁၉၆၈ မှ ၁၉၇၂ အထိ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း စာဆိုတော်နေ့ စာတမ်းဖတ်ပွဲများကို လူထုဦးလှ၊ လူထုဒေါ်အမာတို့နှင့် ဆောင်ရွက်ခဲ့ပြီး သတင်းစာသမိုင်းပြုစုရန် ဆရာကြီးရွှေဥဒေါင်း၊ ဦးထင်ကြီး၊ လူထုဦးလှတို့နှင့် အားထုတ်ကြိုးပမ်းခဲ့သည်။ ၁၉၇၇-၁၉၇၈ မန္တလေးမြို့ ဟံသာဝတီ စနေစာပေဝိုင်းကို ဦးဆောင်ကာ စာတမ်းဖတ်ပွဲများ ပြုလုပ်ခဲ့ပြီး ၁၉၇၈ တွင် ထိုစာပေဝိုင်းမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ဝေဖန်သည့် စာတမ်းတစ်စောင်တင်သွင်းခဲ့သဖြင့် အာဏာပိုင်များက ဟံသာဝတီသတင်းစာကို ပိတ်ပစ်ကာ ဦးဝင်းတင်သည် ရာထူးမှထုတ်ပယ်ခြင်းခံခဲ့ရသည်။

၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံတွင် စာပေနှင့် အနုပညာရှင်များ သမဂ္ဂကို ဖွဲ့စည်းပြီး တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ရေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့၊ စာနယ်ဇင်းသမဂ္ဂတွင် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့၊ ၃၀-၈-၁၉၈၈ တွင် ဆန္ဒဖော်သံသတင်းစာကို ကိုယ်တိုင်ဦးစီးထုတ်ဝေခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းသည့်အခါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၈၉ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်၍ အစိုးရကိုဆန့်ကျင်ရာတွင် သုံးစွဲခဲ့သည့် "အများပြည်သူသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြဟူသော" ဆောင်ပုဒ်ကို ရေးသားထားခဲ့ပြီး အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သည်။ ၄-၇-၁၉၈၉ တွင် ဖမ်းဆီးခံရပြီး အင်းစိန်အကျဉ်းထောင်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ချမှတ်ခံရသည်။ ၁၉၉၂ ခုနှစ် ဇွန်လတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အများပြည်သူ ဆူပူအုံကြွအောင် လုပ်ဆောင်ရာတွင် နောက်ကွယ်မှ ကြိုးကိုင်အားပေးခဲ့သည်ဟု စွပ်စွဲကာ ထောင်ဒဏ် ၁၁ နှစ် ထပ်မံချမှတ်ခံခဲ့ရသည်။ ၁၉၉၀ တွင် အင်းစိန်ထောင်အတွင်း အစာငတ်ခံတိုက်ပွဲကို ဦးဆောင်ဆင်နွှဲခဲ့သည်။ အပတ်စဉ် မှတ်တမ်းလွှာတစ်ခုကို တိုက်အတွင်း ထုတ်ဝေနိုင်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် Su-SLORC Dialogue Policy ကို ထောင်တွင်း၌ပင် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် Appeal To The World (ကမ္ဘာသို့ပန်ကြားချက်) ကို ရေးသားခဲ့သဖြင့် ၁၉၉၅ တွင် ထောင်ဒဏ် ၅ နှစ်တိုးကာ ချမှတ်ခံခဲ့ရသည်။ ခွေးတိုက်သို့ အပို့ခံရသည့်အပြင် ရိုက်နှက်ညှဉ်းပန်းခြင်းကို ခံခဲ့ရသည်။ ၁၉၉၅ ခုနှစ်တွင် ၈၃ မျက်နှာ ပါထောင်တွင်း လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ အစီရင်ခံစာကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ လိပ်မူ၍ လျှို့ဝှက်ရေးသားပေးပို့ခဲ့မှုကြောင့် ၁၉၉၆ ခုနှစ်တွင် ထပ်တိုးထောင်ဒဏ် (၇)နှစ် ချမှတ်ခံရပြန်သည်။

၂၃-၉-၂၀၀၈ ခုနှစ်(ထောင်တွင်း၌ ၁၉ နှစ်ကျော်နေခဲ့ရပြီး)တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၂၀၁၁ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်ထူထောင်ရာတွင် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဒီလှိုင်းစာစောင်အား ဦးဆောင်ဦးရွက်ပြုထုတ်ဝေကာ အာဏာရှင် ဆန့်ကျင်ဝေဖန်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး ဆောင်းပါးများ အဆက်မပြတ်ရေးသားခဲ့သည်။ ၂၀၁၂ နှစ်ဦးပိုင်းတွင် နိုင်ငံရေးအကျဉ်းသားများအား ကူညီပေးရန် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို ထူထောင်ခဲ့ပြီး နှစ်လတစ်ကြိမ် ထောက်ပံ့ငွေများ ပေးအပ်ကူညီ ပံ့ပိုးခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုစားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် စေတနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ထပ်မံတိုးချဲ့ ပံ့ပိုးပေးခဲ့သည်။ အာဏာရှင်ကို ထာဝရဆန့်ကျင်သူ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအတွက် စွန့်လွှတ်ပေးဆပ် တိုက်ပွဲဝင်သူ၊ တော်လှန်ရေးစာပေသမားကြီး ဟံသာဝတီဦးဝင်းတင်သည် အသက် ၈၅ နှစ်အရွယ် ၂၁-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ကလောင်အမည်များမှာ မောင်ဝန်ဇင်း၊ ပေါ်သစ်၊ ပြည်စိုး၊ ဝင်းတင်၊ ပုည၊ သုတေသီ၊ အယ်ဒီတာတစ်ဦးဖြစ်ပြီး လူ့အခွင့်အရေးနှင့် စာနယ်ဇင်းဆိုင်ရာ နိုင်ငံတကာဆုများစွာရရှိခဲ့ကာ ပြင်သစ်နိုင်ငံရှိ လမ်းတစ်လမ်းကို ဝင်းတင်လမ်းဟု ဂုဏ်ပြုအမည်ပေးခြင်းခံခဲ့ရသည်။



## ဇီဝိတဒါနငါးလွှတ်ပွဲ မုံရွာတွင်ကျင်းပ

**မုံရွာ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း ဇက်ဆိပ်တွင် ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အဆင့် ကော်မတီ(၃)ရပ်မှ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်း အကောင် ၅၀၀၀၀၊ ရွှေဝါငါးကြင်း အကောင် ၅၀၀၀၀၊ ထိုင်းငါးခုံးမ အကောင် ၅၀၀၀၀ စုစုပေါင်း အကောင် ၁၅၀၀၀၀ ကို လွှတ်ပေးခဲ့သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ မုံရွာမြို့တွင် သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်း၊ သက်ကြီးဘိုးဘွားများကို လူငယ်များက ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းလှီးပေးခြင်း၊ ဘုရားကျောင်းကန်များကို သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ စေတီဘုရားများကို သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် ဌာနဆိုင်ရာများရှိ အချက်အချာနေရာများတွင် အန္တရာယ်ကင်းပရိတ်ရွတ်ခြင်းများ၊ ဇီဝိတဒါန အဖြစ် ငါးလွှတ်ပွဲများ၊ နွားဘေးမဲ့ပွဲများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

# ဘုရင့်နောင်ပွဲရုံများအရောင်းအဝယ်စတင်ပြုလုပ်၊ ကြက်သွန်နီ၊ အာလူးကားစီးရေ ၁၀၀ နီးပါးဝင်ရောက်၊ ကြက်သွန်နီ၊ အာလူး၊ ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်းကျဆင်း၊ သကြားဈေးတက်

**ရန်ကုန် ဧပြီ ၁၈**

ကုန်စည်ဒိုင်မဖွင့်သော်လည်း ဧပြီ ၁၈ ရက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပွဲရုံအများစုဖွင့်လှစ်ပြီး အရောင်းအဝယ်များတွေ့ရသည်။ ယင်းနေ့တွင် ကြက်သွန်နီကားအစီးရေ ၇၀ ကျော် ပိဿာချိန် လေးသိန်းကျော်၊ အာလူးကားအစီးရေ ၂၀ ကျော် ပိဿာချိန် တစ်သိန်းကျော် ဝင်ရောက်မှုရှိသည်ဟု ကြက်သွန်နီ၊ အာလူးပွဲရုံများမှ ကောက်ယူထားသော စာရင်းများအရ သိရသည်။

ဧပြီ ၁၈ ရက်(တနင်္လာနေ့)တွင် ကြက်သွန်နီလက်ကားဈေးနှုန်း တစ်ပိဿာ ၃၅၀၊ ၄၅၀၊ ၄၇၅၊ ၄၇၅ ကျပ်နှုန်း အာလူးတစ်ပိဿာ ၄၀၀၊ ၇၀၀၊ ၈၀၀၊ ၈၃၀ ကျပ်နှုန်းရှိသည်ဟု ရေတမာလမ်းရှိ ကြက်သွန်နီ၊ အာလူးရောင်းချနေသော ပွဲရုံပိုင်ရှင်များက ဆိုသည်။

သင်္ကြန်မတိုင်မီ ဧပြီ ၈ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာလက်ကားဈေးနှုန်း ၄၇၀၀-၄၈၀၀ ကျပ်နှုန်းရှိခဲ့သော်လည်း သင်္ကြန်အပြီးဖွင့်ရက်တွင် ဝင်ရောက်မှုများသဖြင့် တစ်ပိဿာလျှင် ၄၁၅၀ ကျပ်ဝန်းကျင်သို့ ဈေးနှုန်းကျဆင်းလာသည်။ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၁၆၀၀-၁၉၀၀-၂၁၀၀-၂၄၀၀ ကျပ်နှုန်းရှိရာမှ ဧပြီ ၁၈ ရက်တွင် ၁၇၀၀၊ ၂၀၀၀၊ ၂၂၀၀၊ ၂၅၀၀ ကျပ်နှုန်းရှိသည်ဟု ငုဝါလမ်းသွယ်ရှိ ရှမ်းကြက်သွန်ဖြူရောင်းချနေသူ ကိုစိန်ဝင်းက ဆိုသည်။

သင်္ကြန်ပိတ်ရက်မတိုင်မီ ဧပြီ ၇ ရက်တွင် ကြက်သွန်နီ ကား ၃၁ စီး၊ ဧပြီ ၈ ရက်တွင် ကြက်သွန်နီ ၁၇ စီး ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်ခဲ့သည်။ ကြက်သွန်ပွဲရုံများတွင် ကြိုတင်ဝယ်ယူမှုများသဖြင့် ယင်းရက်များတွင် ပွဲရုံများသို့ တိုက်ရိုက်ဝယ်ယူနိုင်မှုနည်းပါးပြီး ပွဲရုံဝင်းအတွင်းရှိ တစ်ဆင့်ပြန်ရောင်းသည့် ဆိုင်များတွင် အမြတ်ပေးဝယ်ယူမှုရှိသည်ဟု ရန်ကုန်မြို့တွင်း ရပ်ကွက်ဈေးများတွင် ပြန်ရောင်းချသူများက ဆိုသည်။ ဧပြီ ၇ ရက်တွင် ကြက်သွန်နီတစ်ပိဿာ ၂၅ ကျပ်၊ ဧပြီ ၈ ရက်တွင် ၂၅ ကျပ်စီ ဈေးတက်လာသည်။ ဧပြီ ၈ ရက်တွင် ကြက်သွန်နီ လက်ကားဈေးနှုန်းမှာ တစ်ပိဿာ ၃၇၅၊ ၄၇၅၊ ၅၀၀၊ ၅၀၀ ကျပ်နှုန်း ဒိုင်ဈေးဖွင့်သော်လည်း အဝယ်ရခက်သည်ဟု သိရသည်။

ဧပြီ ၈ ရက် အာလူးဈေးနှုန်းမှာ ၄၀၀-၇၅၀-၈၅၀-၈၇၀ ဖြစ်သော်လည်း ဈေးကွက်တွင် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းဝယ်ကြသည်။ အချို့ပွဲရုံများတွင် A1 အရွယ်အစား အာလူး တစ်ပိဿာ ၆၀၀ ကျပ်ထိ ဈေးဖွင့်ရောင်းချကြသည်။

ကြည့်မြင်တိုင် သဲကွင်းမှတ်တိုင်အနီးရှိ စားအုန်းဆီသိုလှောင်ကန်တစ်ကန်၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကန်တစ်ကန်တို့တွင် စားအုန်းဆီများ ထုတ်ပေးနေသည်ကို တွေ့ရသည်။

ဧပြီ ၈ ရက်တွင် စားအုန်းဆီ FOB တစ်တန်ပြည်ပဈေး ၇၄၅ ဒေါ်လာနှုန်း ဗဟိုဘဏ်ငွေလဲနှုန်း ၁၁၈၀ ကျပ်ဖြင့် တစ်ပိဿာ ဆိပ်ကမ်းအရောက် အရင်းဈေးနှုန်း ၁၆၂၆ ကျပ်၊ ဆီဈေးကွက်တွင် ဆီထုတ်ယူခွင့်စာရွက်တစ်ပိဿာ ရောင်းဈေး ၁၆၆၀ ကျပ်နှုန်းရှိသည်ဟု နေ့စဉ် စားအုန်းဆီဈေးနှုန်းအသိပေးခြင်းစာရွက်အရ သိရသည်။ ပွဲရုံဝင်းအတွင်း အလှယ်လက်ကားလက်ငင်း တစ်ပိဿာ ရောင်းဈေးမှာ ၁၆၇၅ ကျပ်နှုန်း ဧပြီ ၈ ရက်တွင် ရှိခဲ့ပြီး ဧပြီ ၁၈ ရက်တွင် ယင်းနှုန်းအတိုင်းသာရှိနိုင်မည်ဟု ရေတမာလမ်းမှ ဆီရောင်းချသူတစ်ဦးကဆိုသည်။

သင်္ကြန်ပွဲတော်ရက် အလှူအတန်းတွင် အသုံးများသော ထန်းလျက်များ သင်္ကြန်ဖွင့်ရက်တွင် အဝယ်လျော့လာနိုင်သည်။ ရန်ကုန်ဈေးကွက်သို့ ထန်းလျက်အဝင်များရာ ဧပြီ ၁၈ ရက်တွင် ညောင်ဦးဆေးခတ်အစစ် တစ်ပိဿာ လက်ကားဈေး ၁၃၅၀ ကျပ်၊ သကြားရော ၁၁၅၀ ကျပ်၊ မလိုင်ထန်း ၁၀၅၀ ကျပ်၊ ပခုက္ကူထန်းကြမ်းအသစ်တစ်ပိဿာ ၁၁၅၀ ကျပ်၊ အဟောင်း ၁၂၀၀ ကျပ်၊ ရေစကြိုဝမ်းဖြူအသစ် ၁၄၀၀ ကျပ်၊ အဟောင်း ၁၅၀၀ ကျပ်နှုန်းရှိသည်ဟု ငုဝါလမ်းရှိ ထန်းလျက်ပွဲရုံမှ သိရသည်။

ဧပြီ ၁၈ ရက်တွင် အိန္ဒိယငရုတ်ရှည် တစ်ပိဿာလက်ကား ဈေးနှုန်း ၄၀၅၀-၄၁၀၀ ကျပ်နှုန်းဖြင့် ဈေးနှုန်း မပြောင်းလဲဘဲရှိသည်။ တစ်ဖက်နိုင်ငံသို့ တင်ပို့မှုနည်းပြီး ပြည်တွင်းတွင် အများအပြားသိုလှောင်ထားရှိသည့် ပြည်ပမှတင်သွင်းလာသော သကြားဈေးနှုန်းသည် ဧပြီ ၈ ရက်တွင် တစ်ပိဿာ ၉၈၀ ကျပ်နှုန်းရှိခဲ့သည်။ သင်္ကြန်ပိတ်ရက်တွင် ပြည်ပမှတင်သွင်းသော သကြားဈေးကွက်မှာ သဘော်ဝင်ရောက်မှုမရှိသေးသည်ကို အကြောင်းပြု၍ ဧပြီ ၁၈ ရက်တွင် ၁၀၂၅ ကျပ်နှုန်းသို့ ဈေးမြင့်တင်ရောင်းချမှုရှိသည်ကို မြင်တွေ့ရသည်။



ယခုနှစ်သင်္ကြန်ပိတ်ရက်သည် တနင်္ဂနွေနေ့ပါဆိုလျှင် ၁၁ ရက်ဖြစ်သည်။ ဧပြီ ၂၁ ရက် ကြာသပတေးနေ့တွင် ကုန်စည်ဒိုင်စတင်ဖွင့်လှစ်မည်ဖြစ်သော်လည်း ယင်းမတိုင်မီ သုံးရက်အတွင်း ပွဲရုံဝင်းအတွင်း အရောင်းအဝယ်ပြုလုပ်မှုများမြင်တွေ့လာရသည်။ ကြက်သွန်နီထည့်သည့် အိတ်ခွံအခက်အခဲရှိသည်ကို အကြောင်းပြု၍ ကြက်သွန်နီဈေးနှုန်း ပြန်လည်မြင့်တက်လာနိုင်သည်ဟု ပြောဆိုမှုများ ဈေးကွက်တွင်ကြားသိရသည်။ ဧပြီ ၁၈ ရက်တွင် ကြက်သွန်နီ၊ အာလူး ကားအစီးရေ ၁၀၀ ခန့် ပိဿာချိန် ငါးသိန်းကျော် အဝင်များသော်လည်း နယ်နှင့် ရန်ကုန်မြို့တွင်းမှ ဝယ်လက်များ စုံလင်စွာမလာသေးခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းမှုရှိပြီး ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုနည်းပါးလာသည်ကို တွေ့ရသည်။

သင်္ကြန်မတိုင်မီ ဧပြီ ၈ ရက်တွင် အဝယ်ခက်၊ ဈေးနှုန်းမြင့်သော်လည်း ဧပြီ ၁၈ ရက်တွင် အဝယ်လွယ်၊ ဈေးနှုန်းသက်သာမှု ကြက်သွန်နီ၊ အာလူး၊ ကြူကုတ်ကြက်သွန်ဖြူများဈေးကွက်တွင် တွေ့မြင်လာရသည်။ ရန်ကုန်မြို့တွင်း ဈေးများတွင် သင်္ကြန်ရက်အတွင်း ကြက်ဥတစ်လုံး ၁၅၀ ကျပ်၊ ဘဲဥ ၂၀၀ ကျပ်ဖြင့် ဝယ်ယူရသော်လည်း အရောင်းဆိုင်ကြီးများကို ဧပြီ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကြက်ဥတစ်လုံး ၁၃၀ ကျပ်၊ ဘဲဥ ၁၅၀ ကျပ်နှုန်းသာ ရှိသည်ဟု ရန်ကုန်မြို့တွင်းဈေးဝယ်သူများက ဆိုသည်။

**(မောင်စေအောင်)**

# ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန် ခိုလှုံရန်နေရာများ

**နေပြည်တော် ဧပြီ ၁၈**

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များသည် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ထားသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်တောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်၊ ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

ပြည်တွင်း/ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(ကြေးမုံ)**

# ဧပြီလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းကာရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်အခြေအနေ**

နေ့အပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ တတိယ ၁၀ရက်ပတ်၏ ပျမ်းမျှအပူချိန်ခန့်သာရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ တတိယ ၁၀ ရက်ပတ်၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းချက်ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

✻

# မန္တလေးတွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအညွှန်းကိန်းမြင့်မား

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းမြို့များမှာ မန္တလေးမြို့တွင် ၈ ဒသမ ၈ ဖြင့် အမြင့်ဆုံးဖြစ်ပြီး ရန်ကုန်မြို့တွင် ၈ ဒသမ ၁ နှင့် နေပြည်တော်တွင် ၇ ဒသမ ၈ ကျရောက်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းထုတ်ပြန်ခဲ့သည်။

○ ရွှေဖုံးမှ

လမ်းပန်းဆက်သွယ်ရေးနှင့် ရန်ကုန်မြို့ပြ ယာဉ်ကြောပိတ်ဆို့မှုပြဿနာသည် ကြီးမားလာလျက်ရှိသည်။ နေ့စဉ်လမ်းများကို အသုံးပြုနေသည့် လမ်းအသုံးပြုသူ အရေအတွက်ကလည်း မြို့ပြလူဦးရေ၏ ထက်ဝက်ခန့်ရှိသည်။ ယင်းပြဿနာကို ဖြေရှင်းရန်မှာ ရေတို ရေရှည်စီမံကိန်းများဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်သွားရမည်ဖြစ်သည်။ လမ်းများပေါ်တွင်သာ အချိန်ကုန်ဆုံးနေရသည့်အတွက်ကြောင့်လည်း အလုပ်လုပ်နိုင်စွမ်းအား လျော့ကျကာ တစ်ဦးတစ်ယောက်ချင်း ဆုံးရှုံးနေရသည့် လုပ်အား၊ အချိန်၊ ပင်ပန်းနွမ်းနယ်မှုများကို စုပေါင်းကြည့်ပါက နိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ အဓိကဆောင်ရွက်ရာ ရန်ကုန်မြို့တော်၏ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်များ လျော့ကျရသည်ဟု မြို့ပြရေးရာ ပညာရှင်များက ခေတ်အဆက်ဆက် ဝေဖန်သုံးသပ်တင်ပြမှုများ ရှိခဲ့သည်။

ယခင် အချိန်ကာလက စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အဓိကထားဆောင်ရွက်သွားမည်ဟု ပြောဆိုမှုများရှိခဲ့သည်။ ယင်းအပြင် လေးလ အတွင်း ခုံးကျော်တံတားများ အပြီးတည်ဆောက်သွားမည်ဟုလည်း တရားဝင်ပြောကြားမှုများရှိခဲ့သည်။ သို့ရာတွင် ခုံးကျော်တံတားပေါင်း ခုနစ်စင်း၊ ငွေကျပ် ဘီလီယံ ၁၀၀ ကျော်အသုံးပြုဆောင်ရွက်ခဲ့သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများသည် ယခင်ကထက်ပင် ပိုမိုဆိုးရွားလာခဲ့သည်။

အလားတူ ထိုကာလက ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားစွာဖြစ်ပေါ်နေသော ရန်ကုန်မြို့တော်တွင် ခြောက်လအတွင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ ဖြေရှင်းဆောင်ရွက်သွားမည်ဟု တရားဝင်ရှင်းလင်းပြောကြားခဲ့သလို ပြည်ပမှ မော်တော်ယာဉ် တင်သွင်းမှုများကိုလည်း ကန့်သတ်ချက်များ ထုတ်ပြန်ကန့်သတ်ခဲ့သည်။ မော်တော်ယာဉ်ရပ်နားရန် ကိုယ်ပိုင်နေရာရှိမှ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းရမည်ဆိုသော်လည်း အဆိုပါယာဉ်ရပ်နားရန် နေရာပါမစ်အတွက် မှောင်ခိုဈေးကွက် တစ်ရပ်ပေါ်ပေါက် လာကာ မမှန်မကန်မှုများ၊ အဂတိလိုက်စားမှုများရှိခဲ့သည်ဟု မော်တော်ယာဉ်ပိုင်ရှင်များက ဆိုကြသည်။ မည်သို့ပင် ယာဉ်တင်သွင်းမှု ကန့်ကွက်စေကာမူ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ခုံးကျော်တံတားများတည်ဆောက်ခဲ့သည့် နေရာများ၏ ပတ်ဝန်းကျင်များ၊ ရပ်ကွက်အတွင်းလမ်းများ၊ လမ်းသွယ်များတွင်ပါ ယာဉ်ကြောပိတ်ဆို့မှုများက ဆိုးရွားလာခဲ့သည်။ ထို့အတွက်ကြောင့်လည်း ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးတစ်ရပ်ရှိပါက ကိုယ်ပိုင်ယာဉ်အသုံးပြုမှုလျော့နည်းသွားမည်ဟူသော သုံးသပ်ချက်များနှင့်အတူ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်ကိုထူထောင်ကာ အများပြည်သူသယ်ယူပို့ဆောင်ပေးသော အဆင့်မြင့်ယာဉ်လိုင်းများလည်း ပြေးဆွဲခဲ့သည်။ သို့သော် စည်းကမ်းမဲ့ ပြေးဆွဲရပ်တန့်နေသော ဘတ်စ်ကားများ ရှိနေခြင်း၊ ထိရောက်စွာ ပညာပေးအရေးယူမှုအားနည်းခြင်းနှင့် စည်းကမ်းမဲ့ ဈေးသည်များ၊ စည်းကမ်းမဲ့ရပ်တန့်နေသော ယာဉ်များကြောင့်လည်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာသည် ဖြေရှင်း၍မရနိုင်သော ကိစ္စရပ်တစ်ခုလိုပင် ဖြစ်နေခဲ့သည်။ လက်ရှိအစိုးရသစ်တစ်ရပ်တာဝန်ယူဆောင်ရွက်လာသောအခါ ရန်ကုန်မြို့တော်သူမြို့တော်သား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မျှော်လင့်ချက်များစွာ ထားရှိထားကြပြီး လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေမှုနှင့် စားဝတ်နေရေးပြဿနာ အဆင်ပြေချောမွေ့စေမှုတို့အပေါ် များစွာမျှော်လင့်ထားကြခြင်းပင်ဖြစ်သည်။

“ယာဉ်ကြောပိတ်ဆို့မှု ပြဿနာက တစ်နေရာချင်းစီဆောင်ရွက်လို့မရဘူး။ ဘက်ပေါင်းစုံကနေ ဖြေရှင်းဆောင်ရွက်ရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ BRT Lite ဘတ်စ်ကားပြေးဆွဲမှုစနစ်ကနေ နိုင်ငံတကာမှာလို BRT စစ်စစ်စနစ်ကို ပြေးဆွဲနိုင်အောင် တဖြည်းဖြည်းဆောင်ရွက်သွားရမှာဖြစ်သလို မီးပွိုင့်စနစ်တွေ ကောင်းမွန်အောင် အချက်ပြ



စနစ်ကို စနစ်တကျလိုက်နာအောင် အသိပညာပေးတာတွေ ထိရောက်တဲ့အရေးယူဆောင်ရွက်မှုတွေ လုပ်ရမယ်။ နောက်ရထားစနစ်ကို ကောင်းမွန်အောင် ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်နေသလို ရေရှည်ဆောင်ရွက်သွားရမှာတွေလည်း ရှိပါတယ်။ ထိုင်းနိုင်ငံမှာလို water way တွေလည်း အကောင်အထည်ဖော်နိုင်ဖို့ လိုပါတယ်။ ဘက်စုံသယ်ယူပို့ဆောင်ရေး နည်းလမ်း၊ ဘက်စုံပေါင်းစည်းတဲ့ သယ်ယူပို့ဆောင်ရေးကွန်ရက် ဆောင်ရွက်သွားမှသာ ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ လျော့ကျသွားမှာဖြစ်ပါတယ်။ မြို့ပြလူထု အဓိကအားထားနေတာ ဘတ်စ်ကားဖြစ်ပြီး ကြံ့ခိုင်မှုအားနည်းတဲ့ ဘတ်စ်ကားတွေ၊ ဝန်ဆောင်မှုအားနည်းပြီး ဝင်ငွေရှာဖွေမှုကို အဓိက ဆောင်ရွက်နေတဲ့အခါမှာ အများပြည်သူအခြေပြုတဲ့ သယ်ယူပို့ဆောင်ရေး ဖြစ်မလာတော့ဘူး။ ဒါကြောင့်လည်း ဘီအာရ်တီစနစ်ကို စမ်းသပ်အခြေပြုထားတာ ဖြစ်ပါတယ်။ အဓိကက စည်းကမ်းလိုက်နာမှုနဲ့ ဥပဒေစိုးမိုးမှုရှိဖို့လည်း လိုအပ်တာပေါ့။ ဒါကြောင့်လည်း ရေတိုသာမက ရေရှည်စီမံကိန်းတွေနဲ့ပါ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်”ဟု ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က သုံးသပ်သည်။

ယာဉ်ကြောပိတ်ဆို့မှုနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးပြဿနာများကို ဖြေရှင်းရန်အလို့ငှာ ထိုကာလက ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အစည်းကို ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံရင့် အငြိမ်းစားဝန်ထမ်းများဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးခဲ့သော်လည်း အဆိုပါအဖွဲ့ကြီးကို ပြန်လည်ဖျက်သိမ်းခဲ့သည်။ ထို့နောက်တွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်မြို့တော်တွင် ခုံးကျော်တံတားများ တည်ဆောက်ခဲ့ပြီး ငွေကျပ် ဘီလီယံ ၁၀၀ ကျော်အထိ သုံးစွဲခဲ့သည်ဟု သိရသည်။ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရန်ဟုဆိုကာ အဆိုပါခုံးကျော်တံတား များကို တည်ဆောက်ခဲ့သော်လည်း မြို့ပြရေးရာ ကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ မြို့ပြအင်ဂျင်နီယာတချို့က ယင်းကဲ့သို့ တစ်ကြောင်းထိုး ခုံးကျော်တံတားများ တည်ဆောက်ခြင်းသည် ယာဉ်ကြောပိတ်ဆို့မှုကို မဖြေရှင်းနိုင်ဟူသော ဝေဖန်သုံးသပ်မှုများ တင်ပြခဲ့သည်။ သို့ရာတွင် လွှတ်တော်တွင်လည်း ကန့်ကွက်သူ နည်းခဲ့ကာ ခုံးကျော်တံတားများကို ဦးစားပေးတည်ဆောက်ခဲ့သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများမှာ လျော့ကျသွားခြင်းမရှိဘဲ ပိုမိုဆိုးရွားလာခဲ့သည်။ ထိုအချိန်က ရန်ကုန်မြို့ရှိ ကနေဒါတံတား(၁၅ ပေ ခုံးတံတား၊ ပုဇွန်တောင်မြို့နယ်)ကဲ့သို့ မီးပွိုင့်မလိုအပ်ဘဲ လေးညှင်းပွင့်ကဲ့သို့ လမ်းကြောင်း ခွဲထွက်သွားနိုင်သည့် တံတားပုံစံမျိုး တည်ဆောက်ချင်သော်လည်း အဆိုပါ ကနေဒါတံတား (ကနေဒါနိုင်ငံမှ ပံ့ပိုးမှု ဖြင့် တည်ဆောက်သည်) ကဲ့သို့ တံတားမျိုး တည်ဆောက်ပါက ငွေကျပ် ၁၀၀ ဘီလီယံကျော် ကုန်ကျမည်ဖြစ်သည့် အတွက် ငွေကြေးမတတ်နိုင်၍ မတည်ဆောက်နိုင်ကြောင်း ပြောကြားမှုရှိခဲ့သည်။ ယင်းကြောင့် တစ်လမ်းထိုး(ဖားခုန် ခုန်သကဲ့သို့) တံတားများကို နေရာအနှံ့တည်ဆောက် ခဲ့သော်လည်း တံတားအဆင်း မီးပွိုင့်များတွင် ယာဉ်ကြော ပိတ်ဆို့မှုများ ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သည့်အပြင် ဆက်စပ်နေသော ရပ်ကွက်အတွင်းလမ်းများတွင်ပါ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်ကြီးတွင် ယာဉ်အစီးရေ သန်းချီရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေရသည်။ သို့သော် အခြားသော သယ်ယူပို့ဆောင်ရေး နည်းလမ်းများ၊ စနစ်တကျ ဖြေရှင်းဆောင်ရွက်မှုများဖြင့် အများပြည်သူအခြေပြု သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်တွင်မူ ယာဉ်အစီးရေသည် သိန်းဂဏန်းသာ ရှိနေသေးသည်။ သန်းချီမရှိသေးပေ။ နိုင်ငံအဝှမ်းတွင်လည်း နှစ်ဘီးတပ် ဆိုင်ကယ်စီးရေသာ ပိုမိုများပြားနေပြီး ရန်ကုန်တွင်သာ မော်တော်ယာဉ်စီးရေ များပြားနေသည့်အတွက် နိုင်ငံအနေဖြင့်မူ မော်တော်ယာဉ်စီးရေ များစွာလိုအပ်နေသေး သည်။ ယင်းကြောင့်လည်း မော်တော်ယာဉ်တင်သွင်းမှုကို ပြုလုပ်နေရမည်ဖြစ်သည်။ နိုင်ငံအဝှမ်းမှလည်း စီးပွားရေး မြို့တော်သို့ ပြောင်းရွှေ့အခြေချနေထိုင်သူများ တိုးပွားလာလျက်ရှိရာတွင် ယာဉ်အစီးရေ၊ လူဦးရေတိုးတက်လာမှုအပေါ် ဖြေရှင်းဆောင်ရွက်ရမည့် အရေးကိစ္စများစွာရှိနေမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိရန်ကုန်တိုင်းဒေသကြီး အစိုးရသစ်အနေဖြင့် နိစ္စဓူဝ လမ်းအသုံးပြုသူများ ဖြစ်ပေါ်နေသည့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာရပ်များကို မည်ကဲ့သို့ ရေတိုရေရှည် နည်းလမ်းများဖြင့် ဖြေရှင်းသွားမည်ဆိုသည်ကို အများပြည်သူများက သိရှိလိုနေကြပြီး အဆင်ပြေချောမွေ့မှုများ ပိုမိုရရှိလာမည်ဟုလည်း မျှော်လင့်ထားကြသည်။ နိုင်ငံတကာအတွေ့အကြုံရှိ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ပအဖွဲ့အစည်း နိုင်ငံများ၏ ကူညီပံ့ပိုးမှုများဖြင့် ရန်ကုန်မြို့ပြ စနစ်တကျ ဖွံ့ဖြိုးရေး၊ မြို့ပြစီမံကိန်းများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးကို မျှော်လင့်လျက်ရှိကြသည်။ ပြည်သူလူထုရွေးချယ်ခဲ့သော ဒီမိုကရေစီအစိုးရအဖွဲ့၏ ပွင့်လင်းမြင်သာမှုရှိသော ရေတိုရေရှည်စီမံကိန်းများ၊ ဆောင်ရွက်ချက်များကို မျှော်လင့်သိရှိလိုခြင်းပင်ဖြစ်သည်။

# (၄၃)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၈**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသည့် (၄၃) ကြိမ်မြောက် မွန်သက်ကြီးမိဘများ ပူဇော်ကန်တော့ပွဲနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီရုံး မွန်ပြည်နယ် ဓမ္မာရုံတွင် မေ ၁၇ ရက် (နှစ်ဆန်း ၁ ရက်) နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) ဥက္ကဋ္ဌ ဦးနိုင်စိုးအောင်က မိမိတို့ မွန်အမျိုးသားစာပေနှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ဆင့်ကမ်းအမွေပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ၁၉၇၂ ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်း၍ ယနေ့ဆိုလျှင် ၄၄ နှစ်ကြာပြီဖြစ်ပြီး ကော်မတီအသင်းအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသင်းခွဲ ၂၉ နေရာတွင် နှစ်စဉ်နှစ်တိုင်း လူငယ်လူရွယ်များအား စာပေ၊ သိမှတ်နားလည်သင့်သည့် ရိုးရာယဉ်ကျေးမှုများကို သင်ကြားလေ့ကျင့်ပေးခဲ့သည်မှာ ယခုနှစ်တွင် ၅၀၀ နှင့် စုစုပေါင်း လူငယ်လူရွယ်အရေအတွက် နှစ်ထောင်ကျော်ရှိခဲ့ပြီဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသည့် မွန်တိုင်းရင်းသားရေးရာနှင့်ပူးပေါင်း၍ အခြေအနေပေးလျှင်ပေးသလို မွန်ဒေသများနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးမည်ဖြစ်ပြီး (၄၃) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကော်မတီ၏ဒု-ဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်ပန်းက သက်ကြီးပူဇော်ပွဲအကြောင်း၊ ပညာရည်ချွန်ဆုပေးရခြင်းအကြောင်း ရှင်းလင်းပြောကြား၍ မွန်သက်ကြီးမိဘ ဘိုးဘွား ၁၆၀ ကျော်အား အမှတ်တရလက်ဆောင်ပစ္စည်းများ၊ လှူဖွယ်ဝတ္ထုများဖြင့် ပေးအပ်လှူဒါန်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ပညာရည်ချွန်ဆုရရှိခဲ့သည့် ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဆုရှစ်ဆုရရှိခဲ့ကြသည့် မွန်ကျောင်းသား ကျောင်းသူ ၃၁ ဦးအား အမှတ်တရဆုများချီးမြှင့်၍ ဘိုးဘွားများက ဩဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ မွန်စာပေယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကို ဥက္ကဋ္ဌ ဦးနိုင်စိုးအောင်၊ ဒု-ဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်ပန်း၊ အတွင်းရေးမှူး မင်းအောင်မျိုးပိုင်၊ ဘဏ္ဍာရေးမှူး မိနီလာခင်အပါအဝင် EC ၁၃ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**(သန်းဦးလှိုင်)**



# မင်းကင်းမြို့၌ သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ကန်တော့

**မင်းကင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများဦးဆောင်၍ သက်ကြီးရွယ်အိုဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှေ့ရိပ်သာ၌ မေ ၁၈ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားတွင် မြို့ပေါ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ များက မြို့ပေါ်ရပ်ကွက်အတွင်းရှိ အသက်(၇၅)နှစ်အထက် သက်ကြီးရွယ်အိုအဘိုး ၃၃ ဦးနှင့် အဘွား ၅၈ ဦး စုစုပေါင်း ဘိုးဘွား ၉၁ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းစီပေးအပ်လှူဒါန်းပြီးနောက် နှစ်ဟောင်းကို ကျော်လွန်၍ နှစ်သစ်မင်္ဂလာသို့ ကူးရောက်သော အခါသမယတွင် အပြစ်ခပ်သိမ်းပပျောက်ငြိမ်းကာ အသက်ရှည်စွာ အနာမဲ့ရေး ဘေးရန်ကင်းကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်းအကျိုးငှာ မိမိတို့ထက် အသက်ဂုဏ်ဝါကြီးမြင့်ကြကုန်သော သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ဂါရဝရိုကျိုး မာန်နှိမ်ချိုး၍ လေးမြတ်စွာ ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**(ချင်းတွင်းသား)**

## ရုပ်မြင်သံကြားအစီအစဉ်

[၁၉ - ၄ -၂၀၁၆ (အင်္ဂါနေ့)]

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
၅း၄၀ "မင်္ဂလသုတ် တရားဒေသနာတော်" (အပိုင်း-၂) [ဆရာတော်အရှင်တိက္ခသာရ (သီတဂူ)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၆)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (၁၉၉၈-၂၀၀၂ ခုနှစ် အင်းစိန် E.G.T.I (CIVIL) ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၀၀ Cartoon Series (Go Go Giggles)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၄)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၀ သွားမယ်စားမယ် (Remen Bar)
၁၁း၄၀ Forever Music Tribute Water Party ရေ Party (အပိုင်း-၂) (ဒုတိယပိုင်း)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၅၈)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၃၆)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ထွန်းနေဝင်း (သစ္စာ)ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံ Doosan Infracore Co.,Ltd. တို့မှ စီစဉ်ကျင်းပသည့် "2016 Doosan Golf Tournament")
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၇)
၇း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၅)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Moda Magazine & Vietjet Airline တို့ ပူးပေါင်းကျင်းပသော Fashion Night Out အခမ်းအနား)
၈း၁၀ ရသစုံညွန့်တမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၅)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၅၉)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၀ MRTV-4 Stage
၁၀း၂၅ World of Knowledge (Ultimate Shark)

## မေလအတွင်း ဆိုလိုတေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့မှောက် ပြန်လည်ရောက်ရှိလာတော့မယ့် ဂျက်ဆီကာ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls'Generation" ကနေ ပြီးခဲ့တဲ့ ၂၀၁၄ခုနှစ်အတွင်းက နုတ်ထွက်သွားခဲ့တဲ့ ဂျက်ဆီကာဟာ အဖွဲ့ကနေ နုတ်ထွက်ပြီးနောက်ပိုင်း ဖက်ရှင်လောကမှာ လှုပ်ရှားနေရင်း သူ့ရဲ့ဂီတနဲ့ပတ်သက်တဲ့လှုပ်ရှားမှု မရှိသလောက်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် လာမယ့် မေလအတွင်းမှာတော့ အဆိုတော်တစ်ဦးအဖြစ် ဂီတလောကအတွင်း ပြန်လည်ခြေချတော့မှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျက်ဆီကာဟာ မေလအတွင်းမှာ အဖွဲ့က နုတ်ထွက်ပြီးတဲ့နောက် ပထမဦးဆုံးထုတ်လုပ်ခဲ့တဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပရိသတ်ရှေ့မှောက် အရောက်ပို့ဆောင်သွားရန်စီစဉ်ထားကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၈ ရက်က ဂျက်ဆီကာရဲ့ ကိုယ်စားလှယ်က "မေလအတွင်းမှာ ဂျက်ဆီကာရဲ့ တေးအယ်လ်ဘမ်ထွက်ရှိမယ်ဆိုတဲ့ သတင်းဟာ အမှန်ပါပဲ။ နောက်ဆုံးထုတ်လုပ်ရေးနဲ့ ပတ်သက်တဲ့ လုပ်ဆောင်စရာရှိတာတွေကို ဆောင်ရွက်နေဆဲမို့ ဘယ်ရက်လောက်ထွက်ဖြစ်မလဲဆိုတာတော့ သေချာမသတ်မှတ်ရသေးတဲ့အတွက် မပြောနိုင်သေးပါဘူး။ ဒါပေမယ့် တေးအယ်လ်ဘမ်အတွက် ဗီဒီယိုရိုက်ကူးတာတွေ၊ အသံသွင်းတာတွေကတော့ ပြီးနေပါပြီ"လို့ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ စက်တင်ဘာလကစတင်ပြီး ဂျက်ဆီကာရဲ့အနုပညာဖန်တီးမှုတွေနဲ့ ကင်းကွာခဲ့ရတဲ့ သူ့ရဲ့ပရိသတ်တွေကလည်း ဂျက်ဆီကာရဲ့ တေးအယ်လ်ဘမ်သစ်ကို ရင်ခုန်စွာစောင့်စားနေတယ်လို့ သိရပါတယ်။

ဧပြီ ၁၈ ရက်မှာ ကျရောက်တဲ့ ဂျက်ဆီကာရဲ့ မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့ပရိသတ်တွေက ဧပြီ ၁၇ ရက်က ဂျက်ဆီကာအတွက် မွေးနေ့ပါတီပွဲကို ဆိုးဂန်းတက္ကသိုလ်က မယ်ရီခန်းမမှာ ကျင်းပပေးခဲ့ပါတယ်။ ယင်းမွေးနေ့ပါတီပွဲကို ဂျက်ဆီကာနဲ့ သူ့ရဲ့အမာခံပရိသတ် ၅၀၀ခန့်တက်ရောက်ခဲ့ပြီး ဂျက်ဆီကာက ကနေဒါလူမျိုးပေ့ါပ်အဆိုတော် ဂျက်စတင်ဘီဘာရဲ့ "Love Yourself" တေးသီချင်းကို မွေးနေ့ပါတီမှာ သီဆိုဖျော်ဖြေခဲ့ကာ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းရေးသားသည်

## ပုဂ္ဂိုလ်ရေးရာအချက်အလက်များ ပေါက်ကြားခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရကြောင်း ဆောင်ဂျွန်ကီဖွင့်ဟ



လတ်တလော အာရှတစ်ခွင်မှာ အကျော်ကြားဆုံးဇာတ်လမ်းတွဲ ရုပ်ရှင်ဖြစ်နေတဲ့ "Descendants of the Sun" ရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသား ဆောင်ဂျွန်ကီဟာ အဆိုပါရုပ်ရှင်ရဲ့ အောင်မြင်မှုနဲ့အတူ တောင်ကိုရီးယားမှာသာမက အခြားအာရှနိုင်ငံတွေက ပရိသတ်တွေအကြားမှာပါ အလွန်ရေပန်းစားနေတဲ့ မင်းသားတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့အောင်မြင်မှုနဲ့အတူ သူနဲ့ပတ်သက်တဲ့သတင်းတွေဟာလည်း ပရိသတ်တွေရဲ့ အထူးစိတ်ဝင်စားမှုကို ရယူထားနိုင်ခဲ့ပြီး လတ်တလောမှာတော့ ဆောင်ဂျွန်ကီရဲ့ ချစ်သူဟောင်းနဲ့ ပတ်သက်ပြီး ပေါ်ထွက်လာခဲ့တဲ့ သတင်းတွေဟာ ပရိသတ်နဲ့မီဒီယာတွေအကြား အပြောအများဆုံးသတင်းတစ်ရပ် ဖြစ်နေပါတယ်။

ဆောင်ဂျွန်ကီရဲ့ ချစ်သူဟောင်းနဲ့ ပတ်သက်တဲ့ သတင်းတွေနဲ့အတူ သူတို့နှစ်ဦးရဲ့ဓာတ်ပုံတွေဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ပျံ့နှံ့ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါသတင်းနဲ့ ပတ်သက်ပြီး ဆောင်ဂျွန်ကီက ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါ သတင်းစာရှင်းလင်းပွဲမှာတော့ သူက ယခုလိုသူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စရပ်တွေ သတင်းပေါက်ကြားခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြထားပါတယ်။

ဒါ့အပြင် ဆောင်ဂျွန်ကီက အဆိုပါ ရုပ်ရှင်ထုတ်လွှင့်ခဲ့ပြီးနောက်ပိုင်း တစ်ရှိန်ထိုးနာမည်ကျော်လာခဲ့တဲ့ သူ့ရဲ့အောင်မြင်မှုနဲ့အတူ သူဟာ မကြာခဏဆိုသလို မီဒီယာတွေနဲ့ တွေ့ဆုံခဲ့ရကြောင်း၊ မီဒီယာတွေဟာ သူ့မိသားစုတွေကိုပါ ချဉ်းကပ်မေးမြန်းလာတာတွေရှိခဲ့ကြောင်း၊ သူ့ရဲ့ကိုယ်ရေးကိုယ်တာတွေကိုယခုလိုဝင်ရောက်စွက်ဖက်တာ ခံရတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်းနဲ့ သူ့အနေနဲ့ ပုဂ္ဂိုလ်ရေးဆန်လွန်းတဲ့ မေးခွန်းမျိုးတွေ မေးလာမယ်ဆိုပါက ပြန်လည်ဖြေကြားသွားမှာ မဟုတ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာ ဆောင်ဂျွန်ကီဟာ ပရိသတ်နဲ့ တွေ့ဆုံပွဲတစ်ခုကျင်းပခဲ့ပါတယ်။ အဆိုပါ တွေ့ဆုံပွဲမှာ ဆောင်ဂျွန်ကီက သူ့ရဲ့ပရိသတ် ၄၀၀၀ ခန့်နဲ့ လက်ခံတွေ့ဆုံခဲ့ကာ အစီအစဉ်ပေါင်းများစွာနဲ့ ပရိသတ်တွေကို ဖျော်ဖြေခဲ့ပါတယ်။ ယင်းတွေ့ဆုံပွဲအတွင်းမှာ ဆောင်ဂျွန်ကီက တေးသီချင်းနှစ်ပုဒ်ကိုလည်း သီဆိုခဲ့ပြီး သူ့ရဲ့အနုပညာမောင်နှမတွေကလည်း ယင်းတွေ့ဆုံပွဲကို တက်ရောက်ခဲ့ကာ ဆောင်ဂျွန်ကီအတွက် အမှတ်တရစကားတွေကို ပြောကြားခဲ့ခြင်းနဲ့ တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေခြင်းဖြင့် ပါဝင်ကူညီခဲ့ကြပါတယ်။

ဆောင်ဂျွန်ကီဟာ ၂၀၁၆ ခုနှစ်အတွင်းမှာ အာရှပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ ပြုလုပ်သွားဖို့ အာရှနိုင်ငံအချို့ကို သွားရောက်ရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။



## ယခုလအတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့"Jungle Book"

လူငယ်လေးတစ်ဦးနဲ့ တောတွင်းတိရစ္ဆာန်တွေအကြားက သံယောဇဉ်ကို ပုံဖော်ရိုက်ကူးထားတဲ့ရုပ်ရှင် " Jungle Book " ဟာ စတင် ရုံတင်ပြသခဲ့တဲ့ ပထမသီတင်းပတ်အတွင်း မြောက်အမေရိကန်မှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးရုပ်ရှင် အဖြစ် ထိပ်ဆုံးကနေ ရပ်တည်နေပါတယ်။ ဒါ့အပြင် ယင်းရုပ်ရှင်ဟာ ဧပြီလအတွင်း ရုံတင်ခဲ့တဲ့ရုပ်ရှင်တွေထဲမှာလည်း ဝင်ငွေအရ နံပါတ်တစ်နေရာကို ပိုင်ဆိုင်ထားနိုင်ခဲ့တဲ့ရုပ်ရှင်ဖြစ်ကြောင်း အေ့ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပထမသီတင်းပတ်အတွင်း မြောက်အမေရိကန်မှာ လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၆ သန်းရရှိခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "Furious 7" ရုပ်ရှင်ရဲ့ဝင်ငွေကိုကျော်လွန်ကာ သမိုင်းတစ်လျှောက် ဧပြီလအတွင်း ရုံတင်ခဲ့တဲ့ရုပ်ရှင်တွေအနက် စတင်ရုံတင်ခဲ့တဲ့ ပထမသီတင်းပတ်အတွင်းရရှိခဲ့တဲ့ဝင်ငွေအရ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်လာခဲ့ပါတယ်။ လတ်တလောအချိန်အထိ ဝင်ငွေအကောင်းဆုံးစံချိန်ကို တင်ထားနိုင်ခဲ့တဲ့ ရုပ်ရှင်ကတော့ ၂၀၁၁ ခုနှစ်အတွင်းက ရုံတင်ခဲ့တဲ့ရုပ်ရှင် "Hop" ပဲ ဖြစ်ပါတယ်။

ကာတွန်းရုပ်ရှင်ကို လူသားဇာတ်ဆောင်တွေနဲ့ပြန်လည်အသက်သွင်းထားတဲ့ ယင်း 3Dအမျိုးအစားရုပ်ရှင်ကို ဒစ်စနေ ရုပ်ရှင် ထုတ်လုပ်ရေးက ဖန်တီးထုတ်လုပ်ခဲ့တာဖြစ်ပြီး ယင်းရုပ်ရှင် ရဲ့ဝင်ငွေစံချိန်နောက်မှာ ဒုတိယနေရာကို ရယူထားနိုင်ခဲ့တဲ့ရုပ်ရှင် ကတော့ "Barbershop: The Next Cut"ဖြစ်ပြီး တစ်ပတ် အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂သန်း ရရှိထားပါတယ်။ တတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "The Boss"ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁သန်း ရရှိခဲ့ပါတယ်။ ဝင်ငွေ အရစတုတ္ထနေရာမှာ "Batman v Superman: Dawn of Justice" ရုပ်ရှင်က ရပ်တည်နေပြီး ပဉ္စမနေရာကိုတော့ "Zootopia" ရုပ်ရှင်က ပိုင်ဆိုင်ထားကြောင်း သိရပါတယ်။

# ပီအက်စ်ဂျီ နောက်ခံလူ ဂျာဗီးယားပက်ထရော်ကို ခေါ်ယူဖို့ ချယ်လ်ဆီးပြင်ဆင်



ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ပီအက်စ်ဂျီနောက်ခံလူ ဂျာဗီးယားပက်ထရော်အား ခေါ်ယူရန် ချိတ်ဆက်နေကြောင်း ပြင်သစ်အားကစားသတင်းများတွင် ဖော်ပြသည်။ ပက်ထရော်မှာ ပီအက်စ်ဂျီနည်းပြ ဘလန့်လက်အောက်တွင် ကစားနေရသည်ကို မပျော်မရွှင်ဖြစ်နေသည်ဟူသောသတင်းများ ထွက်ပေါ်လာပြီးနောက် ၎င်းအားခေါ်ယူရန် ချယ်လ်ဆီး၊ ဘာစီလိုနာ၊ ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်နှင့် မန်စီးတီးတို့ကပါ ချိတ်ဆက်ကမ်းလှမ်းလာကြသည်။

သို့သော် ကစားသမားကိုယ်တိုင်က အခြားအသင်းများထက် ချယ်လ်ဆီးသို့သာ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေသည်ဟု အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။ အကယ်၍ နှစ်ဖက်သဘောတူညီမှုရရှိခဲ့လျှင် ယခုနှစ်နွေရာသီမှာပင် ပြောင်းရွှေ့တော့မည်ဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်

## ခရစ္စတယ်ပဲလေ့စ်နှင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အာဆင်နယ် ထိပ်တန်းလေးသင်းဝင်ရောက်ရန်ပါ စိုးရိမ်နေရဟု ဝင်းဂါးဆို



အာဆင်နယ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်နှင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အဆင့်လေးနေရာသို့ ဆင်းပေးခဲ့ရရာ ရာသီသိမ်းချိန်တွင် ထိပ်တန်းလေးသင်းစာရင်း ဝင်ရောက်ရန်အတွက်ပါ စိုးရိမ်လာခဲ့ရပြီဖြစ်ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ဝန်ခံပြောကြားလိုက်သည်။ အာဆင်နယ်အသင်းသည် ဆန်းချက်ဇ်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ယန်းလေ့စ်ဘိုလာစင်၏ ချေပဂိုးကြောင့် တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်မှာ တိုက်စစ်ပိုင်းအသက်မဲ့နေခဲ့ပြီး ကွင်းလယ်၌သာ အချိန်ကုန်နေခဲ့သည်။ ထို့ပြင် ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး အဒီဘာယောနှင့် ဘိုလာစင်တို့၏ အပေးအယူလုပ်ကာ သွင်းယူခဲ့သည့် ဂိုးမှာလည်း ဂိုးသမား ပီတာဆက်ချ်၏ ပေါ့ဆမှုကြောင့် ပေးခဲ့ရခြင်းဖြစ်သည်။ ယင်းသို့ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းသည် မန်စီးတီးနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၄)နေရာသို့ ရောက်ရှိသွားပြီး ဦးဆောင်သူ လက်စတာအောက် ၁၃ မှတ်အထိလျော့နည်းသွားခဲ့ရသည်။

ဝင်းဂါးက "ရိုးရိုးသားသား ဝန်ခံရရင် ဒီပွဲအပြီးမှာ ချန်ပီယံဖြစ်ဖို့ဆိုတာထက် ပျက်ယွင်းနေတဲ့ ကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာကိုသာ အလျှင်အမြန်ပြန်ပြီး ပြုပြင်ပေးဖို့ အရင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ လာမယ့်ပွဲစဉ်တွေမှာ အကောင်းဆုံးရလဒ်ကို ဖန်တီးနိုင်မှာပါ။ ပဲလေ့စ်နဲ့ ပွဲမှာ ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းလောက်ဖန်တီးနိုင်ပေမယ့် ပြိုင်ပွဲအပေါ် အာရုံစိုက်မှုလျော့နည်းတဲ့ ကစားသမားတွေကြောင့် ရလဒ်ကောင်းတစ်ခု မဖန်တီးပေးနိုင်ခဲ့ဘူး" ဟု ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ရာသီဝက်တွင် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ပိုင်း ကျဆင်းလာခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၄)နေရာသို့ရောက်ရှိသွားခဲ့သလို ဖလားလက်မဲ့ရာသီတစ်ခုဆက်လက်ဖြတ်သန်းရန် အလားအလာများ သွားခဲ့ပြီဖြစ်သည်။ ■

## ဘာရာဂမ်ကို ပါးရိုက်ခဲ့တဲ့ နေမာ ပွဲပယ်ပြစ်ဒဏ်ကျခံရရန်ရှိ

ဗလင်စီယာကို ရှုံးနိမ့်ခဲ့သော ပွဲစဉ်ပွဲသိမ်းခရာမှုတ်ပြီးချိန်တွင် တိုက်စစ်မှူးနေမာသည် ဗလင်စီယာညာနောက်ခံလူ ဘာရာဂမ်၏ ပါးကိုရိုက်ခဲ့သဖြင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရရန် အလားအလာများ သွားခဲ့ပြီဖြစ်ကြောင်း ဂိုးလ်အားကစားဝက်ဘ်ဆိုက်က ဖော်ပြသည်။ ပွဲပြီးချိန်တွင် ဘာရာဂမ်နှင့် အခြားအသင်းဖော်နှစ်ဦးတို့ အောင်ပွဲခံနေစဉ် နေမာက ဘာရာဂမ်၏ နောက်ကျောဘက်မှနေ၍ ပါးကိုရိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကို ဒိုင်လူကြီး ဖာနန်ဒက်ဇ်ဘော်လလန်က မြင်တွေ့ခဲ့ခြင်းမရှိသော်လည်း ရုပ်မြင်သံကြားအနှေးပြကွက်များတွင် အထင်အရှားမြင်တွေ့ခဲ့ရသည်။ ဘာစီလိုနာအသင်းသည် အဆိုပါပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့ရသဖြင့် သုံးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ရပြီးနောက် လာလီဂါအမှတ်ပေးဇယားတွင် အက်သလက်တီကိုနှင့် ရမှတ်တူညီသွားခဲ့သည်။

## ကြယ်ပွင့်ကစားသမားများ ရာသီလက်ကျန်ပွဲစဉ်များကို အာရုံစိုက်ကစားရန်ထက် ယူရို-၂၀၁၆ပြိုင်ပွဲအတွက်သာ ဒဏ်ရာမရရှိအောင် အင်အားချွေကစားနေကြသည်ဟု ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်ဝေဖန်

ကြယ်ပွင့်ကစားသမားများအားလုံးမှာ ရာသီလက်ကျန်ပွဲစဉ်များကို အာရုံစိုက်ရန်ထက် ပြင်သစ်တွင်ကျင်းပမည့် ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဒဏ်ရာမရရှိအောင်သာ အင်အားချွေတာ ယှဉ်ပြိုင်နေကြကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ဂူဟစ်ဒင့်က ဝေဖန်ပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ဧပြီ၁၆ရက်က ယှဉ်ပြိုင်ခဲ့သောပွဲစဉ်တွင် မန်စီးတီးကို သုံးဂိုးပြတ်အရေးနိမ့်ခဲ့ပြီးနောက် ဟစ်ဒင့်က ယခုကဲ့သို့ ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းတွင် ယူရိုဖလားပွဲဝင်ရောက်ယှဉ်ပြိုင်မည့်ကစားသမား အများအပြားရှိနေပြီး ယင်းပွဲစဉ်တွင် ခြေစွမ်းပိုင်းဆိုးရွားခဲ့သည့် ဘယ်လ်ဂျီယံကစားသမား ဟာဇက်အား ဟစ်ဒင့်က ဒေါသထွက်ခဲ့ကြောင်း အားကစားသတင်းဝက်ဘ်ဆိုက်များက ဖော်ပြသည်။

ဟစ်ဒင့်က ချယ်လ်ဆီးအသင်း၏ရာသီအစ ရလဒ်ဆိုးရွားမှုကြောင့် ဥရောပဝင်ခွင့်တစ်နေရာပင် လွဲချော်နိုင်ရန် အခြေအနေရှိနေရာ ကစားသမားများအားလုံးက ကလပ်အသင်းအတွက် ပေးဆပ်ကစားရန်ထက် ယူရိုပြိုင်ပွဲဝင် လက်ရွေးစင်အသင်းအတွက်သာ ရွေးချယ်ခံရရန် ပြင်ဆင်နေကြကြောင်း၊ သို့သော် ချယ်လ်ဆီးအသင်းမှာ စပါး၊ လက်စတာတို့ကဲ့သို့ အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ရပ်တည်နေသောအသင်းများနှင့် ယှဉ်ပြိုင်ရဦးမည်ဖြစ်ရာ ယခုထက်ပို၍ အာရုံစိုက်ကစားပေးရန် လိုအပ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။



## မက်ဆီ ကစားသမားဘဝတစ်လျှောက် ဂိုး(၅၀၀)ပြည့်ခဲ့သော်လည်း ဘာစီလိုနာအသင်း စပိန်လာလီဂါပြိုင်ပွဲတွင် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရ

ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ကစားသမားဘဝတစ်လျှောက် သွင်းဂိုး(၅၀၀)ပြည့်မြောက်ခဲ့သော်လည်း ဘာစီလိုနာအသင်းအား အမှတ်ပေးဇယားထိပ်ဆုံးတွင် အမှတ်ဖြတ်ကာ ဦးဆောင်နိုင်ရန်စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိခဲ့သည့်အပြင် ဘာစီလိုနာအသင်းသည်လည်း စပိန်လာလီဂါပွဲစဉ်တွင် သုံးပွဲ ဆက်ရှုံးပွဲကြုံမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

တိုက်စစ်မှူးမက်ဆီသည် မတ် ၃၀ ရက်က အာဂျင်တီးနားအသင်းက ဘိုလီဗီးယားအသင်းအား နှစ်ဂိုးပြတ် ဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပင်နယ်တီသွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဂိုး(၅၀၀)ပြည့် မြောက်ရန် တစ်ဂိုးအလို သွင်းဂိုး ၄၉၉ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။


တိုက်စစ်မှူးမက်ဆီသည် အိမ်ကွင်းနူးကမ့်၌ ဗလင်စီယာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းမှာ ရှုံးပွဲဖြင့် ကြုံတွေ့ခဲ့ရပြီး ၂၀၁၃ ခုနှစ်မှစတင်ကာ လာလီဂါပြိုင်ပွဲတွင် ပထမဆုံးအကြိမ်သုံးပွဲဆက်ရှုံးပွဲကြုံခဲ့ရသည်။

ဘာစီလိုနာအသင်း၏အားထားရသည့် တိုက်စစ်မှူးမက်ဆီသည် ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၅၁၅ မိနစ်ကြာ ဂိုးပေါက်ပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းမှာမူ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်လျက်ရှိသည့် အက်သလက်တီကိုမက်ဒရစ်အသင်းကို ရမှတ်တူ ဂိုးကွာခြားချက်ဖြင့်ပင် အမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ရမှတ် ၇၆ မှတ်ဖြင့် ထိပ်ဆုံး၌ရပ်တည်နေသကဲ့သို့ အက်သလက်တီကိုမက်ဒရစ်အသင်းသည်လည်း ရမှတ် ၇၆ မှတ်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အမှတ်ပေးဇယားတတိယနေရာတွင်မူ ရီးယဲလ်မက်ဒရစ်အသင်းက ရမှတ် ၇၅ မှတ်ဖြင့် ရပ်တည်နေသည်။

လူးဝစ်ဟင်နရီကေး၏ ဘာစီလိုနာအသင်းသည် ဧပြီလအစပိုင်းက အမှတ်ပေးဇယား ဒုတိယနေရာမှ အက်သလက်တီကိုမက်ဒရစ်အသင်းကို ကိုးမှတ်အထိဖြတ်ထားနိုင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခြင်း၊ ရီးယဲလ်ဆိုစီဒက်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခြင်း၊ ဗလင်စီယာအသင်းအား နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခြင်းတို့ကြောင့် လက်ရှိတွင် ဒုတိယနေရာမှ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရမှတ်တူသွားသည့်အနေအထားသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

ငွေကြယ် - ရေးသားသည်



## လီဗာပူးတွင် ပြန်လည်ကစားရန် ဆန္ဒမရှိကြောင်း ဘာလော့တယ်လီပြောကြား

လီဗာပူးတိုက်စစ်မှူး ဘာလော့တယ်လီသည် လက်ရှိတွင် အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသော်လည်း လီဗာပူးအသင်းသို့ ပြန်လည်ကစားရန်ဆန္ဒမရှိကြောင်း ဘာလော့တယ်လီက ထုတ်ဖော်ပြောကြားလိုက်သည်။

အီတလီကြယ်ပွင့် ဘာလော့တယ်လီသည် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက အေစီမီလန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လီဗာပူးအသင်း၌ တစ်ရာသီကြာကစားပြီးနောက် အေစီမီလန်အသင်းသို့ အငှားပြန်လည်ချထားခြင်းခံခဲ့ရသူဖြစ်သည်။

တိုက်စစ်မှူးဘာလော့တယ်လီသည် အေစီမီလန်အသင်းနှင့် အငှားစာချုပ်သည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘာလော့တယ်လီအနေဖြင့် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသို့ ပြန်လည်သွား ရောက်ကစားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဘာလော့တယ်လီသည် အေစီမီလန်အသင်းနှင့်အတူ လိဂ်ပွဲစဉ်(၁၇)ပွဲ ကစားပေးထားပြီး သွင်းဂိုးတစ်ဂိုးသာလျှင် သွင်းယူပေးနိုင်ခဲ့သည်။ ဘာလော့တယ်လီ၏ လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းသည်လည်း ၂၀၁၇-၂၀၁၈ ဘောလုံးရာသီကုန်မှသာ ကုန်ဆုံးမည်ဖြစ်သည်။

# ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ယာဉ်တိုက်မှုဖြစ်၊ ၂၁ ဦးဒဏ်ရာရ

**ကျောက်တံခါး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၅/၇)နှင့် (၉၆/၀)အကြားတွင် မေ ၁၇ ရက် ည ၁၁ နာရီခွဲခန့်က လိုက်ထရပ်ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နယ်မြေ(၁)သပြေကုန်းရပ်ကွက်နေ အောင်မြင့်စိန်(၅၀)နှစ် မောင်းနှင်သည့် 8J/----လိုက်ထရပ်အဖြူရောင်ယာဉ်သည် အမြန်လမ်းမကြီးအတိုင်း မောင်းနှင်နေစဉ် ၎င်း၏ယာဉ်နောက်မှ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၈)ရပ်ကွက်နေ မင်းဇော်ဦး (၃၂)နှစ်မောင်းနှင်လာသော 5E/------ လိုက်ထရပ်ယာဉ်က နောက်ဝဲဘက်ပိုင်းကို ဝင်ရောက်တိုက်မိရာ ယာဉ်နှစ်စီးလုံးတိမ်းမှောက်သွားခဲ့ပြီး အောင်မြင့်စိန်မောင်းနှင်သော လိုက်ထရပ်ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် အမျိုးသားလေးဦး၊ အမျိုးသမီးကိုးဦးတို့မှာ ဒဏ်ရာများရရှိခဲ့ပြီး မင်းဇော်ဦးမောင်းနှင်သည့် လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် အမျိုးသားသုံးဦး၊ အမျိုးသမီးငါးဦးတို့တွင်လည်း ထိခိုက်ဒဏ်ရာများရရှိကာ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် မြို့ချောင်းအမြန်လမ်းမကြီး ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ယာဉ်မဆင်မခြင်မောင်းနှင်သူမင်းဇော်ဦးအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ခင်ကို(ကျောက်တံခါး)**




# ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကျောက်တံခါး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၈၂/၄-၅)အကြားတွင် မေ ၁၈ ရက် နံနက် ၉ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်သို့ နေပြည်တော် စည်ပင်အိမ်ရာနေ ဝင်းနောင်(၄၂)နှစ်မောင်းနှင်လာသော လိုက်ထရပ်အဖြူရောင်ယာဉ်သည် အရှိန်လွန်ပြီးလမ်းလယ်ကျွန်းပေါ်သို့ ကျော်တက်ကာ ပက်လက်လန်တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာကြသည့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးရှစ်ဦးတို့အနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးခြောက်ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိကာ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် မြို့ချောင်းအမြန်လမ်းမကြီးဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဝင်းနောင်အား မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ရေဝတီမြစ်ကြောင်းအတွင်း ဓားပြတိုက်သူများအား ဖမ်းဆီး

**တံတားဦး မေ ၁၈**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရဲစခန်းအပိုင် မြေငူကျေးရွာအုပ်စု ပုဏ္ဏားခြံကျေးရွာအနီး ဧရာဝတီမြစ်ကြောင်းအတွင်း၌ မေ ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်က ဓားပြတိုက်မှုဖြစ်ပွားခဲ့ရာ ဓားပြတိုက်သူများအား နေ့ချင်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ကျောက်မီးသွေးတင်ဆောင်ပြီး မြစ်ကြောင်းအတိုင်း ဆန်တက်မောင်းနှင်လာသော လှိုင်ဆမ်ဆစ်ရေယာဉ်အား အဆိုပါကျေးရွာအနီးအရောက်တွင် စက်လှေပေါ်တွင် ဓားများကိုင်ဆောင်ထားသည့် လူတစ်စုက အဆိုပါသင်္ဘောပေါ်မှ ငွေကျပ်ရှစ်သိန်းကျော်အပါအဝင် ရွှေထည်ပစ္စည်းများနှင့် အခြားပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၂ သိန်းနီးပါးကို ဓားပြတိုက်လုယက်သွားသဖြင့် ဦးတင်ဆန်း ရေယာဉ်အုပ်မှ တံတားဦးမြို့နယ်ရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ရာ မြို့မရဲစခန်းက ဓားပြခြောက်ဦးအား ယင်းနေ့ည ၁၁ နာရီခွဲခန့်တွင် ရှာဖွေဖမ်းဆီးရမိပြီး အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(ရဲတင့်)**

# ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၆၉×၇၀) လမ်းကြားနှင့် ယောမင်းကြီးလမ်းနှင့် ဖိုးလှကြီးလမ်း စက်မှုဇုန်(၁)ရှိ ရွှေသဇင် ဖူဂျီဆပ်ပြာစက်ရုံရှိ ဝန်ထမ်းနေအဆောင် တစ်လုံး မေ ၁၇ ရက် ည ၉ နာရီ ၁၀ မိနစ်ခန့်က မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ်အစီး ၃၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၉ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဝန်ထမ်းနေအဆောင် (၁၅×၃၀) ပေ၊ နှစ်ထပ်ပျဉ်ထောင်သွပ်မိုးအဆောင်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**


ဓာတ်ပုံ-အမြန်လမ်းမကြီးရဲတပ်ဖွဲ့

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၉၂/၁)နှင့် (၁၉၂/၂)အကြား ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၈**

နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ပလွေးအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၉၂/၁)နှင့် (၁၉၂/၂) အကြားတွင် ယနေ့ နံနက် ၆ နာရီက ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 4G/--- လိုက်ထရပ်အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်တုံးအားတိုက်၍ ယာဉ်တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ် ပေါ်တွင်လိုက်ပါလာသူ ၁၃ ဦးအနက် ခြောက်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူခြောက်ဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦးတို့သည် နေရာတွင်သေဆုံးခဲ့ပြီး ပြင်းထန်စွာဒဏ်ရာရရှိသူအမျိုးသမီးတစ်ဦးအား ဆေးရုံသို့ပို့ဆောင်စဉ် ထပ်မံသေဆုံးသွားခဲ့သည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်းမျိုးလင်းအောင်အား ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ခရီးသည်ငါးဦးမှာ ပြင်ပဒဏ်ရာရရှိခဲ့ပြီး ယာဉ်မောင်းနှင့် ကျန်အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေတွင်းဆယ်ရာမှ လူလေးဦးသေဆုံး

**နွားထိုးကြီး မေ ၁၈**

နွားထိုးကြီးမြို့နယ် ကန်နားရဲစခန်းအပိုင် ဇီးကန်အုပ်စု မကျီးကုန်းကျေးရွာတွင် ရေတွင်းဆယ်ရာမှ လူငါးဦးပြုတ်ကျပြီး လေးဦးသေဆုံးသောဖြစ်စဉ်တစ်ခု မေ ၁၇ ရက် နံနက် ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာမှ အနက် ပေ ၃၀၊ အကျယ်သုံးပေရှိ အုတ်ရေတွင်းကိုဆယ်ရန်အတွက် ဇော်ဦး(၂၆)နှစ်၊ နိုင်မိုး(၂၆)နှစ်၊ မြရွှေ(၃၃)နှစ်၊ မိုးလင်း(၂၉)နှစ်နှင့် သန်းရှိန်(၆၅)နှစ်တို့အနက် သန်းရှိန်၊ နိုင်မိုး၊ မိုးလင်းတို့က ရေတွင်းထဲသို့ဆင်းစဉ် ၁၅ ပေခန့်အရောက်တွင် ဓာတ်ဆီသုံး လက်ဆွဲရေစုပ်စက်နှင့် ရေထုတ်ရာ အင်ဂျင်မီးခိုးငွေ့ကြောင့် ပြုတ်ကျသည်ကိုကူညီရန် မြမွှေးနှင့် ဇော်ဦးတို့က ကယ်ဆယ်ရာ ထပ်မံပြုတ်ကျခဲ့ကြောင်း၊ ထို့ကြောင့် ကျေးရွာမှ နောက်ထပ်အင်အား ၁၅ ဦးခန့်ဖြင့် ဝိုင်းဝန်းဆယ်ယူရာ မိုးလင်းကိုသာ အသက်ရှင်လျက်ကယ်ဆယ်နိုင်ပြီး ကျန်လေးဦးမှာသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကန်နားရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ငွေးမြင့်မောင်)**

# ယာဉ်များအားကျော်တက်မောင်းနှင်စဉ် လမ်းဘေးရပ်နေသူများအား ဝင်ရောက်တိုက်

**ပြင်ဦးလွင် မေ ၁၈**

ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာအနီး မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ်(၄၅/၀)အနီးတွင် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ပိတ်ချင်းမြောင်ဘက်မှ ပြင်ဦးလွင်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁)ရပ်ကွက်နေ မောင်အေး(၅၁)နှစ် မောင်းနှင်သည့် ကုန်းလမ်းပို့ဆောင်ရေးပိုင် 5K/----မှန်လုံဘုရားဖူးယာဉ်သည် ယာဉ်များအား ကျော်တက်မောင်းနှင်စဉ် လမ်းဘေးတွင်ရပ်နေသည့် နောင်ချိုမြို့နယ် ရေတွင်းကြီးကျေးရွာနေ အေးချမ်းအောင်(၁၈)နှစ်နှင့် တစ်ရွာတည်းနေ နန်းခင်ဝင်း(၁၆)နှစ်၊ မဖြူ(၁၇)နှစ်နှင့် ၄၂ယ/----- နယူးအင်ဘိုဆိုင်ကယ်တို့အား ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းသို့တိုက်မိမှုကြောင့် နန်းခင်ဝင်းမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်သေဆုံး၍ အေးချမ်းအောင်နှင့် မဖြူတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပြင်ဦးလွင်ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်အေးအား ပိတ်ချင်းမြောင်ရဲစခန်းက အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အင်းလေးစကားထာ

## မြန်ဂုဏ်ဆောင်


ဓာတ်ပုံ - အေးပြည့်စိုး

လမ်းကို မြေတွင်မတွေ့ရ၊ ရေတွင်သာတွေ့ရသောအရပ်။ လမ်းခရီးကို လှည်းဖြင့်မသွား၊ လှေဖြင့် သွားသောအရပ်။ လှေကို လက်ဖြင့်မလှော်၊ ခြေဖြင့်လှော်သောအရပ်။ အိမ်ကို ကုန်းတွင်မဆောက်၊ ရေတွင် ဆောက်သောအရပ်ကို ရည်ညွှန်းထောက်ပြပါဆိုလျှင် အင်းလေးကန်ရပ်ဝန်းဒေသကို ညွှန်းဆိုပြသကြမည်သာ ဖြစ်သည်။

အင်းလေးကန်ရပ်ဝန်းဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၀၀ ပေမြင့်သော ရှမ်းပြည်နယ် ညောင်ရွှေချိုင့်ဝှမ်းတွင် တောင်နှင့်မြောက်တန်းလျက်တည်ရှိသည်။ ယခင်က အင်းလေးကန်၏အလျား ၃၆ မိုင်၊ အနံ ရှစ်မိုင်ရှိ သော်လည်း ယခုအခုအခါ ရေထုခန်းခြောက်မှုကြောင့် အလျား ၁၂ မိုင်၊ အနံ လေးမိုင်ခန့်သာရှိသည်။

သမိုင်းပုံရိပ်ထင်ဟပ်ခဲ့သော အင်းလေးကန်၏ပုံရိပ်လွှာမှာ ပုဂံပြည် အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ခဲ့ရာ အင်းကြီးသို့ရောက်သည်။ အလောင်းစည်သူမင်းကြီး၏အမှုထမ်းများတွင် ထားဝယ်သားများလည်း လိုက်ပါရာ ထားဝယ်သားမင်းမှုထမ်းများက အင်းကြီးထဲတွင် နမ့်ပန်၊ ဟဲယာ၊ နောင်တော၊ ရွာကြီးသန့်ပုံ ကျေးရွာလေးရွာကိုတည်ထောင်သည်။ အဆိုပါ အင်းထဲမှ ရွာလေးရွာကို အင်းလေးရွာဟုခေါ်ဆိုသမုတ်ရာမှ အင်းကြီးကိုလည်း အင်းလေးကန်ဟူ၍ အမည်ပြောင်းလဲခေါ်ဆိုကြကြောင်း သမိုင်းသုတေသီများက ညွှန်းဆိုသည်။

အင်းလေးကန်သည် တောင်များဝန်းရံလျက်ရှိပြီး အရှေ့ဘက်ရှိ ဆင်တောင်၊ အနောက်ဘက်ရှိ သန်းတောင်တွင် အင်းလေးရေပြင်သည် အရိပ်ကျလျက်ရှိသည်။ တောင်အရိပ်အောက်ရေပြင်တွင် ကျွန်းများက အနှံ့အပြားရှိသည်။ ရေပေါ်ကျွန်းများကိုအမှီပြု၍ ကျေးရွာများတည်ထောင်ကြသည်။ ကျေးရွာများတွင် ထားဝယ်သားများ၊ ရှမ်းအမျိုးသားများနေထိုင်ကြရာ အင်းသားများကို 'မန့်နောင်'ဟူ၍ခေါ်လာကြသည်။ 'မန့်'ဆိုသည်မှာ မြန်မာ၊ 'နောင်'ဆိုသည်မှာ ကန်ဟူ၍အနက်ရသဖြင့် 'ကန်အတွင်းနေမြန်မာများ'ဟူ၍ အနက်ဖွင့်ဆိုကြသည်။

အင်းလေးကန်ထဲတွင် ကျွန်းမျှောများရှိသည်။ ရေစီးဖြင့်လိုက်ပါ၍မျှောနေသောကျွန်းများဖြစ်၍ 'ကျွန်းမျှော'ဟူ၍ဆိုကြသည်။ အင်းသားများကမူ 'ကုန်းပေါ်ပုတ်'ဟူ၍ဆိုသည်။ အင်းစပ်ရေတိမ်တွင် မြက်ပင်၊ ကိုင်းပင်၊ မှော်ပင်၊ ရေညှိပင်များ အစုလိုက်ပေါက်ကြသည်။ အဆိုပါအပင်များသည် ကြာသောအခါ ရေပေါ်သစ်ဆွေးကျွန်းများ ဖြစ်လာသည်။ ကျွန်းမျှောများသည် လေးပေ၊ ငါးပေထု ရှိ၍ ကိုင်းပင်များပေါက်ကြသည်။

ကျွန်းမျှောများက အင်းသားများ၏စားဝတ်နေရေး၊ အလုပ်အကိုင်၊ အခွင့်အလမ်းကိုအကျိုးပြုသည်။ ကျွန်းမျှောကြီးများကိုမှီ၍ ကျေးရွာများတည်ကြသည်။ ကျေးရွာများတွင် ဘာသာရေးကိုင်းရှိုင်းကြသဖြင့် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များတည်ဆောက်ကြသည်။ ဖောင်တော်ဦး၊ အလိုတော်ပေါက်၊ ရွှေအင်းတိန်စသည့်ဘုရားများ တည်ထားကိုးကွယ်ကြသည်။ စိုက်ပျိုးရေးအတွက် ခရမ်းချဉ်ကြံများစိုက်ကြသည်။ ကျွန်းမျှောများကိုမှီခို၍ ငါးလုပ်ငန်းဖြင့်အသက်မွေးကြသည်။

အင်းသားအင်းသူတို့က ကျွန်းမျှောများတွင် စားပင်သီးနှံမျိုးစုံစိုက်ပျိုးကြသည်။ ရေခြံလုပ်ငန်းများ လုပ်ကိုင်ပြီး ကြက်သွန်၊ ငရုတ်၊ ပဲ၊ ခရမ်းချဉ်၊ ဟင်းသီးဟင်းရွက်မျိုးစုံကို ရေခြံတွင်စိုက်ပျိုးကြသည်။

အင်းလေးကန်ရပ်ဝန်းတွင် ခရမ်းချဉ်ကိုများစွာစိုက်ပျိုးကြသည်။ ရေခြံလုပ်ငန်းကို သီတင်းကျွတ်လတွင် စတင်စိုက်ပျိုးကြပြီး တပို့တွဲလတွင် စိုက်ပျိုးကာလအဆုံးသတ်သည်။ စိုက်ပျိုးရာသီကုန်သောအခါ အင်းလေးကန်ရပ်ဝန်းဒေသတွင် ငါးလုပ်ငန်းလုပ်ဆောင်ကြသည်။

'တံငါခြောက်လ၊ ခြံခြောက်လ'ဆိုသောဆိုရိုးစကားကို အင်းသူအင်းသားများ နှုတ်ထက်ရွရွ ရွတ်ခဲ့ကြသည်။ အင်းထဲမှရရှိသောငါးမျိုးမှာ ငါးဖိန်း၊ ငါးခုံးမ၊ ငါးတောင်နွယ်၊ ငါးလူး၊ ငါးရံ့၊ ငါးခူ၊ ငါးဖယ်၊ ငါးသားဖွဲ၊ ငါးပေါက်ကလေးများကိုရနိုင်သည်။ အင်းသူအင်းသားတို့က အင်းလေးကန်အတွင်းတွင် ပိုက်ချခြင်း၊ စန့်ခင်း ယင်းပိတ်ခြင်း၊ ငါးမျှားချိတ်ဖြင့်မျှားခြင်း၊ ခက်ရင်းဖြင့်ထိုးခြင်းဖြင့်ဖမ်းယူကြသည်။

ငါးဖမ်းကိရိယာ ပိုက်ဆောင်းဖြင့် လက်ခုပ်တစ်ဖောင်မြင့်သော ဆောင်းကဲ့ကြီးဖြင့် ငါးဖမ်းသည်။ ပိုက်ဆောင်းအတွင်းတွင် အိတ်ရှည်သဏ္ဌာန်ပိုက်ကိုသွင်း၍ ဆောင်းရိုးတံများဖြင့် တွယ်ဆက်ထားသည်။ ငါးဖမ်းသူသည် လှေတစ်စင်းဖြင့် အင်းလေးကန်ရေပြင်တွင် လှည့်လည်သွားလာ၍ ငါးရှိမည်ထင်သောနေရာသို့ ရောက်သောအခါ ပိုက်ဆောင်းဖြင့်အုပ်ဖမ်းရသည်။

ငါးဖမ်းကိရိယာ 'စန့်'က အလျား ကိုးပေ၊ အနံ လေးပေရှိသောပိုက်ကို ယကွင်းသဖွယ် ဝါးခြမ်းနှစ်ချောင်းဖြင့် ထောင့်လေးထောင့်ကို ကြက်ခြေခတ်ချည်ထားသည်။ ထို့နောက် ထိုးဝါးစိုက်၍တန်းစီထားသော ကျွန်းမျှော ကလေးများတွင် လာရောက်မှီခိုကျက်စားကြသောငါးများကို စန့်ခင်း၍ဖမ်းရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းနေ ကယန်း(ပဒေါင်)တို့က နည်းမျိုးစုံဖြင့်ဖမ်းရသော အင်းငါး၊ ပုစွန်များကို စားသုံးကြသည်။ အင်းလေးငါးပိ၊ ငါးခြောက်က ထင်ရှားသည်။

အင်းသူအင်းသားတို့က လက်မှုပညာရပ်တွင် ထူးချွန်သည်။ ပန်းပဲ၊ လက်သမား၊ ယွန်းထည်၊ ပိုးထည်၊ ငွေပန်းထိမ်၊ နိဗ္ဗာန်ကုန်လုပ်ငန်းတို့ဖြင့် အသက်မွေးကြသည်။

အင်းလေးကန်ရပ်ဝန်းဒေသတွင်ရှိသော အင်းပေါခုံ၊ သာလေ၊ မန်ကျည်းဆိပ်၊ ဟဲလုံ၊ မိုင်မျိုး ကျေးရွာတို့က လက်ရက်ကန်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ အင်းလေးတွဲလုံချည်၊ စည်းလုံချည်၊ ဇင်းမယ်လုံချည်၊ အင်းလေးလုံချည်၊ ပိုးလွယ်အိတ်၊ ချည်လွယ်အိတ်က နာမည်ကြီးပြီး ကမ္ဘာလှည့်နိုင်ငံခြားသားရွှေဧည့်သည်တို့ နှစ်ခြိုက်ကြသည်။

အင်းလေးသူအင်းလေးသားတို့က ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သူများပီပီ ပဒုမ္မာကြာရိုးမှ အမျှင်များဖြင့် ကြာသင်္ကန်းရက်လုပ်၍ လှူဒါန်းကြသည်။

အင်းသူအင်းသားများက မြန်မာ့တိုင်းရင်းသားမျိုးနွယ်စုပီပီ ယဉ်ကျေးသိမ်မွေ့ကြသည်။ ဖော်ရွေစွာ ဆက်ဆံကြသည်။ ပြောဆိုသုံးနှုန်းကြသောစကားသံတို့မှာ ထားဝယ်စကားသံနှင့် နီးနွယ်တူညီပြီး ပုဂံခေတ်စာပေ အရေးအသားဖြင့် နီးစပ်တူညီသည်။

> **အင်းသူအင်းသားများက မြန်မာ့တိုင်းရင်းသား မျိုးနွယ်စုပီပီ ယဉ်ကျေးသိမ်မွေ့ကြသည်။ ဖော်ရွေစွာ ဆက်ဆံကြသည်။ ပြောဆိုသုံးနှုန်းကြသော စကားသံတို့မှာ ထားဝယ်စကားသံနှင့် နီးနွယ်တူညီပြီး ပုဂံခေတ်စာပေအရေးအသား ဖြင့် နီးစပ်တူညီသည်။**

ထေရဝါဒဗုဒ္ဓသာသနာတော်၏လောင်းရိပ်အောက်ဝယ် ယုံကြည်ကိုးကွယ်ကြသူများပီပီ အလှူဒါန ရက်ရောသည်။ 'တစ်မူးရ၍ တစ်ပဲလှူချင်စိတ်'သဒ္ဓါစိတ်ပြည့်ဝသည်။ သီတင်းကျွတ်လတွင်ကျင်းပသော ဖောင်တော်ဦးဘုရားပွဲကအထူးစည်ကားသည်။ ဘုရားပွဲတော်တွင် ခြေဖြင့်လှော်သောလှေပြိုင်ပွဲကို ဆင်ယင်ကျင်းပသည်။

အင်းလေးကန်ရပ်ဝန်းဒေသသို့ ကမ္ဘာလှည့်ရွှေဧည့်သည်များ တစ်နေ့လျှင် ၂၀၀ ခန့် လာရောက် လည်ပတ်ကြရာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူရသည်။

ယခုအခါ ဒေသခံပြည်သူ အင်းသူအင်းသားများက အင်းလေးကန်ရပ်ဝန်းဒေသ ရေရှည်တည်တံ့ရေး၊ ရေကန်ထိန်းသိမ်းရေးနှင့် မှော်ဒိုက်များဆယ်ယူရေး၊ သစ်တောထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်စောင့်ရှောက်ရေး လုပ်ငန်းများကို အသက်နှင့်ဆက်၍ ဆက်၍ ဆောင်ရွက်နေကြသည်။

အင်းလေးကန်ရပ်ဝန်းဒေသတွင် ရိုးသားစွာအသက်မွေးနေထိုင်ကြသော အင်းသူအင်းသားများသည် လရောင်အောက် အင်းလေးကန်နံဘေးကွပ်ပျစ်များတွင် ဝိုင်းအုံစုစည်း၍ အင်းလေးစကားထာများဝှက်ပြီး ပျော်ရွှင်ကြသည်။

မောင်။ ။ ငယ်တော့ချိုကိုင်းလို့
ကြီးတော့ချိုမပါ
မေးတဲ့ပုဏ္ဏာ။
သည်ပုဏ္ဏာ၊ ဖြေနိုင်ရင်ဖြေကြ
ရွှေတစ်ရာ ငွေတစ်သောင်း၊ လောင်းမယ်ခုညာ။

မယ်။ ။ မခက်ခဲ၊ ဉာဏ်တွဲလို့ဖြေပါ့မယ်၊
ပွဲလာသူ လူအများ၊ ကြားနာကြကွယ်၊
ဖြေပါ့မယ် မောင်ကယ်ကကြုံတုန်း၊
ထက်ကောင်းကင်ထွန်းတဲ့လ၊ ဝင်းပနေတုန်း။

မောင်။ ။ ရေမှာနေ ကုန်းမှာဉ၊
ခြေလေးခု သတ္တဝါ၊ မေးတဲ့ပုဏ္ဏာ၊
ရွှေတစ်ရာ ငွေတစ်သောင်း၊
(မကြီးရယ်) လောင်းမယ်ခုညာ။

မယ်။ ။ ရေမှာနေ ကုန်းမှာဉ၊
ခြေလေးခုသတ္တဝါ၊ မေးတဲ့ပုဏ္ဏာ၊
သည်ပုဏ္ဏာ ဖြေပါတယ်မယ်က၊
ရေမှာနေ ကုန်းမှာသွား
(မောင်ကြီးရယ်) တွားတဲ့လိပ်ပဲ့။

ရိုးသားဖြူစင်သော အင်းသူအင်းသားတို့၏နှလုံးသားသံစဉ်စကားထာများက ယနေ့တိုင် လူသားဆန်သော လူသားအသိဉာဏ်ကို ဖော်ကျူးနေသည်။

စာပေချစ်စိတ်ဖြင့် သမားရိုးကျလုပ်ငန်းများကို သမာအာဇီဝကျစွာ ခြေတစ်ဖက်ဖြင့်လှေလှော်ရင်းက အပျိုလူပျိုသဘာဝ စကားထာဝှက်၍ ချစ်ရေးဆို ချစ်ခွင့်ပန်သောဓလေ့စရိုက်က ကြည်နူးမြတ်နိုးဖွယ်ရာပင်။

## မန်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆက်လက်ဆောင်ရွက်

**မိုးကောင်း ဧပြီ ၁၈**

မိုးကောင်းမြို့နယ် မန်ပင်ကျေးရွာ၌ နိုင်ငံတော်အစိုးရ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်းသုံးရာဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ငွေကျပ် ၃၄၈ သိန်းအထိတိုးပွားမတည်ရင်းနှီးလာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးရှိနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများတိုးတက်ဖြစ်ထွန်းမှုအခြေအနေနှင့် ငွေစာရင်းပုံစံများ မှတ်တမ်းများစနစ်တကျဖြည့်သွင်းထားခြင်းရှိမရှိကို ဧပြီလ ပထမပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးလင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲ သုံးခွမြို့အမှတ်(၅)ရပ်ကွက်၌ကျင်းပ

**သုံးခွ ဧပြီ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၅)ရပ်ကွက်မိသားစုက အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၁၁ ဦးအား သက်ကြီးပူဇော်ပွဲကို ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက် နံနက် ၈ နာရီက စနေပါတ်ဆွမ်းလောင်းအသင်းအဆောက်အအုံ၌ ကျင်းပသည်။

သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သင်းဦး၊ မြို့နယ်အသင်းအဖွဲ့ဝင်များ၊ အမှတ်(၅)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်နှင့် ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ ဘွန်တော်အဖွဲ့လူငယ်များ၊ ရပ်ကွက်နေ ပြည်သူများ တက်ရောက်ပူဇော်လှူဒါန်းကန်တော့ခဲ့ကြသည်။

**ကြည်စိုးလွင်(သုံးခွ)**

# ခေါင်းလောင်းကလေးများကို မြန်မာနိုင်ငံတွင် ယနေ့တိုင်အလေးထားအသုံးပြုမှုများ

**မန္တလေး မေ ၁၈**

ပြုသမျှကုသိုလ်ကို အမျှပေးဝေကာခေါင်းလောင်းထိုးနိုင်ရေးအတွက် ခေါင်းလောင်းကလေးများလှူမှုကို ကျေးလက်တွင် အားထားလှူကြသည်။ ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင် ခေါင်းလောင်းများနှင့်အတူ အုန်းမောင်းများပါ ချိတ်ဆွဲထားလေ့ရှိသည်။ အခါကြီးရက်ကြီးများတွင် ကောင်းမှုပြုလုပ်ပြီးပါက ခေါင်းလောင်းထိုးကြသည်။ ကလေးငယ်များသည်ပင် ဘုန်းတော်ကြီးကျောင်းရောက်သည်နှင့် ခေါင်းလောင်းကလေးများကိုထိုးသည့်အလေ့အထတို့ စွဲမြဲလာသည်အထိရှိလာခဲ့သည်။

မြန်မာတို့၏ ရိုးရာအစဉ်အလာတွင် ခေါင်းလောင်းသံ၊ကြေးစည်သံများကို ငြိမ်းချမ်းရေးသံစဉ်များဟုပင် ခံယူထားကြသည်။ ခေါင်းလောင်းသံလေးလွင်လွင် ကြေးစည်သံငြိမ့်ညောင်း စေတီဟောင်း စေတီသစ်တို့၏ ရင်ပြင်တော်ပေါ်တွင် ဆုတောင်းခြင်းအမျှဝေခြင်းတို့ပြုတတ်ကြသည်။ မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် ခေါင်းလောင်းများကိုတွေ့နိုင်သည်။

စေတီတော်၏ ထီးတော်တွင် ချိတ်ဆွဲလှူဒါန်းသော ရွှေငွေကြေးဆည်းလည်းများမှာ ခေါင်းလောင်းငယ်များပင်ဖြစ်သည်။ခေါင်းလောင်းကြီးများမှထွက်ပေါ်လာသောအသံမှာ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှသည်။ထို့အတူပင် ဆွဲလည်းများမှထွက်ပေါ်လာသော အသံမှာစိတ်ကိုငြိမ်းချမ်းစေပေသည်။ ခေါင်းလောင်းမှ မြည်ဟည်းထွက်လာသောအသံသည် ကြားရသူတို့၏ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။

ကုသိုလ်ကောင်းမှု ပြုပြီးသည်နှင့် ခေါင်းလောင်းထိုးကာ အမျှဝေလိုက်ပေသည်။ ခေါင်းလောင်းသံလွင်လွင်ကြားရသည်နှင့်စိတ်တို့ငြိမ်းချမ်းကာ သုခကိုလက်တွေ့ခံစားရမြဲပင်ဖြစ်ပေသည်။ ခေါင်းလောင်းသံသည် ညစ်ညူးသောအကုသိုလ်စိတ်တို့ကိုပြေပျောက်သက်သာစေပေသည်။ ကြည်ညိုသဒ္ဓါစိတ်ကို ပေါက်ပွားစေသည်။ဘာသာရေးကိုင်းရှိုင်းမှုကို ထက်သန်အောင်စိတ်နှလုံးကို ညှို့ငင်ဆွဲဆောင်စေသည်။ထိုအကျိုးတရားတို့ကိုသိရှိကာ မိမိပြုသောကောင်းမှုတို့ကိုအများသူငါရစေရေးအတွက် ခေါင်းလောင်းထိုးခြင်း ခေါင်းလောင်းလှူခြင်းတို့ကိုပြုလေ့ရှိသည်။

ခေါင်းလောင်းထိုးအမျှဝေခြင်းသည် ပုဂ္ဂလိကဒါနကို အများကုသိုလ်ဖြစ်အောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှု၊ အကြင်နာတရားထားမှု၊ မေတ္တာတရားထားမှုသင်္ကေတဖြစ်သည့်အတွက် ခေါင်းလောင်းအလှူကိုအလေးအမြတ်ထားကာ အစဉ်အဆက် လှူဒါန်းခြင်းပင်ဖြစ်ပေသည်။ လက်ရှိသကြ်န်ကာလကျေးလက်တွင် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်စောင့်ကာကောင်းမှုပြုပြီးသည်နှင့် ခေါင်းလောင်းထိုးကာအမျှဝေကြသည်။ ခေါင်းလောင်းကလေးများမှာ ကလေးလူကြီးစိတ်ဝင်စားသလိုကောင်းမှုကို အမျှဝေရာတွင် အလေးအနက်ထားကာ ထိုးလေ့ရှိကြောင်းသိရသည်။



**တိမ်တမန်**

# (၅၂)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သင်္ကြီးပူဇော်ပွဲကျင်းပ

**စစ်တွေ မေ ၁၈**

၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ (၅၂)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့လုံးကျွတ်သင်္ကြီးပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များ၊ အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၂)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်ဖြင့် တီးခတ်ဖွင့်လှစ်ပြီး သင်္ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်သာစိန်က ဧကပိုဒ်ရတုဖြင့် ရွတ်ဆိုပူဇော်သည်။ ယင်းနောက် သင်္ကြီးပူဇော်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းက သင်္ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိတ်သတ်များမှ အဘိုးအဘွားများအား လက်အုပ်ချီပူဇော်ကန်တော့ကြပြီး သင်္ကြီးအဘိုး အဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြကာ ပြည်နယ်ဝန်ကြီးချုပ်အမျိုးပြုသည့် ဧည့်သည်တော်များ၊ မြို့လုံးကျွတ်သင်္ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီနှင့် အလှူရှင်ပြည်သူများက သင်္ကြီးအဘိုးအဘွားများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီးနောက် အပူဇော်ခံအဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သသည်။

ဆက်လက်၍ (၅၂)ကြိမ်မြောက် မြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီ၏ ယဉ်ကျေးမှု ဖျော်ဖြေရေးလုပ်ငန်းဆပ်ကော်မတီမှ ယိမ်းအကအဖွဲ့များက ယိမ်းအကတို့ဖြင့် ဂါရဝပြုဖျော်ဖြေပူဇော်ကြသည်။

အဆိုပါ သင်္ကြီးပူဇော်ပွဲအခမ်းအနားသို့ အသက်(၈၅)နှစ်နှင့်အထက် အဘိုး အဘွား ၁၀၈ ဦး တက်ရောက်အပူဇော်ခံကြပြီး ကျန်ရှိသော အဘိုးအဘွား ၈၆၁ ဦးတို့အား သင်္ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ စုရပ်များတွင် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် လှည့်လည်ပူဇော်ကြကြောင်း သိရသည်။

**ရခိုင်ပြည်နယ် (ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးဘေးမဲ့လွှတ်



**မန္တလေး မေ ၁၈**

၁၃၇၈ ခုနှစ်မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်မန္တလေးမြို့တော်သူ၊မြို့တော်သားများ ဇီဝိတဒါနငါးဘေးမဲ့လွှတ်ကောင်းမှု ကုသိုလ်ပြုနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့၊ မင်္ဂလာတံတားအနီး၊ ကျုံးတောင်ဘက်နှင့်ကျုံးအရှေ့ဘက်တို့တွင် ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးမြစ်ချင်းငါးများအား နံနက် ၈ နာရီမှစတင်၍ ငါးလုပ်ငန်းဦးစီးဌာနမှဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။

"မြန်မာနှစ်ဆန်းတစ်ရက်နေ့အခါသမယမှာ သက်စေ့ငါးလွှတ်လိုသူတွေရှိတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျုံးပတ်လည်မှာ မိသားစုလိုက်ငါးလွှတ်လေ့ရှိသည်။ ဇီဝိတဒါနငါးလွှတ် လိုသူများအဆင်ပြေစေရေး အောက်ဆီဂျင်ထည့်ထားတဲ့ ငါးသားပေါက် များအား တစ်အိတ်ကို ကျပ် ၅၀၀ နှုန်းနဲ့ ရောင်းချပေးပါတယ်" ဟု သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ မြန်မာနှစ်ဆန်းတစ်ရက်အခါသမယတွင် မကောင်းမှုများမှ ကင်းလွတ်ရန်ရည်မှန်း၍သက်လွှတ်ပွဲများကျင်းပလေ့ရှိရာ ငါးများအပြင်၊ စာကလေး၊ ကြက်တူရွေး၊ ချိုးငှက်၊ ခိုစသည့်ငှက်များ၊ ရပ်ကွက်အလိုက် ဆိတ်၊ သိုး၊ နွားများကိုလည်း နွားဘေးမဲ့ရုံများသို့သွားရောက်၍ဇီဝိတဒါန သက်လွှတ် ကုသိုလ်ပြုကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# အသက်(၈၀) နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**အင်းတော် မေ ၁၈**

၁၃၇၈ ခုနှစ် မြန်မာနှစ်သစ်ကူး တန်ခူးလဆန်း ၁၀ ရက် နှစ်ဆန်းတစ်ရက်နေ့တွင် အသက် (၈၀)နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို အင်းတော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မေ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့ပေါ် (၄) ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွား ၁၂၂ ဦး အနက်မှ ၄၆ ဦး တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် အင်းတော်မြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က ပူဇော်ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ပုဂ္ဂိုလ်များမှ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခဲ့ကြသည်။ ၎င်းနောက် သက်ကြီးဘိုးဘွားများကိုယ်စား အောင်ချမ်းသာရပ်ကွက်မှ ဦးစံထွေးက ဆုတောင်းမေတ္တာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သက်ကြီးဘိုးဘွားများအား အလှူငွေများကိုအသီးသီး ပေးအပ်ခဲ့ကြကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ မတက်ရောက်နိုင်သော သက်ကြီးဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် အလှူငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကျော်သီဟ)**

# ကနီမြို့၌ သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကျင်းပ

**ကနီ မေ ၁၈**

မြန်မာလူမျိုးတို့၏ ချစ်စရာရိုးရာယဉ်ကျေးမှုဖြစ်သော နှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့မှုများကို အမြို့မြို့အနယ်နယ်၌ ပြုလုပ်ကြရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို ၁၃၇၈ ခုနှစ် နှစ်သစ်ကူးမြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမတွင် ကျင်းပသည်။

သက်ကြီးအဘိုးအဘွားများပူဇော်ကန်တော့ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖတို့စုပေါင်း၍ မြို့ပေါ်(၃)ရပ်ကွက်မှ သက်ကြီး အဘိုး၊ အဘွား ၄၅ ဦးတို့အား ခြေသည်းလက်သည်းများညှပ်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းပေးခြင်း၊ အာဟာရဒါန ကျွေးမွေးခြင်း၊ အသုံးအဆောင်လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေတို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အဘိုးအဘွားများအား အိမ်တိုင်ရာရောက် သွားရောက်ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# လားရှိုးမြို့တွင် သက်ကြီးပူဇော်ပွဲကျင်းပ

**လားရှိုး မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် သက်တော်ရှည် အဘိုး အဘွားများကို တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ပူဇော်လှူဒါန်းသော သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၈ နာရီက လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားရိပ်သာတွင် ကျင်းပရာ အဘိုး အဘွား ၄၄ ဦးတို့အား ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းကြပြီး အဘိုးအဘွားများကိုယ်စား အဘိုးဦးထွန်းအောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**

# မင်းဘူး(စကု)မြို့နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၏ ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် မင်းဘူးမြို့ပေါ်(၄)ရပ်ကွက်အတွင်းရှိ အသက်(၈၀)နှင့်အထက် အဘိုးအဘွား ၆၀ တို့အား အာဟာရဖြည့်အစားအစာများ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများစုစုပေါင်း ကိုးသိန်းကျော်ခန့် လှူဒါန်းကန်တော့ခဲ့ကြပြီး အခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊စေတနာရှင်အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# အချိန်ဘယ်လောက်ကြာမလဲ

## ခင်မောင်ညို (ဘောဂဗေဒ)

ခေတ်ပြောင်း စနစ်အပြောင်းမှာ စာမရေးဖြစ်သေး။ ပြောချင်ဆိုချင်တာတွေထက် သူများပြောတာ ဆိုတာတွေကို ပိုပြီး ကြားချင် ဖတ်ချင်နေမိသည်။ ဘာတွေအတွက် ဘယ်လို ရင်ဆိုင်ကြမလဲ၊ ဘယ်လို ပြင်ဆင်ကြမလဲ ဆိုတာတွေကို သိချင်နေမိသည်။ သုံးနှုန်းပြောဆိုကြသော ဝေါဟာရတွေကိုလည်း စိတ်ဝင်စားသည်။ အပြောင်းအလဲကို ထိထိမိမိ ဖော်ပြသော ဝေါဟာရနှစ်လုံးမှာ ယုံကြည်စိတ်ချမှု နိမ့်ပါးရာမှ မျှော်လင့်ချက် ကြီးမားခြင်းသို့ (low trust to high expectation) ဟူ၍ ဖြစ်သည်။

ယုံကြည်စိတ်ချမှု နည်းပါးခြင်းကို အပြစ်တင်၍လည်း မဖြစ်၊ အကြောင်းမဲ့ ဖြစ်ပေါ်လာခြင်းလည်း မဟုတ်။ နက်ရှိုင်းသော အကြောင်းတရားတွေ အပေါ်မှာ အခြေခံသည်။ ထို့ကြောင့် အချိန်တိုအတွင်း ယုံကြည်မှု မြင့်မားသွားစေရန် လုပ်၍မရ။ တစ်ဖက်တွင် မျှော်လင့်ချက် ကြီးမားလွန်းနေပြန်သည်။ လက်တွေ့ဖြစ်နိုင်တာတွေ၊ မဖြစ်နိုင်တာတွေထက် ဖြစ်စေချင်တာတွေ၊ ဖြစ်ချင်တာတွေ အပေါ် အခြေခံသည်။ ဖြစ်ချင်တာတွေ၊ ဖြစ်စေချင်တာတွေက လက်တွေ့အခြေအနေ၊ ဖြစ်နိုင်တာတွေနှင့် ကွာဟလွန်းလျှင်လည်း မကောင်းပြန်။ ထိုအခြေအနေတွင် မျှော်လင့်ချက် စီမံခန့်ခွဲမှု (Managing expectation) သည်လည်း အရေးကြီးသော ဘာသာရပ်တစ်ခု ဖြစ်လာခဲ့သည်။

ယခုတလော ပြည်သူတွေက သူတို့ ရွေးချယ်တင်မြှောက်လိုက်ကြသော ခေါင်းဆောင်အသစ်တွေသည် လူတွေထဲက လူတွေ ဖြစ်သည်၊ လူဆန်သည်ဟု သဘောကျနေကြသည်။ သို့သော်လူတွေကိုနတ်တွေလို သဘောမထားဖို့၊ သိကြားမင်းလို မမြင်မိဖို့ကလည်း အရေးကြီးသည်။ လူဆိုသည်မှာ အားသာချက်၊ အားနည်းချက်တွေ ရှိသည်။ လူတွေက နတ်တွေ၊ သိကြားတွေလို ဖန်ဆင်းမပေးနိုင်ကြောင်း သိထားသင့်သည်။ ထိုသို့ သိမထားလျှင် စိတ်ပျက်စရာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ အထူးသဖြင့် စိန်ခေါ်မှုတွေ အများကြီးကို နည်းနည်းနှင့် ကျဲကျဲဝိုင်း၍ ဖြေရှင်းရမည့် အခြေအနေကို သဘောပေါက် နားလည်ထားသင့်သည်။ တစ်ဖက်ကလည်း ဘယ်လောက် အချိန်ယူမှာလဲ၊ ဘယ်လောက် ကြာနေဦးမှာလဲဟူသော မေးခွန်းတွေ ရှိသည်။ ဆန္ဒစောသည်၊ မစောသည်ကို တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖက်နှင့် တစ်ဖက် အမြင်မတူ။

အစိုးရသစ်၏ သက်တမ်းသည် အမှန်တကယ်တွင် မတ်လကုန် ဧပြီလဆန်းမှ စသော်လည်း လေ့လာသူအချို့က ရွေးကောက်ပွဲ အနိုင်ရပြီး အမှန်တကယ် မလည်ပတ်မီ ငါးလအကြာကတည်းက ပါတီ၏ လှုပ်ရှားမှုတွေကို လေ့လာ ဆန်းစစ်နေကြသည်။ ထို့အတူပင် အစိုးရသစ်တက်ပြီး ရက်ပေါင်း ၁၀၀ ကာလတွင် ဘာတွေ လှုပ်ရှားဆောင်ရွက်ပေးမည်နည်း။ ရက် ၁၀၀ ကာလက တစ်စုံတစ်ခု ဆောင်ရွက်နိုင်ရန် လုံလောက်မှု ရှိ- မရှိ ဆိုသည်တို့ကိုလည်း ဝေဖန်ဆန်းစစ်လာကြသည်။ အများပြည်သူတို့၏ ဆန္ဒဖြင့် တက်လာသော အစိုးရတစ်ရပ်သည် အများကြိုက် မူဝါဒတွေ ချမှတ်လုပ်ဆောင်ရန် လို-မလို၊ ဆွေးနွေးလာကြသည်။ သင်္ကြန်လိုရိုးရာပွဲတော်တွေကို စတင်ပြောင်းလဲရန် ကြိုးစားသည့်အခါ လူတိုင်းက အပြောင်းအလဲတစ်ခုအတွက် အဆင်သင့် မဖြစ်ကြသေးကြောင်း တွေ့လာရသည်။

အစိုးရသစ်သည် ယခင်အစိုးရကဲ့သို့ နေရာတကာ လိုက်ပါရသည့် အလုပ်ကို လုပ်မည်လား၊ သို့မဟုတ် မူဝါဒသာချမှတ်ပေးပြီး ခပ်ခွာခွာ နေမည်လား စသောကိစ္စတွေကို စတင် ဆွေးနွေးနေကြပြီ။ အမိန့်ပေးစနစ် အောက်တွင် တည်ရှိခဲ့သော ဗျူရိုကရေစီ ယန္တရားသည် ကိုယ့်ဘာသာကိုယ်စတင် လှုပ်ရှားရန် အဆင်သင့် ဖြစ်၊ မဖြစ်၊ စိတ်ဝင်စားစရာ ကောင်းသည်။ နယ်ပယ်အသီးသီးတွင် အကျုံးဝင်နေသော ခါးပြတ်သည့်ကိစ္စ၊ လူ့စွမ်းအား အရင်းအမြစ် အားနည်းသည့် ကိစ္စတွေကို ချန်ထား၍ မဖြစ်။ လက်ရှိ သမိုင်းရေး အကန့်အသတ်တွေ၊ စည်းမျဉ်း စည်းကမ်းပိုင်း အကန့်အသတ်တွေကို မည်မျှကျော်လွှားနိုင်ကြမည်၊ သို့မဟုတ် မည်မျှ ကျော်လွှားနိုင်မည်ဟု မျှော်လင့်ထားကြသည် ဆိုသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။

**နယ်ပယ်အသီးသီးတွင် အကျုံးဝင်နေသော ခါးပြတ်သည့်ကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ် အားနည်းသည့် ကိစ္စတွေကို ချန်ထား၍ မဖြစ်။ လက်ရှိ သမိုင်းရေး အကန့်အသတ်တွေ၊ စည်းမျဉ်း စည်းကမ်းပိုင်း အကန့်အသတ်တွေကို မည်မျှကျော်လွှားနိုင်ကြမည်၊ သို့မဟုတ် မည်မျှ ကျော်လွှားနိုင်မည်ဟု မျှော်လင့်ထားကြသည် ဆိုသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။**

တက်လာသော တာဝန်ရှိသူ အချို့က လက်ရှိ စာရင်းအင်းများ အကြောင်းကို စတင်ပြောဆိုဆွေးနွေးကြသည်ကို တွေ့ရသည်။ ဤသည်မှာလည်း သဘာဝကျပါသည်။ (ထိုထက်ပို၍ စိတ်ဝင်စားစရာကောင်းသော ကိစ္စတစ်ခုမှာ မူဝါဒကို မည်သူတွေက မည်သည့်အချိန်တွင် မည်သို့ ချမှတ်မည်နည်းဟူသော ကိစ္စဖြစ်သည်။ သာဓကအားဖြင့် မူလက ချမှတ်သော မူဝါဒငါးရပ်တွင် အသေးစား၊ အလတ်စား လုပ်ငန်းတွေ မပါဝင်၊ လက်တွေ့ပြောဆိုဆွေးနွေးမှုများတွင် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်သည်ကို တွေ့ရသည်။)

လက်တွေ့တွင် အပြောင်းအလဲ တစ်စုံတစ်ရာ ပေါ်ပေါက်လာရေးအတွက် ပေးရသောအချိန်တွေ ရှိသည်။ ကြံစည်တိုင်း မဖြစ်တတ်သော သဘောကို ကြံစည်ရာတွင် ဖြစ်သင့်သလောက် ဖြစ်ရေးမှာ ထိုထိုပေးရသော အချိန်တွေ၊ ကွာဟချက်တွေကို လျှော့ချနိုင်စွမ်းအပေါ်၌လည်း မူတည်နေသည်။

### (၁) စာရင်းအင်းများ၊ ကိန်းဂဏန်းများ

စီးပွားရေး အဆောက်အအုံတွင် ဘာတွေ ဖြစ်နေသည်ကို သိရှိနိုင်ရန် အတွက် စာရင်းအင်းတွေ၊ ကိန်းဂဏန်းအချက်အလက်တွေ လိုအပ်သည်။ သို့သော် အချိန်နှင့် တစ်ပြေးညီဖြစ်ဖို့ ခက်သည်။ ယခု ရရှိထားသော စာရင်းအင်းများ၊ ဥပမာ - တိုင်းပြည်ဝင်ငွေ၊ အလုပ်လက်မဲ့၊ ငွေဖောင်းပွမှုနှုန်းစသည်တို့သည် လွန်ခဲ့သော သုံး၊ လေးလခန့်က စာရင်းအင်းတွေ ဖြစ်နေနိုင်သည်။ ချက်ချင်းလက်ငင်း မသိနိုင်။

### (၂) အသိအမှတ်ပြုခြင်း၊ လက်ခံခြင်း

စာရင်းအင်းတွေ၊ ကိန်းဂဏန်းတွေ ထွက်လာသည့်တိုင် ထိုစာရင်းအင်းတွေ၊ ကိန်းဂဏန်းတွေကို မှန်ကန်သည်၊ သေချာရေရာသည်ဟု အသိအမှတ်ပြု၊ လက်ခံနိုင်ရန် အချိန်ပေးရဦးမည်။ ထိုကိန်းဂဏန်းများ၊ စာရင်းအင်းများက အနာဂတ် အလားအလာကို တွက်ဆရန်အတွက် အသုံးဝင်၊ မဝင် စဉ်းစားစရာရှိသည်။ ဥပမာ - အမေရိကန်နိုင်ငံတွင် စီးပွားရေး နေးကွေးနေပြီကို ခြောက်လတာ စောင့်ကြည့်ပြီးမှ အသိအမှတ်ပြုသည်။

### (၃) ဥပဒေကြောင်း

မူဝါဒတစ်ခု ချမှတ် အကောင်အထည် ဖော်တော့မည်ဆိုလျှင် ဥပဒေကြောင်းနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စဉ်းစားရန်လိုသည်။ ဥပဒေ မရှိသေးလျှင် ဥပဒေတစ်ခု ပေါ်ပေါက်လာရန် တင်ပြခြင်း၊ အဆိုပြုခြင်း၊ ဆွေးနွေးခြင်း စသည်တို့အတွက် အချိန်တော်တော်ကြာကြာ ပေးရဦးမည် ဖြစ်သည်။ မူဝါဒ ချမှတ်သူသည် ဥပဒေကို ကျော်လွှားနိုင်ခြင်း မရှိ၊ ဥပဒေအောက်တွင်သာ အလုပ်လုပ်ရသည်ကို မေ့ထား၍ မဖြစ်၊ ဥပမာ - အတိုးနှုန်း အတင်အချ လုပ်သည့် အလုပ်မျိုးကို ဗဟိုဘဏ်က လုပ်နိုင်သော်လည်း ဘတ်ဂျက် အသုံးစရိတ်နှင့် အခွန်မှ ရငွေလို ကိစ္စမျိုးကို ဥပဒေပြုပြီးမှ လုပ်ဆောင်နိုင်သည်။ အစိုးရဘတ်ဂျက်တွင် မပါဝင်ဘဲ ကျောင်းတွေ၊ တံတားတွေ၊ ဆေးရုံတွေကို ကိုယ်ဆောက်ချင်တိုင်း ဆောက်၍မရ၊ ဆောက်ပေးချင်တိုင်း ဆောက်ပေး၍ မဖြစ်။

### (၄) အကောင်အထည် ဖော်မှု

မြန်မာနိုင်ငံတွင် အများဆုံး ဆွေးနွေးကြစရာ ကိစ္စတစ်ခုမှာ လက်တွေ့အကောင်အထည်ဖော်မှု အပိုင်းဖြစ်သည်။ မူဝါဒအသစ်ချလိုက်သော်လည်း ထိုမူဝါဒကို အကောင်အထည်ဖော်နိုင်သည့် နည်းလမ်းရှိကောင်းမှ ရှိမည်။ အချို့သော မြန်မာအစိုးရ အဖွဲ့အစည်းအချို့က လက်တွေ့အကောင်အထည်ဖော်နိုင်သော နည်းလမ်းများ အကန့်အသတ်နှင့်သာရှိသည်ဟု ပြောဆိုသောအခါ အမှန်အတိုင်း ဖြစ်သော်လည်း နားမလည်သူတွေက လက်မခံချင်။ ဥပမာ - ဗဟိုဘဏ် လက်ဝယ်ရှိ နိုင်ငံခြား သီးသန့်ရန်ပုံငွေတွေ တိုးပွားစေရမည်ဟု မူဝါဒချမှတ်သော်လည်း လက်တွေ့တွင် လုပ်ဆောင်နိုင်သော နည်းလမ်း များများစားစား မရှိလှပါ။ ချက်ချင်း ပြောင်းလဲအောင် စွမ်းဆောင်နိုင်ခြင်း မရှိပေ။ အစိုးရဌာနများ၏ ဘဏ္ဍာငွေသုံးစွဲပုံအလေ့အထများ ပြောင်းလဲရန်အတွက်လည်း အချိန်ပေးရန် လိုသည်။

### (၅) ထိရောက်မှု ရှိ-မရှိ

မူဝါဒ တစ်ခုကို ချမှတ် အကောင်အထည်ဖော်နိုင်သည် ဆိုသည့်အတိုင်း အမှန်အတကယ် အကျိုးသက်ရောက်မှု၊ ထိရောက်မှု ရှိကောင်းမှ ရှိမည်။ ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်နိုင်သလို မူဝါဒချမှတ်သည့် အချိန်နှင့် လက်ရှိ အခြေအနေ ကွာဟမှု၊ ပြောင်းလဲမှုတွေ ဖြစ်နိုင်သည်။ လောလောဆယ် ထိရောက်မှု မရှိပဲ အချိန်ကြာမှ အကျိုးရှိသည့် ကိစ္စမျိုးလည်း ဖြစ်နိုင်သည်။

အထက်ပါ အကြောင်းအရာတွေကြောင့် မူဝါဒချမှတ်သူတွေအတွက် လက်တွေ့ လုပ်ဆောင်ရာတွင် တက်ကြွလှုပ်ရှားသူတွေထက် ပိုခက်ခဲသည်ကို တွေ့ရသည်။ ဥပမာ - အလုပ်လက်မဲ့တွေ များနေသည့် ကိစ္စမျိုးကို တက်ကြွလှုပ်ရှားသူတွေက လက်ညှိုးထိုးရန် လွယ်သော်လည်း လက်တွေ့ဖြေရှင်းရန်အတွက် အချိန်ပေးရသည်။ ကိုယ့်လက်ထက်မှာ အကောင်အထည် မပေါ်၊ နောက်လူကောင်းစားသည့် အဖြစ်မျိုးနှင့်လည်း ကြုံတွေ့ရနိုင်သည်။ တစ်ခါတစ်ရံ အပြောင်းအလဲနှင့် ကြုံသည့်အခါ လုပ်မိ၍ မှားသွားသည့် အဖြစ်ကြောင့် အမှားပြင်ဆင်ရန် လိုအပ်လာပြီး ဘာမျှမလုပ်ပဲ နေခြင်းက မှန်သွားသည့်အဖြစ်မျိုးနှင့်လည်း ကြုံတွေ့ရတတ်သည်မှာ စိတ်ဝင်စားစရာကောင်းသည်။

အဆိုပါ အခက်အခဲ ငါးခုကြောင့် အပြောင်းအလဲ တစ်စုံတစ်ရာ မလုပ်ပဲ နေချင်၍လည်း မဖြစ်ပေ။ အခက်အခဲ ငါး ခုကို အမြန်ဆုံး မည်သို့ ကျော်လွှားနိုင်မည်ကိုသာ စဉ်းစားရသည်။ ဤနေရာတွင် ခေါင်းဆောင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဗျူရိုကရေစီ ယန္တရားများ၏ စွမ်းဆောင်ရည်နှင့် တစ်ဖက်တွင် အများပြည်သူတို့၏ မျှော်လင့်ချက် အရွယ်အစားပေါ်တွင် မူတည်နေသည်ကို သတိပြုရန် လိုအပ်ပါသည်။


# သင်္ကြန်တွင်း အပန်းဖြေနေရာများ အနားယူသူများဖြင့် ပိုမိုစည်ကား

**မောက်မယ် မေ ၁၈**

မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများသာမက မိုးနဲမြို့နယ်၊ လင်းခေးမြို့နယ်၊ မိုင်းပန် မြို့နယ်၊ နမ့်စန်မြို့နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့နယ်တို့မှ တိုင်းရင်းသားလူငယ်မောင်မယ်များတို့သည် သင်္ကြန်ကာလအတွင်း အယ်နီညိုအပူလှိုင်းဒဏ်ကင်းဝေးရေးကြောင့် လည်းကောင်း လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ဟိုလွိုင်ရေတံခွန်နှင့် တစ်ဆက်တည်းရှိ ဖိုင်မိုင်ဆည်တို့တွင် သင်္ကြန်မတိုင်မီကာလမှ သင်္ကြန်ကာလအတွင်း နေ့စဉ် အေးအေးချမ်းချမ်းဖြင့် လာရောက်အပန်းဖြေအနားယူရေကစားကြကြောင်း ယခင်နှစ်များထက် မထင်မှတ်ဘဲ စည်ကားနေကြောင်းတွေ့မြင်ရသည်။

ဤသို့စည်ကားရခြင်းမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်ကတစ်ပိုင်း၊ တောတောင်ရေမြေသဘာဝ ကောင်းမွန်ပြီး သာယာလှပခြင်း၊ ရေများသန့်ရှင်းအေးချမ်းပြီး သစ်ပင်အရိပ်များကောင်းခြင်းကြောင့် လူငယ်များ ပိုမိုစိတ်ဝင်စားကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



# ဝိုင်းမော်မြို့နယ်တွင်ကျေးလက်လမ်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မြစ်ကြီးနား မေ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်နှင့်မြို့များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလမ်းများတွင် ဝိုင်းမော်မြို့နယ်အတွင်း ခွင့်ပြုငွေကျပ် ၁၁၈ ဒသမ ၀၀၅ သန်းဖြင့် ဇီးကွက်နှစ်ကောင်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်သည့် အရှည်တစ်မိုင် လေးဖာလုံရှိ ခါးရှီ - နောင်စီပေါက်ကျောက်လမ်းခင်းခြင်းလုပ်ငန်းနှင့် ခွင့်ပြုငွေကျပ် ၁၁၈ ဒသမ ၆၁၄ သန်းဖြင့် ကောင်းကင်လွင်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်သည့် အရှည် တစ်မိုင် ၄ ဖာလုံရှိ ဝါရှောင် - ဒိန်ဂျန်ယန်ကျောက်လမ်းခင်းခြင်း လုပ်ငန်းတို့လည်းပါဝင်ပြီး ယခုအခါ ဒေသခံပြည်သူများစိတ်ချမ်းမြေ့ အဆင်ပြေစွာ အသုံးပြုသွားလာလျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရန်မျိုးနိုင်ကပြောသည်။ **(ဝင်းအောင်)**

ဖတ်စရာ၊ မှတ်စရာ

# "ကွမ်းဓလေ့ မမွေးသင့်ပါပြီ"

ခ အောင်ကျော်ညို (ဆင်ချဆိပ်)

အိမ်နီးချင်းနိုင်ငံတစ်ခုမှာ အလုပ်လုပ်ပြီး အပြီးပြန်လာခဲ့သော သားလတ်တို့မိသားစုကို သူညီငယ်က လေဆိပ်မှာသွားကြိုသည်။ မတွေ့တာကြာပြီဖြစ်သော ညီအစ်ကိုနှစ်ဦး ကားပေါ်မှာ စကားဖောင်ဖွဲ့ ကရားရေလွှတ်တတွတ်တွတ်ဖြင့် ပြောမဆုံးပေါင် တောသုံးတောင်ဟုဆိုရလောက်သည်။ ညီငယ်မှာ ကားမောင်းရင်း၊ ကွမ်းဝါးရင်းနှင့် တစ်နေရာအရောက်တွင် လမ်းမပေါ်သို့ ကွမ်းတံတွေးထွေးချလိုက်သည်။ အမှတ်မထင်တွေ့လိုက်သည့် ကားနောက်ခန်းမှလိုက်ပါလာသူ သူ့မရီးမှာ တအံ့တဩဖြစ်သွားခဲ့သည်။ နောက်မှ သတိရပြီး သက်မချလိုက်နိုင်သည်။ "ဒါမြန်မာပြည်ပဲ၊ သူနေခဲ့တဲ့နိုင်ငံမှမဟုတ်တာ" ကြားလိုက်ရသည့်စကားကြောင့် မိမိမှာ အကြီးအကျယ်စိတ်မကောင်းဖြစ်သွားရသည်။

တစ်လောကလည်း ဤကွမ်းကြောင့်ပင် ကိုရီးယားနိုင်ငံရောက် မြန်မာကွမ်းသမားများ ဒဏ်ရိုက်ခံရကာ အရှက်ကွဲခံခဲ့ရပြီးပြီ။ ကမ္ဘာကိုထိကျော်သွားခဲ့သည့်သတင်း။ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုက မိမိတို့နိုင်ငံမှာ ယဉ်ပါးနေပြီး အလေ့အကျင့်ဖြစ်နေသည်။ တခြားနိုင်ငံရောက်သွားသည်နှင့် ဤအကျင့်ဆိုးက ကောင်းကျိုးမပေးတော့ပါပြီ။

ကွမ်းဟူသောဝေါဟာရသည် မိမိနိုင်ငံသားများနှင့် လက်ပွန်းတတီးကြာခဲ့ပြီ။ "တံတားဦးက ကွမ်းနုဝါ၊ မျောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူပြည်သျှားသာဝါးလို့ထွေး"။ ပဒေသရာဇ်သမိုင်းမှတ်တမ်းနှင့် ရှိလာခဲ့သည့်ကွမ်း။ ရခိုင်ဘုရင်မင်း ထီးနန်းလက်ထက်တော်က နန်းတော်တိုင်မှာ ထုံးတို့မိ၍ သတ်မှတ်ထားပြီး အမိန့်တော်အတိုင်း ထုံးတို့လက်ညှိုးကို ကိုယ်တော်တိုင် သံလျက်နှင့် ပိုင်းဖြတ်ခဲ့သည့်မှတ်တမ်း။ ကွမ်းမှတ်တမ်းများပင်ဖြစ်သည်။

ပဒေသရာဇ်ခေတ်မှ မျက်မှောက်ကာလထိ မင်္ဂလာအခမ်းအနားများမှသည် အိမ်ဦးခန်းမှာထိ နေရာယူနေဆဲ။ ကွမ်း၊ ဆေးလိပ်၊ လက်ဖက်၊ ရေနွေးကြမ်း။ ယနေ့ထိ ကျေးလက်ဒေသအများမှာ ဧည့်သည်ကိုဧည့်ခံရာတွင် သုံးနေဆဲပါ။ ရှေးခေတ်လူကြီးများ ကွမ်းစား၍ မဲနက်နေသောသွားများကို ဖရဲစေ့လိုလှပသည်ဟု ဂုဏ်ယူနေတတ်ကြသည်။ ကွမ်းမစား၍ ဖြူဖွေးနေသောသွားများကိုကား ခွေးသွားနှင့်တူသည်ဟူ၍ နှိမ့်ချပြောတတ်ကြသည်။ မျက်မှောက်ကာလအမြင်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သွားပြီ။ သို့သော်လည်း ကွမ်းဝါးသည့်အလေ့အကျင့်မှာကား လျော့နည်းမသွားပါ။ တောရောမြို့ပါ အပြိုင်အဆိုင် အားပေးနေကြဆဲပါ။

သို့သော် ဒေသထွက်ကုန် ကွမ်းရွက်တွင်ပါဝင်သော အတွင်းကလီစာများ ယခင်ကလို ဒေသထွက်များမဟုတ်တော့ပါပြီ။ အထူးသဖြင့် ကွမ်းစားဆေးများ၊ အိမ်နီးချင်းနိုင်ငံတစ်ခုမှ ဝင်လာမစဲ တသဲသဲနှင့် စည်းလွတ်ဝါးလွတ်ရှိနေသည်။ ယင်းကွမ်းစားဆေးပေါင်းများကိုမှ အရသာထူးသည်ဆိုပြီး သဲသဲမဲမဲ အားပေးနေကြသည်။ ကွမ်းတံတွေးမှာ မျိုချရသည့်အရာမဟုတ်။ ဤသို့ဖြင့် ဝန်းကျင်ညစ်နွမ်း အလှပျက်ရမည်။ နိုင်ငံအတွက် အရှက်ရစရာဖြစ်လာခဲ့ရသည်။

ရှားရှားပါးပါး ကွမ်းတံတွေးကို မျိုချသည့်ပုဂ္ဂိုလ်တစ်ဦး ရှိခဲ့ဖူးသည်။ မိမိ၏ဖခင်ကိုယ်တိုင်ပင်ဖြစ်သည်။ တောင်ယာလုပ်ရင်း၊ ဖျာရက်ရင်းနှင့် ကွမ်းကိုပါးစောင်ကြားတွင် ငုံထားတတ်သည်။ ခဏခဏ ကွမ်းကိုခပ်ဖွဖွကလေးကိုက်လိုက်၊ ထွက်လာသည့်ကွမ်းရည်ကို မျိုချလိုက်နှင့် ကွမ်းအရသာကို ခံစားနေတတ်သူ။ အတွင်းကကလီစာများ ရသာမဲ့သွားပြီဆိုလျှင် ထိုကွမ်းနွမ်းမှာပင် ကွမ်းသီး၊ ထုံး၊ ဆေးသစ်ပြန်ထည့်၊ ပြန်ငုံနှင့်။ တစ်နေ့လုံးနေမှ ကွမ်းသုံးရွက်မကုန်။ အဖေ၏ကွမ်းဝါးနည်း။ "ထမင်းတစ်နပ်မစားဘဲနေနိုင်သည်၊ ကွမ်းမဝါးဘဲနေ၍မရ။ ပါးစပ်ချဉ်လာသည်" အဖေပြောနေကျစကား။ ကွမ်း၏ထူးခြားဂုဏ်သတ္တိတစ်ခုဟုဆိုရမည်။

လူသားတစ်ဦး၏ ဘဝရှင်သန်ရေးတွင် မရှိမဖြစ်အရေးသုံးပါးမှာ စားရေး၊ နေရေး၊ ဝတ်ရေးပင်ဖြစ်သည်။ အစာ၏ပင်မတာဝန်ခံကြီးမှာ ဤပါးစပ်ပင်မဟုတ်ပါလော။ တစ်လောက ကြေးမုံသတင်းစာတွင် "သွားနှင့်ခံတွင်းရောဂါခံစားနေရသူများ ကမ္ဘာ့လူဦးရေ၏၉၀ ရာခိုင်နှုန်းရှိသော်လည်း ၆၀ ရာခိုင်နှုန်းမှာ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုရရှိနေ" သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ လူကြီးလူငယ်မရွေး၊ အချိန်နေရာမရွေး ကွမ်းဝါးနေကြသော မိမိတို့နိုင်ငံသားများ သတိမူသင့်သည့် သတင်းစကားပင်ဖြစ်ပါသည်။

အထူးသဖြင့် ကွမ်းသီးတွင် ကင်ဆာဖြစ်စေနိုင်သည့် အေရီကိုလင်းဓာတ်ပစ္စည်း ပါဝင်နေမှုကြောင့် ခံတွင်းကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း ပညာရှင်များ ထောက်ပြသတိပေး လေ့လာနေပါပြီ။ ထုံးဆိုလည်း လွန်ကဲက အကျိုးမပေး။ "တစ်သက်လုံးစားလာသည့်ကွမ်း သံပုရာတစ်ခြမ်း" ဆိုငြားလည်း လက်တွေ့တွင် ပါးစပ်သန့်ရှင်းမှုအတွက် ဆိုးကျိုးသာဖြစ်စေသည်။ ကွမ်းစားဆေးဆိုလည်း ထိုနည်းလည်းကောင်းပင်။ ယခုလို စွဲမြဲနေသည့်ကွမ်းစားတော့ ပိုဆိုးမည်။ အနှစ်ချုပ်လိုက်လျှင် ကွမ်းဝါး၍ကောင်းကျိုးမပေးဟု တိကျပြောနိုင်ပါသည်။ ကွမ်းဝါးသည့်ဓလေ့ရှိလာခဲ့ပြီးလည်း ကောင်းကျိုးမပေးကြောင်း သိရှိလာချိန် စိတ်အလိုလိုက် မမိုက်သင့်ပါပြီ။ ကွမ်းဓလေ့ မမွေးသင့်ပါပြီ။ ။

## အလှူရှင်ပြည်သူများစုပေါင်း၍ ပရိတ်တရားတော်နာနှင့် သက်ကြီးဘိုး/ဘွား ပူဇော်ပွဲများ ကျင်းပ



**မော်လိုက်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်/မြို့နယ် ဌာနဆိုင်ရာမိသားစုများ၊ အလှူရှင်ပြည်သူများစုပေါင်း၍ ပြုလုပ်သည့် ပရိတ်တရားတော်နာနှင့် သက်ကြီးဘိုး၊ ဘွားပူဇော်ပွဲကို မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် မော်လိုက်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများမှ နမောတဿသုံးကြိမ် ရွတ်ဆိုဆုတောင်း ဖွင့်လှစ်ခဲ့ကြပြီး ကန်တော့ခံဘိုး၊ ဘွားများအား ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ယင်းနောက် ကန်တော့ခံဘိုး၊ ဘွားများ၏ကိုယ်စား ဦးဘမောင်က ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများမှ ဘိုး၊ ဘွားတို့အား လှူဒါန်းပစ္စည်းများနှင့် လှူဒါန်းငွေများအား ပူဇော်ကန်တော့ခဲ့ကြသည်။

အဆိုပါ သက်ကြီးဘိုး၊ ဘွားပူဇော်ပွဲတွင် သက်ကြီးဘိုး၊ ဘွားတစ်ဦးလျှင် လှူဒါန်းပစ္စည်းလေးမျိုးနှင့် လှူဒါန်းငွေကျပ် ၇၀၀၀ တိတိကို ပူဇော်ကန်တော့ခဲ့ကြပြီး မော်လိုက်မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၀ နှစ်နှင့်အထက် ကန်တော့ခံဘိုး၊ ဘွား ၁၁၄ ဦးအား ပူဇော်ကန်တော့ခဲ့ကြပြီး မလာရောက်နိုင်သည့် သက်ကြီးဘိုး၊ ဘွားများကိုလည်း အိမ်အရောက်သွားရောက်ပူဇော်ကန်တော့သွားကြမည်ဖြစ်ပြီး အန္တရာယ်ကင်းပရိတ်တရားတော်နာကိုလည်း မွန်းလွဲ ၂ နာရီတွင် အဆိုပါမြို့တော်ခန်းမ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **ကျော်ပွား(မော်လိုက်)**



**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြန်မာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက်တွင် မြန်မာ့ရိုးရာအစဉ်အလာမပျက် သရက်ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ပူးပေါင်းလှူဒါန်းသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရတနာပုံခန်းမအတွင်း ကျင်းပခဲ့သည်။

အဆိုပါပူဇော်ကန်တော့ပွဲတွင် သက်ကြီးဘိုးဘွားများအား ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက ဩကာသကန်တော့ချိုးဖြင့် ကန်တော့ကြပြီး အဘိုး၊ အဘွား ၄၆ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းလှူဒါန်းပေးခဲ့သည်။ ကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား သက်ကြီးအဘိုးတစ်ဦးနှင့် အဘွားတစ်ဦးမှ ဆုံးမဩဝါဒစကားပြောကြားပေးပြီး ဆုတောင်းမေတ္တာပို့ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

**ကံမ**

မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက် မေ ၁၇ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ကြီးဘိုးဘွားပူဇော်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဘိုး၊ အဘွားတို့အား တက်ရောက်လာကြသူများက ပူဇော်ကန်တော့ကြပြီး အလှူငွေများအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါပူဇော်ပွဲတွင် အသက် ၉၀ နှင့်အထက် အဘိုး၊ အဘွား ၁၄ ဦးတို့အား ပူဇော်ကန်တော့ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးအခြေအနေကြောင့် ပူဇော်ပွဲသို့မတက်ရောက်နိုင်သည့် အဘိုး၊ အဘွားတို့အား ထောက်ပံ့ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **ကျော်ဖေယျာဝင်း(ကံမ)**

## နှစ်ဆန်းတစ်ရက်နေ့တွင် မင်းကွန်းဒေသ၌ ပြည်တွင်းဘုရားဖူးများဖြင့် အထူးစည်ကား

**စစ်ကိုင်း မေ ၁၈**

နှစ်ဆန်းတစ်ရက်နေ့တွင် သမိုင်းဝင် မင်းကွန်းဒေသတွင် ပြည်တွင်းဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ မင်းကွန်းဒေသမှာ ပြည်တွင်းပြည်ပဘုရားဖူးများ တစ်နှစ်ပတ်လုံး လာရောက်လေ့ရှိသည်။ ထူးခြားမှုများစွာ၊ ရသများစွာပေးစွမ်းနိုင်သောနေရာတစ်ခုအဖြစ်လည်း တင်စားလေ့ရှိသည်။ မင်းကွန်းဒေသတွင်လည်း မြင်ရသူအံ့ဩလောက်သည့်ထုထည်ကြီးမား စေတီတစ်ဆူကို ဖူးမြော်နိုင်သည်။ စေတီမှာ အပြီးသတ်အောင်တည်ထားခဲ့ခြင်းမရှိသည့်တိုင် အမရပူရခေတ် ဗိသုကာလက်ရာစံကို ကြည့်ရှုလေ့လာနိုင်သော စေတီပင်ဖြစ်သည်။ စေတီနှင့်လိုက်ဖက်ညီစွာ ခြင်္သေ့ကြီးနှစ်ကောင်နှင့်အတူ ကမ္ဘာကျော်မင်းကွန်းခေါင်းလောင်းကြီးပါ သွန်းလုပ်ထားခဲ့သည်။ ထိုစေတီမှာ မိချောင်းခေါင်းကလေးများ ဝန်းရံထားသည့် မင်းကွန်းပုထိုးတော်ကြီးပင်ဖြစ်သည်။ မင်းကွန်းရောက်သူတိုင်း ပုထိုးတော်ကြီးဘုရားပေါ် တက်ရောက်ကြသည်။



ဧရာဝတီမြစ်မှ မင်းကွန်းမြေသို့ရောက်သည်နှင့် အံ့ဩဖွယ် ခြင်္သေ့ကြီးနှစ်ကောင်ကို တွေ့မြင်နိုင်သည်။ ခြင်္သေ့ကြီးများအလွန်ကို ကြည့်လိုက်ပါက သက်န်းရောင်ဖျော့ဖျော့အနေအထားဖြင့် ကြီးမားသောထုထည်နှင့် စေတီတစ်ဆူကို ဖူးမြော်နိုင်သည်။ ထိုစေတီမှာ အမရပူရခေတ် မြန်မာ့ဗိသုကာလက်ရာမြောက် မင်းကွန်းပုထိုးတော်ကြီးပင်ဖြစ်သည်။ စေတီအောက်ခြေကိုပတ်ကာ လေ့လာလိုက်သည်နှင့် မိချောင်းခေါင်းကလေးများ အစီအရီဝန်းရံထားသည်ကို တွေ့မြင်နိုင်သည်။ ပုထိုးတော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၅၂ ခုနှစ် တပို့တွဲလဆန်း(၅)ရက်တွင် ဘိုးတော်မင်းတရားကြီးက ရတနာအုတ်မြစ်စီ တည်တော်မူခဲ့သည်။ စေတီတော်ကို ဉာဏ်တော်အမြင့်ပေ ၅၀၀ ကျော်၊ ဖိနပ်တော်ပေ ၃၀၀၀ ကျော်နှင့် တစ်ဖက်လျှင်ပေ ၄၅၀ ရှိ လေးထောင့်ပုံစေတီတည်ထားရန် ရည်ရွယ်ထားခဲ့ကြောင်း သိရသည်။

အကြောင်းအမျိုးမျိုးကြောင့် ဉာဏ်တော် ၁၆၂ ပေခန့်ဖြင့် ရပ်တန့်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၁၅၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဌာပနာသွင်းကာ အပြီးမသတ်ဘဲထားခဲ့သည်။ မင်းကွန်းပုထိုးတော်ကြီးသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင်လှုပ်သော ငလျင်ဒဏ်ကြောင့် လေးဖက်လေးတန်မှ ပြိုကျကွဲအက်သွားသည်။ ကွဲအက်ပဲ့ထွက်သွားသော အုတ်ခဲများသည်ပင် တွဲစပ်လျက်တည်ရှိနေသည်ကို ကြည့်ကာ ရှေးခေတ်မြန်မာဗိသုကာပညာရှင်များ၏ အင်္ဂတေစပ်နည်းကို လေးစားဖွယ်တွေ့မြင်နိုင်သည်။

မင်းကွန်းပုထိုးတော်ကြီးအောက်ခြေမှစတင်ကာ လေ့လာသမျှ လက်ရာမြောက်မိချောင်းခေါင်းကလေးများစွာကို တွေ့မြင်ရသည်။ ထိုမှသည် ပုထိုးတော်ကြီးအပေါ်အထိ တက်ရောက်လေ့လာဖူးမြော်နိုင်ရန် လှေကားပြုလုပ်ပေးထားပြီး သံတန်းကလေးများ ပြုလုပ်ပေးထားသည်။ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များမှာ မင်းကွန်းပုထိုးတော်ကြီးပေါ် တက်ရောက်ဖူးမြော်သမျှ မြင့်မားမှုနှင့် မြန်မာ့ဗိသုကာလက်ရာကို အံ့ဩယူကြရသည်။ ပုထိုးတော်ကြီးပေါ်သို့ရောက်သွားသည်နှင့် ပတ်ဝန်းကျင်အလှများ၊ ဧရာဝတီမြစ်အလှများကို တဝကြီးခံစားကြည့်ရှုကာ အမောပြေသွားလေ့ရှိကြောင်း သိရသည်။ လက်ရှိကာလတွင် မင်းကွန်းပုထိုးတော်ကြီးမှာ မြန်မာ့ဗိသုကာလက်ရာကိုပြသရာ ထူးခြားကြီးမားသော စေတီတစ်ဆူအဖြစ်တည်ရှိပြီး မိချောင်းခေါင်းကလေးများ အစီအရီဝန်းရံကာ နိုင်ငံ့ဂုဏ်ဆောင် သမိုင်းဝင်စေတီတစ်ဆူအဖြစ် တည်ရှိနေသည်။ **တိမ်တမန်**

ကြေးမုံ

မေ ၁၉၊ ၂၀၁၆



## လျှပ်စစ်ဝါယာကြိုးများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

**မြင်းမူ မေ ၁၈**

၂၀၁၅-၂၀၁၆နှစ်အတွင်း မြင်းမူမြို့သည်မီးဘေးအန္တရာယ်နှင့်မီးထိတ်လန့်မှုများလုံးဝကင်းစင်ခဲ့သည်။ ထို့ကြောင့် မြင်းမူမြို့နေပြည်သူလူထုတစ်ရပ်လုံးက အစိုးရမီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့၏ဆောင်ရွက်ချက်များကို ဂုဏ်ယူ မဆုံးဖြစ်နေကြသည်။မြန်မာနိုင်ငံ၏မီးလောင်မှုမှတ်တမ်းများတွင်လျှပ်စစ်ဝါယာရှော့ခ်ဖြစ်၍လောင်ကျွမ်းဆုံးရှုံးမှုသည် ၅၅ ရာခိုင်နှုန်းရှိသည်ဟု မှတ်တမ်းများအရတွေ့ရှိရသည်။

ယခုနှစ်နွေရာသီသည် အယ်နီညိုကြောင့်အပူရှိန်လွန်ကဲကာ ဝါယာရှော့ခ်ဖြစ်၍မီးလောင်ကျွမ်းမှုကိုမကြာခဏဆိုသလိုသတင်းများတွင် ဖတ်ရှုနေရသည်။ ထို့ကြောင့်မီးဘေးကင်းစင်သော မြင်းမူမြို့အနေဖြင့်ဤကဲ့သို့ဖြစ်ရပ်များကို ကြိုတင်၍ကြောက်ရွံ့နေကြသည်။ အဘယ်ကြောင့်ဆိုသော်လမ်းဘေးရှိသစ်ပင် ကြီးငယ်တို့၏ကြားတွင်ဝါယာကြိုးများဖြတ်သန်း၍ သွယ်တန်းထားသည်မှာ စိုးရိမ်စရာဖြစ်နေသည်။ လေပြင်းများတိုက်ခတ်လာလျှင်သစ်ကိုင်းနှင့် ဝါယာကြိုး၊ ဝါယာကြိုးအချင်းချင်းလှုပ်ခတ်ပွတ်တိုက်ပြီးရှော့ခ်ဖြစ်ကာမီးလောင်မှုဖြစ်ပွားမည်ကိုစိုးရိမ်နေကြသည်။

ထို့ကြောင့်မြို့နယ်စည်ပင်သာယာအနေဖြင့် ဝါယာကြိုးသွယ်တန်းလျက်ရှိသောအနီးမှသစ်ပင်များကိုစနစ်တကျခုတ်ထွင်ရှင်းလင်းပေးရန်နှင့်မြို့နယ်လျှပ်စစ်ရုံးမှတာဝန်ရှိသူများကလည်းဝါယာကြိုးများကိုသွယ်တန်းထားသည့်ဓာတ်တိုင်အလိုက်စစ်ဆေး၍ ပြန်လည်ပြုပြင်ပြင်ဆင်ပေးရန်လိုအပ်လျက်ရှိသည်။

"ကျွန်တော်တို့ကဝါယာကြိုးနှင့်ရှုပ်နေတဲ့သစ်ကိုင်းတွေကိုကိုယ့်အိမ်ရှေ့မှာဆိုတော့ကိုယ်တိုင်တက်ပြီးခုတ်ချင်ပါတယ်။ ဒါပေမယ့်စည်ပင်ဥပဒေကရှိနေတော့ သူတို့လိုက်ခုတ်ပေးရင်အန္တရာယ်ကင်းတာပေါ့ဗျာ။ ဟိုလမ်းထိပ်ကဓာတ် တိုင်မှာဆိုရင်လည်းဝါယာကြိုးအပေါက်တွေကိုနည်းမျိုးစုံနဲ့ဖာထေးပြီးသုံးထားကြတာ မီးရေးအတွက်စိုးရိမ်စရာပါပဲဗျာ"ဟု ရပ်ကွက်နေပြည်သူတစ်ဦး၏စိုးရိမ် ထိတ်လန့်ရင်ဖွင့်သံကိုကြားရပါသည်။ထို့ကြောင့် ဤကဲ့သို့ဝါယာကြိုးနှင့် သစ်ကိုင်းများရှုပ်ထွေးနေမှုကို အမြန်ဆုံးဖြေရှင်းပေးနိုင်ပါရန် ဖော်ပြအပ်ပါသည်။

(၆၂၄)

# အရက်၊ ဘီယာသောက်သုံးမှုနှင့် လူငယ်များ၏အနာဂတ်လားရာ

**ကိုလွင်(ဆွာ)**




နိုင်ငံနှင့်အဝှမ်းကို တိုင်းတာကြည့်လျှင် အရက်၊ ဘီယာသောက်သုံးမှုမှာ အဆမတန်များပြားလာသည်ကို မြို့ပြနှင့်ကျေးလက်ဒေသများပါမကျန် နေ့စဉ်မြင်တွေ့နေရသည်မှာ ရေရှည်အတွက် စဉ်းစားကြည့်လျှင် ရင်လေးစရာအတိဖြစ် တော့သည်။

အရက်ဆိုသည်မှာ မူးယစ်စေသော သက်မဲ့အရာဝတ္ထုပစ္စည်းဖြစ်သည်။ အဆိုပါ မူးယစ်စေသော အရာဝတ္ထုကို အသိဉာဏ်ရှိသည့် လူသားက သောက်စားပြီးမှ ဆင်ခြင်တုံတရားမဲ့စွာ မူးယစ်ရမ်းကားခြင်း၊ ပြဿနာပေါင်းစုံဖြစ်ပွား ခြင်းအပြင်၊ မှုခင်းကြီးငယ်တို့က နောက်ဆက်တွဲအဖြစ်ကပ်ပါလာတတ်စမြဲ။ ထို့အတူ အိမ်ထောင်ရေးသာယာမှုကင်းမဲ့ကာ လင်မယားချင်း ကွာခြင်းပြတ်စဲခြင်းနှင့် အလုပ်အကိုင်အခွင့်အလန်းများပါထိခိုက်ကာ အမှန်တကယ် ပညာတတ်ကျွမ်းသူဖြစ်ပါလျက် အရက်၏ကျေးကျွန် သံသရာမှ ရုန်းမထွက်နိုင်ဖြစ်ရာက အလုပ်အကိုင်မှ ထုတ်ပယ်ခံရခြင်းများလည်း မကြာခဏဆိုသလို ကြားသိနေရလေသည်။

ပို၍ဆိုးသည်မှာ အရက်သေစာသောက်သုံးသူများတွင် အသက်အရွယ် အလွန် ငယ်ရွယ်လွန်းသည့် ကလေးငယ်များပါ ပါဝင်လာနေပြီဖြစ်ရာ ၎င်းတို့၏ အနာဂတ်အတွက် ဦးတည်ရာမဲ့သည့် ဗေဒါပင်လို ဖြစ်ရတော့မည့်အရေးမှာလည်း ရတက်မအေးစရာပင်။ ယခုလိုပူပြင်းလှသည့် နွေရာသီကာလတွင် အရက်၊ ဘီယာရောင်းချသည့်ဆိုင်များမှာ ထိုင်စရာနေရာ မရရှိနိုင်အောင်ပင် သောက်စား မူးယစ်သူများမှာ မြို့တိုင်းမှာတွေ့ရှိနိုင်ပါသည်။ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ယာဉ်တိုက်မှုများဖြစ်ပွားရာတွင် များသောအားဖြင့် အရက်သောက်စားမူးယစ်ကာ မောင်းနှင်မှုများက ရာနှုန်းပြည့်နီးပါး ပါဝင်လျက်ရှိသည်ကိုတွေ့ရှိနိုင်သည်။

**အရက်သေစာသောက်သုံးသူများတွင် အသက်အရွယ် အလွန်ငယ်ရွယ်လွန်းသည့် ကလေးငယ်များပါ ပါဝင်လာနေပြီဖြစ်ရာ ၎င်းတို့၏ အနာဂတ်အတွက် ဦးတည်ရာမဲ့သည့် ဗေဒါပင်လို ဖြစ်ရတော့မည့်အရေးမှာလည်း ရတက်မအေးစရာပင်**

သောက်တတ်လျှင်ဆေး မသောက်တတ်လျှင်ဘေး ဟူသည့် စကားဥပမာနှယ်ကိုယ့်သားသမီး သောက်စားမူးယစ်နေသည်ကို ဘယ်မိဘကမှ ဝမ်းမြောက်ဝမ်းသာရှိလိမ့်မည်မထင် တိုးတက်လာသော ခေတ်ရေစီးကြောင်းနှင့်အတူ ယခုဆိုလျှင် ဘီယာဆိုင်များတွင် မိန်းကလေးများပင် ဝိုင်းဖွဲ့ကာ သောက်စား မူးယစ်နေကြပြီဖြစ်သည်။

မူးယစ်နေသော အနီ့မိန်းကလေးတို့မှာ ယောကျ်ားသားတို့၏ ကူညီစောင့်မမှုကြောင့် အိမ်ကိုပြန်ရောက်နိုင်ကြသော်လည်း အမူးပြေရင်ဖြင့် တစ်ခုခု တော့ စဉ်းစားမိလိမ့်မည်ထင်ပါသည်။ သို့ကြောင့်လည်း ပျက်အစဉ်ပြင်ခဏဆိုသည့် စကားဥပမာလိုပင် အချိန်မီဘရိတ်အုတ်ကာ ဆင်ခြင်ကြလျှင်ဖြင့် ဖြောင့်ဖြူးသော ဘဝလမ်းကို အဆုံးတိုင်အောင်ဆက်လက် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။

## ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မန္တလေး မေ ၁၈**

ခေတ်မီတိုးတက်လာသောဆေးဘက်ဆိုင်ရာနည်းပညာများ၊ စက်ကိရိယာများနှင့် ဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါသကဲ့သို့ သွေးသည်လည်း အဓိကအရေးပါလှသည်။ ကမ္ဘာ့နိုင်ငံအချို့တွင်လူနာများသည်ဆေးကုသမှုခံယူရာတွင် အရေးပေါ်လိုအပ်သောသွေးကိုရရှိရန်အတွက် သွေးလှူရှင်ကိုစောင့်မျှော်ရင်း အသက်ဆုံးရှုံးသွားခဲ့သည်မှာကြေကွဲဝမ်းနည်းဖွယ်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် ကမ္ဘာတစ်ဝန်းရောဂါ အမျိုးမျိုးကခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိပြီးဆေးကုသရာတွင်သွေးသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။အလှူဒါနပြုရာတွင်လူခန္ဓာကိုယ်သွေးသားကို လှူဒါန်းခြင်းအမြတ်ဆုံးဒါနဖြစ်ရာမြန်မာနှစ်ဆန်းတစ်ရက်ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁၇ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ မန္တလေးမြို့ ရိုလူမှုရေးအသင်းအဖွဲ့များ၊ စေတနာသွေးလှူရှင်အသင်းများ၊ စေတနာသွေးသန့်အလှူရှင်များက လာရောက်လှူဒါန်းရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေး အမျိုးသားသွေးလှူဘဏ်ခွဲတာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်မြတ်မွန်နှင့်လက်ထောက်ဆရာဝန်များ၊ သူနာပြု ဆရာမများကကူညီဆောင်ရွက်ပေးကြပြီးအားဖြည့်အစားအစာများ၊ အားဆေးများပေးအပ်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်ဇီဝိတဒါနသွေးလှူဒါန်းမှုမှာသွေးပုလင်း ၂၀၀ ကျော်လာရောက်လှူဒါန်းခဲ့ကြောင်း၊ သွေးအမျိုးအစားလိုက် သွေးလှူဘဏ်ခွဲတွင်သိမ်းဆည်းထားပြီး မန္တလေးဆေးရုံကြီး၊ အဆုတ်ရောဂါကုဆေးရုံကြီး၊ ကလေးဆေးရုံကြီးများရှိခွဲစိတ်လူနာများသို့ဖြန့်ဝေပေးကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆွေးနွေးပွဲ ကပိုင်ရွာ့တန်းစခန်း၌ကျင်းပ

**ယင်းမာပင် မေ ၁၈**

အလောင်းတော်ကဿပအမျိုးသားဥယျာဉ် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆွေးနွေးပွဲအခမ်းအနားကို ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ကပိုင်ရွာ့တန်းစခန်း နားနေရိပ်သာဆောင်၌ မေ ၁၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆွေးနွေးပွဲနှင့်ပတ်သက်၍ "အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲရန်အတွက်နှင့်ဒေသခံပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရွေးရှုပြီး တက်ရောက်လာကြသောကျေးရွာများမှ ဒေသခံပြည်သူများ၏လိုအပ်ချက်များကိုပွင့်လင်းမြင်သာစွာ ဆွေးနွေးဖို့အဓိကထားရည်ရွယ်ပါကြောင်း အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ရှင်းလင်းပြောကြားပြီး BANCA ဥက္ကဋ္ဌ ဦးစောထွန်းခိုင်က "ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းတွင် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်မှုဟာ အလွန်အရေးကြီးပါကြောင်း၊ ဒေသခံပြည်သူမပါဘဲ ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် မိမိတို့၏နောင်လာနောက်သား သားစဉ်မြေးဆက်အကျိုးကို အစဉ်ရှေးရှုအလေးထားကာ ပူးပေါင်းဆောင်ရွက်ကြစေကြောင်းနှင့် မိမိတို့ဒေသ၏ လိုအပ်ချက်များအား ပွင့်လင်းမြင်သာစွာ ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူတို့က မြန်မာ-အင်္ဂလိပ်ဖြင့် ရိုက်နှိပ်ထုတ်ဝေထားသော သစ်တောဥပဒေအကြောင်းသိကောင်းစရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များအကြောင်းသိကောင်းစရာ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအကြောင်းသိကောင်းစရာစသည့် စာအုပ်များနှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ယင်းမာပင်မြို့နယ် ကပိုင်၊ ကြပ်၊ လက်ပြား၊ က/သီးကုန်း ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၀ ရွာမှ အုပ်ချုပ်ရေးမှူးများနှင့်စိတ်ပါဝင်စားသူများ၊ ပုလဲမြို့နယ် ပခင်းမအုပ်စု၊ ကြို့ပင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၅၁ ဦးအား အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

ထို့နောက် ကပိုင်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ ချောင်းရေတိုက်စားမှုကြောင့် မြေထိန်းနံရံ ရေကာတာတည်ဆောက်ပေးရန်တို့အားလည်းကောင်း၊ က/သီးကုန်းကျေးရွာအုပ်ချုပ်ရေးမှူးက နှစ်စဉ်မိုးတွင်းအခါတွင် ရေဝပ်တဲ့အတွက်ကြောင့် ကျေးရွာမူလွန်ကျောင်းပြောင်းရွှေ့ပေးစေကြောင်း၊ လက်ပြားကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးရွာမှာရှိတဲ့ သောက်သုံးရေတိုင်မှ ရွာတွင်းသို့ ဖြန့်ဝေပေးစေကြောင်း၊ ကြပ်ကျေးရွာအုပ်ချုပ်ရေးမှူးက ကြပ်-ဝင်းကုန်း-သစ်ရာပင် ကျေးရွာချင်းဆက် မြေသားလမ်းအား အဆင်ပြေသွားလာ လွယ်ကူချောမွေ့စေရန်အတွက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေကြောင်းနှင့် သလောက်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာအတွက် ကျေးလက်ကျန်းမာရေးဆေးပေးခန်း



တည်ဆောက်ပေးစေကြောင်း စသည့်ဖြင့် တာဝန်ရှိသူတို့နှင့်အတူ အသီးသီး အပြန်အလှန် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဒေသခံကျေးရွာများအလိုက် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ချစ်သူများအသင်းကို ဖွဲ့စည်းပြီး သက်ဆိုင်ရာ ဥယျာဉ်မှ တာဝန်ရှိသူတို့နှင့် ပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ အောင်မြင်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူထံမှသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# လက်စတာစီးတီး၊ အာဆင်နယ်နှင့် ဂျူဗင်တပ် အသင်းတို့အတွက် ရာသီကုန်မှာ အကောင်းဆုံး ကစားသမား ဘယ်သူတွေဖြစ်လာမလဲ

အင်္ဂလန်၊ အီတလီ၊ စပိန်၊ ဂျာမနီ စတဲ့ နိုင်ငံလေးနိုင်ငံမှာ ယှဉ်ပြိုင်ကစားလျက်ရှိသည့် လိဂ်လေးလိဂ်တွင် ကစားသမားအများအပြားပါဝင်ကစားလျက်ရှိရာ ဘောလုံးရာသီကုန်မှာ အသင်းတစ်သင်းစီထဲကနေ တစ်နှစ်တာ အကောင်းဆုံးကစားသမား ဘယ်သူတွေဖြစ်လာမလဲဆိုတာကတော့ စိတ်ဝင်စားဖွယ်ကောင်းနေပါပြီ။

အဲဒီလို စိတ်ဝင်စားဖွယ်ကောင်းပြီး လူကြိုက်များတဲ့ လိဂ်လေးလိဂ်အနက် လက်စတာစီးတီး၊ အာဆင်နယ် နှင့် ဂျူဗင်တပ်အသင်းတို့အတွက် ရာသီကုန်မှာ တစ်သင်းစီရဲ့ အကောင်းဆုံးကစားသမား ဘယ်သူတွေ ဖြစ်လာမလဲဆိုတာကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။

လက်စတာစီးတီးအသင်းမှာဆိုရင် ဗာဒီ၊ မာရက်ဇ်နှင့် ကန်တီတို့ရှိနေပြီး ဗာဒီဟာ အခုနှစ် ဘောလုံးရာသီမှာ သွင်းဂိုး ၂၂ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဗာဒီဟာ အခုနွေရာသီကာလမှာ ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက်လည်း နည်းပြရွိုင်းဟော့ဂ်ဆန်က အင်္ဂလန်အသင်းရဲ့တိုက်စစ်ပိုင်းအတွက် ရွေးချယ်ဖို့လျာထားခံထားရသူလည်းဖြစ်ပါတယ်။

မာရက်ဇ်ကတော့ လက်စတာစီးတီးအသင်းအတွက် ၁၆ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့ပြီး ပီအက်ဖ်အေရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက်လည်း ရေပန်းစားနေတဲ့ ကစားသမားတစ်ဦးဖြစ်တယ်။ လက်စတာစီးတီးအသင်းမှာ ဗာဒီ၊ မာရက်ဇ်တို့အပြင် ကန်တီကိုလည်း လက်စတာစီးတီးအသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံးဆု ရရှိနိုင်မယ့် ကစားသမားအဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။

အာဆင်နယ်အသင်းမှာတော့ အိုဇေးလ်၊ ပီတာဆက်ချ်နဲ့ ဘယ်လာရင်တို့က အာဆင်နယ်အသင်းရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားတွေထဲက တစ်ဦးဖြစ်လာလိမ့်မယ်လို့ရေပန်းစားနေပါတယ်။ အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်နဲ့အက်ဖ်အေဖလားပြိုင်ပွဲတွေမှာ ထွက်ခဲ့ရပေမယ့်ရာသီကုန်မှာပရီမီယာလိဂ်မှာတော့ အဆင့်(၄)စာရင်းဝင်ဖို့ ပစ်မှတ်ထားနေတဲ့အသင်းလည်းဖြစ်တယ်။



အိုဇေးလ်ဟာ အာဆင်နယ်အသင်းနဲ့အတူ ဂိုးဖန်တီးမှု ၁၈ ကြိမ်နဲ့ သွင်းဂိုးခြောက်ဂိုးသွင်းယူထားခဲ့တဲ့ ကွင်းလယ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အိုဇေးလ်နဲ့အတူ အာဆင်နယ်အသင်းမှာ ပီတာဆက်ချ်နဲ့ ဘယ်လာရင်တို့လည်း တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် ရေပန်းစားနေပြီး ပီတာဆက်ချ်ဟာ ပရီမီယာလိဂ်မှာ ဂိုးပေါက်ခြိမ်းခြောက်မှု အကြိမ်ရေ(၉၀)အထိ လက်စွမ်းပြကာကွယ်နိုင်ခဲ့တဲ့ ဂိုး သမားတစ်ဦးပါ။ ကွင်းလယ်ကစားသမား ဘယ်လာ ရင်ကလည်းပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားစာရင်းမှာ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာတော့ စပိန်အသင်းနဲ့အတူ ပွဲထွက်လာမယ့် ကစားသမားတစ်ဦးအဖြစ်လည်း လူသိများနေပါတယ်။

အခုနှစ်ရာသီမှာ ဂျူဗင်တပ်အသင်းအတွက်တော့ ဘတ်ဖွန်၊ ပေါ့ဘာနဲ့ ဒိုင်ဘာလာတို့က ရာသီကုန်မှာ အသင်းရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ရေပန်းစားနေတဲ့ကစားသမားတွေဖြစ်တယ်။ ဂိုးသမား ဘတ်ဖွန်ဟာ အသက်အားဖြင့် (၃၈)နှစ်ရှိပြီဖြစ်ပေမယ့် ဂျူဗင်တပ်အသင်းနဲ့အတူ အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့သလို သူ့ရဲ့အသက်(၄၀)ဖြစ်လာမယ့်အချိန် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း လက်ရွေးစင်အသင်းရဲ့ နောက်ခံ တံတိုင်းတစ်နေရာမှာ ပွဲ ထွက်လာဖို့ရှိ နေပါတယ်။



ပေ- ါ - ဘာကတော့ ဘိုင်ယန်မြူးနစ်၊ အေစီမီလန်၊ တူရင်းဒါဘီ ပွဲစဉ်နှစ်ပွဲလုံးမှာ ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးတွေသွင်းယူပေးနိုင်ခဲ့တဲ့အပြင် လက်ရှိဂျူဗင်တပ်အသင်းအတွက်လည်း မရှိ မဖြစ်ကစားသမားတစ်ဦးလို့ဆိုရမှာပါ။ ယူရို ၂၀၁၆ ပြိုင်ပွဲမှာလည်း ပြင်သစ်အသင်းရဲ့ အဓိကကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ပါဝင်လာဖို့ရှိနေပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက်ပါ ရေပန်းစားနေတဲ့ကစားသမားတစ်ဦးလည်းဖြစ်တယ်။

ဒါ့အပြင် ဒိုင်ဘာလာကလည်း အသက်(၂၂)သာရှိသေးပေမယ့် ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုး ၁၄ ဂိုးသွင်းယူပေးထားသလို ရှစ်ကြိမ်အထိ ဂိုးကန်သွင်းခွင့်ဖန်တီးပေးထားနိုင်ခဲ့တဲ့ကစားသမားတစ်ဦးပါ။ လက်ရှိမှာလည်း ဂျူဗင်တပ်အသင်းဟာ ဒီကစားသမားတွေရဲ့အားနဲ့ အီတလီစီးရီးအေဖလားကို ငါးကြိမ်ဆက်တိုက်ဆွတ်ခူးနိုင်ဖို့လည်း ပစ်မှတ်ထားနေပါတယ်။

**ငွေကြယ်**



ဘာစီလိုနာအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ရသဖြင့် စိတ်ပျက်နေသည့် မက်ဆီအားပွဲအပြီးတွင် တွေ့ရစဉ်။

# ဘာစီလိုနာရဲ့ သုံးပွဲဆက် ရှုံးနိမ့်မှုနဲ့အတူ အကြိတ်အနယ်ရှိလာတဲ့ လာလီဂါ

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက သူ့ရဲ့ ပရော်ဖက်ရှင်နယ်သက်တမ်းတစ်လျှောက် (၅၀၀)ပြည့်မြောက်ဂိုးကို လာလီဂါပွဲစဉ်(၃၃)မှာ သွင်းယူခဲ့ပေမယ့် ဘာစီလိုနာက ဗလင်စီယာကို အိမ်ကွင်းမှာပဲ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့တာကြောင့် လာလီဂါပြိုင်ပွဲဟာ တစ်ကောင်တည်း ပြေးနေတဲ့ အနေအထားကနေ လမ်းကြောင်းလုံးဝပြောင်းလဲသွားခဲ့ပါပြီ။ ဘာစီလိုနာအသင်းက ဧပြီလအစမှာတုန်းက လာလီဂါအမှတ်ပေးဇယားကို ကိုးမှတ်အထိ ဖြတ်ပြီး ဦးဆောင်နေခဲ့ပေမယ့် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနဲ့အတူ အခုချိန်မှာတော့ အက်သလက်တီကိုနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့သာ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ခွင့် ဆက်လက်ရရှိနေပါတော့တယ်။

ဒီမှာပြောစရာရှိတာက ဘာစီလိုနာအသင်းဟာ အရင်က ဘယ်အသင်းကမှ အနိုင်မယူနိုင်ခဲ့ လောက်အောင်ကောင်းတဲ့ အသင်းဖြစ်နေပြီး မက်ဆီ-ဆွာရက်ဇ်-နေမာတို့သုံးဦးလုံးက ပြိုင်ဘက်နောက်တန်းကစားသမားတွေ ကြောက်ရွံ့ရတဲ့ ပြိုင်ဘက်ကင်း တိုက်စစ်မှူးတွေပါ။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ နေမာနဲ့ မက်ဆီတို့ ခြေစွမ်းသိသိသာသာ ကျဆင်းနေပြီး ဂိုးရဖို့ ခက်ခဲနေလို့ ဘာစီလိုနာရဲ့ ရလဒ်ပိုင်းလည်း ထိုးဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းက ဗီလာရီးယဲလ်ကို သရေသာ ကစားနိုင်ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းကို ဆက်လက်ရှုံးနိမ့်ခဲ့လို့ ယုံကြည်မှုပျောက်သွားပုံပေါ်ပါတယ်။

ကြားကာလမှာ နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲတွေ၊ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေရှိနေလို့ ဘာကာအနေနဲ့ အဓိကကစားသမားတွေကို နိုင်ငံတကာ ပွဲစဉ်တွေအတွက် ကစားခွင့်ပေးထားရလို့ အနားမရခဲ့ပါဘူး။ ပြီးတော့ အားထားရတဲ့ တိုက်စစ်မှူးသုံးဦးစလုံးက နိုင်ငံလက်ရွေးစင်အသင်းတွေမှာ ရေကုန်ရေခမ်း အားထည့်ယှဉ်ပြိုင်ခဲ့ရလို့ ပွဲပန်းမှု ဒဏ်ပိုပြီးခံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဘာစီလိုနာဟာ ခြေစွမ်းသာမန်သာရှိတဲ့ ဆိုစီဒက်၊ ဗလင်စီယာတို့ကိုပါ ဆက်တိုက်ရှုံးနိမ့်ခဲ့ပြီး လာလီဂါရဲ့ ချန်ပီယံလောင်းစာရင်းမှာ အက်သလက်တီကိုနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတွေကိုပါ ပါဝင်ခွင့် ပြုခဲ့ရတာဖြစ်ပါတယ်။

ဘာစီလိုနာက မေ ၂၀ရက်မှာ ဒီပိုတီဗိုနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး တစ်နေ့တည်းမှာပဲ အက်သလက်က ဘီဘာအို၊ ရီးယဲလ်မက်ဒရစ်က ဗီလာရီးယဲလ်ကို ရင်ဆိုင်ရမှာဖြစ်လို့ ဘာစီလိုနာအသင်းဟာ အနီးဆုံးပြိုင်ဘက်နှစ်သင်းထက်ဆို ပွဲချောင်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။

ဒါပေမယ့် အက်သလက်တိုက်စစ်မှူးတွေ ဖြစ်တဲ့ တောရက်စ်၊ ဂရစ်ဇ်မန်းတို့က ဂိုးရဖို့ မခက်သလို၊ ကိုကီ၊ ကော်ရီရာတို့လို ကွင်းလယ်ကစားသမားတွေကလည်း ဂိုးသွင်းခြေရှိတာကြောင့် အက်သလက်တီကိုအနေနဲ့ ၂၀၁၄ ခုနှစ်ကအတိုင်း ရီးယဲလ်နဲ့ ဘာကာတို့ကိုတောင်ကျော်ပြီး လာလီဂါချန်ပီယံဆုရယူနိုင်တဲ့ အခြေအနေကို ပိုင်ဆိုင်နိုင်တယ်လို့ ယူဆရပါတယ်။ ရီးယဲလ်မက်ဒရစ်ဆိုရင်လည်း တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ စွမ်းဆောင်ရည်က လက်ရှိအချိန်မှာ အမြင့်ဆုံးအဆင့်တစ်ရပ်မှာ ရှိနေသလို ဘင်ဇီမာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဂါရတ်ဘေးလ်တို့ကလည်း ပုံမှန်ခြေစွမ်းပြသနေတာကြောင့် ဘာစီလိုနာအနေနဲ့ လက်ကျန်ပွဲစဉ် ငါးပွဲစလုံးကို အနိုင်ကစားနိုင်ပါမှ ချန်ပီယံဆုကို ကိုင်မြှောက်နိုင်မယ့် အခြေအနေရှိပါတယ်။

ဘာစီလိုနာအနေနဲ့ တစ်ခုစိတ်သက်သာစရာရှိတာက အက်သလက်တီကိုရော၊ ရီးယဲလ်မက်ဒရစ် ရောဟာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဆင့်အထိ ရောက်ရှိနေပြီး ဘာစီလိုနာကတော့ ကိုပါဒယ်ရေးဗိုလ်လုပွဲတစ်ခုသာ ယှဉ်ပြိုင်စရာရှိတာကြောင့် လက်ကျန်ပွဲစဉ်တွေကို အပြည့်အဝအာရုံစိုက်နိုင်မယ့် အနေအထားရှိတယ်လို့ ယူဆရပါတယ်။

ဘာစီလိုနာနည်းပြ အင်းနရစ်ကတော့ "ကျွန်တော်တို့ အသင်းဟာ အခုထိတော့ တင်းတဲ့ အနေအထားမှာ ရှိနေပါသေးတယ်။ ဒါပေမယ့် လက်ကျန်ပွဲစဉ်တွေအားလုံး အနိုင်ရဖို့ လိုအပ်နေပြီး တကယ်လည်း စွမ်းဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်"လို့ ပွဲအပြီးမှာ ပြောကြားလိုက်ပါတယ်။

လက်ကျန်ပွဲစဉ်တွေအရတော့ အက်သလက်တီကိုဟာ ခြေစွမ်းမာတဲ့ ဘီဘာအို၊ ဆယ်လ်တာဗီဂိုတို့နဲ့ တွေ့ဖို့ရှိနေပြီး ရီးယဲလ်ကလည်း ဗီလာရီးယဲလ်၊ ဗလင်စီယာတို့လို အစဉ်အလာရှိတဲ့ ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ရဖို့ရှိနေတာကြောင့် ဒီနှစ်သင်းထက်ဆို ဘာစီလိုနာက ပွဲချောင်တယ်လို့ ယူဆရပါတယ်။ ဒါ့အပြင် လာလီဂါဟာ အခြားလိဂ်ပြိုင်ပွဲတွေနဲ့ မတူဘဲ ရမှတ်တူရင် ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရခဲ့တဲ့အသင်းက ချန်ပီယံ ဖြစ်ခွင့်ရမှာဖြစ်လို့ ဘာစီလိုနာအနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့တော့ အခွင့်အရေးကောင်းတွေ ပိုင်ဆိုင်ထားဆဲပါပဲလို့ ယူဆရပါတယ်။

ဘာစီလိုနာအသင်းက အက်သလက်တီကို အသင်းကို လာလီဂါမှာ နှစ်ကျော့လုံး အနိုင်ရရှိထားပြီး၊ ရီးယဲလ်နဲ့တော့ တစ်ပွဲနိုင်တစ်ပွဲရှုံး၊ အက်သလက်တီကိုကတော့ ရီးယဲလ်ကို တစ်ပွဲသရေ တစ်ပွဲရှုံး၊ ဘာစီလိုနာကို နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားသလို ရီးယဲလ်ကတော့ ဘာစီလိုနာကို တစ်ပွဲနိုင်တစ်ပွဲရှုံး၊ အက်သလက်တီကိုကို တစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်သာ ထွက်ပေါ်နေတာကြောင့် ဘယ်လိုပဲဆိုဆို ဘာစီလိုနာသာ ဆက်လက်အခွင့်အရေးကောင်းနေတဲ့ လာလီဂါလို့ ထင်မြင်မိပါတယ်။ ဒါပေမယ့်လည်း ဘာစီလိုနာရဲ့ ခြေချော်မှုကို အခွင့်အရေးယူဖို့ အသင့်ရှိနေတဲ့ ရီးယဲလ်မက်ဒရစ်နဲ့ အက်သလက်တီကိုတို့ကြောင့် နောက်ဆုံးအချိန်ထိ လာလီဂါပြိုင်ပွဲက အသက်ဝင်နေမှာတော့ သေချာလို့နေပါတယ်။

**မေလှဲ့သင်း**



ဘာစီလိုနာ၊အက်သလက်နဲ့ ရီးယဲလ်တို့ရဲ့ လက်ကျန်ပွဲစဉ်တွေကတော့

| ဘာစီလိုနာ | အက်သလက်တီကို | ရီးယဲလ် |
| --- | --- | --- |
| ဒီပို့တီဗို(အဝေး) | ဘီဘာအို(အဝေး) | ဗီလာရီးယဲလ်(အိမ်) |
| စပို့တင်းဂီဂျွန်(အိမ်) | မာလာဂါ(အိမ်) | ဗယ်လက်ကာနို( အဝေး) |
| ဘက်တစ်(အဝေး) | ဗယ်လက်ကာနို(အိမ်) | ဆိုစီဒက်(အဝေး) |
| အက်စ်ပန်ညို(အိမ်) | လီဗန်တေး(အဝေး) | ဗလင်စီယာ( အိမ်) |
| ဂရန်နာဒါ(အဝေး) | ဆယ်လ်တာဗီဂို(အိမ်) | ဒီပို့တီဗို(အဝေး) |



# ကျိုင်းတောင်းရေတံခွန်သို့ လာရောက်အပန်းဖြေသူများပြား

**ကျိုင်းတောင်း မေ ၁၈**

၂၀၁၆ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အတက်နေ့၌ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကင်းတောင်းမြို့နယ်ခွဲရှိ (Upper Fall) တည်ဆောက်ဆဲစီမံကိန်း အထက်ကျိုင်းတောင်းရေတံခွန်နေရာနှင့် (Lower Fall ) အောက်ကျိုင်းတောင်းရေတံခွန်လက်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ပေးနေသော စက်ရုံတည်ရှိရာနေရာများတွင် အနယ်နယ်အရပ်ရပ်မှ လာကြသည့် သင်္ကြန်ခရီးသွားပြည်သူများက ရေပက်ကစား၊ အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေတံခွန်များသည် ကျိုင်းတောင်းမြို့၏ အရှေ့မြောက်ဘက်ကျသော အရပ်နှင့် အနောက်တောင်ဘက်ကျသော နက်ရှိုင်းလှသော လျှိုမြောင်တောတောင်တို့အကြားမှ တစ်ဟုန်ထိုး ကျဆင်းနေသည့်သဘာဝ ရေတံခွန်ကြီးများဖြစ်ပြီး မြို့နှင့် ၁၇ မိုင်၊ ၁၉ မိုင်ခန့် အကွာဝေး၌ တည်ရှိသည်။

နှစ်စဉ်နှစ်တိုင်း အဆိုပါရေတံခွန်များသို့ သင်္ကြန်ကာလအတွင်း ရှမ်းပြည်နယ် အနယ်နယ်အရပ်မှသာမက နိုင်ငံနှင့်အဝှမ်းမှ သင်္ကြန်အပန်းဖြေခရီးထွက်သူများ လာရောက်စုရုံးရာ ကင်းတောင်းမြို့၏ အထင်ကရကျော်ကြားသည့် သင်္ကြန်အပန်းဖြေစခန်းတစ်ခု ဖြစ်ကြောင်း လာရောက်အပန်းဖြေသူများက ပြောကြားခဲ့သည်။

"နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလရောက်ပြီဆိုတာနဲ့ ကျွန်မတို့ ရှမ်းပြည်နယ်ကသာမက မြန်မာပြည်အနှံ့အပြားကပါ မိသားစုလိုက်၊ ဒါမှမဟုတ် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့လာပြီး ရေကစားကြ၊ စားကြသောက်ကြနဲ့ ပျော်ပျော်ပါးပါး လာရောက်အပန်းဖြေကြတဲ့အတွက် ရှမ်းပြည်နယ်ရဲ့ လူသိကျော်ကြားလှတဲ့ သင်္ကြန်တွင်း အပန်းဖြေစရာကောင်းတဲ့ အထင်ကရ ရေတံခွန်နေရာလေးဖြစ်လာခဲ့တာပေါ့" ဟု အပန်းဖြေလာရောက်သူ လင်းခေးသူတစ်ဦးက ပြောပြသည်။

ယခင်က အောက်ကျိုင်းတောင်းရေတံခွန်ကိုသာ အားထား၍ သွားရောက်အပန်းဖြေနိုင်သော်လည်း ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်ကာလနောက်ပိုင်း အထက်ရေတံခွန်ကိုလည်း အဆင်ပြေစွာသွားရောက် နိုင်ပြီဖြစ်တဲ့သည့်အပြင် အခုဆို အဲဒီရေတံခွန် နှစ်နေရာစလုံးမှာ လာရောက်သူများ ယခင်ထက် ပိုမိုစည်ကားလာတာကို မြင်ရတဲ့အတွက် ကျွန်မတို့ရှမ်းပြည်နယ်အတွက်မက မြန်မာပြည်အတွက်ပါ ဂုဏ်ယူဝမ်းသာမိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ရေတံခွန်နှစ်ခုသို့ လာရောက်အပန်းဖြေသူများက အထက်ကျိုင်းတောင်းရေအားလျှပ်စစ်ထုတ်လုပ်မည့် တည်ဆောက်ဆဲလုပ်ငန်းခွင်များ၊ သဘာဝစီးဆင်းနေသည့် ရေတံခွန်နှင့် အောက်ကျိုင်းတောင်း လက်ရှိ ရေအားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသည့်နေရာရှိ အရှိန်ပြင်းပြင်း တရစပ်ကျဆင်းနေသည့် ရေတံခွန်အလှ၊ မြူမှုန်မြူခိုးများသဏ္ဌာန်ပျံ့လွင့်နေသည့် ရေစက်ရေမှုန်များနှင့် အမှတ်တရ ဓာတ်ပုံများရိုက်ကူးရင်း ရှမ်းပြည်ရှိ ကျိုင်းတောင်းရေတံခွန်အလှကို ခံစားကာ လာရောက်အပန်းဖြေကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

ဆောင်းပါး

# ပန်းခြွေတဲ့လေ

**ရေး** သရက်တန်းစိုးရွှေ(စိတ်ပညာ)

တိုးတက်သောနိုင်ငံအတွက် လူငယ်ဆိုတာ လှပတဲ့ပန်းကလေးတွေပါလေ။ ယနေ့ လူငယ်နောင်ဝယ်လူကြီးဆိုတဲ့ စကားနဲ့အညီ အတွေ့အကြုံတွေပညာတွေကို လက်ဆင့်ကမ်း သယ်ဆောင်သူတွေလည်း ဖြစ်နေခဲ့တယ်။ တိုင်းပြည်အနာဂတ်ဟာ ပညာပြည့်ဝ နှလုံးလှသော အလှပန်းကလေးများဖြစ်သည့် လူငယ်တို့အပေါ်မှာလည်း တည်မှီနေတာပါပဲလေ။

အဲဒီ လူငယ်၊ ခေတ်လူငယ်၊ မျိုးဆက်သစ်လူငယ်လို့ တွေးလိုက်တိုင်းကိုယ့်ရွာရှိ လူငယ်တွေရဲ့အခြေအနေလေးကို တွေးမြင်သမျှ စိတ်ထဲဝမ်းနည်းသွားမိပေသည်။ ကိုယ့်ရွာအခြေတိုးမြှင့်စေချင်တာ၊ ဂုဏ်ရှိစေချင်တာ ရွာသူရွာတိုင်းရဲ့ဆန္ဒပါလေ။ ဒီလိုပါပဲ ကိုယ့်တိုင်းပြည်တိုးတက်ချင်တာ၊ ဂုဏ်ရှိစေချင်တာ၊ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာမြင်လိုကြတာ နိုင်ငံသားတိုင်းရဲ့ ဆန္ဒဖြစ်နေမယ်ဆိုတာ ယုံကြည်နေမိပေသည်။ အလုပ်နားရက်တစ်ရက် ရွာထဲကို ပတ်လိုက်မှ စိတ်ဓာတ်တို့ကျသွားခဲ့ပေသည်။ ကိုယ်နှင့်ရွယ်တူ ကိုယ့်အောက်လူကိုကြည့်ရင်း မချိတင်ကဲဝေဒနာတစ်ခု ခံစားနေရပေသည်။

ရွာရှေ့က တောအရက်ဆိုင်တွင် မနက်မိုးလင်းကတည်းကရောက်နေသည့်လူငယ်တွေများနေပေသည်။ သူတို့ကို ကြည့်လိုက်သမျှ မျက်နှာဖောသွပ်ကာ လမ်းသွားခြင်းပင်ခြေလှမ်းမမှန်တော့ပေ။ အသက်အားဖြင့်ကြည့်သမျှ အသက်နှစ်ဆယ်ကျော်အပိုင်းမှ လေးဆယ်ကျော်အပိုင်းအထိစုံနေပေသည်။ အရက်ကို မနက်ရေသောက်ခြင်း၏အဆုံးလူလုံးမလှတာ လူတိုင်းသိနေပေသည်။တစ်နည်းအားဖြင့် အရက်ကျွံဖြစ် နွံနစ်နေကြသည့် လူငယ်များပင်ဖြစ်သည်။ အချို့သောလူငယ်များကို ကြည့်လိုက်မှ ပိုမိုအားပြတ်သွားမိပေသည်။ ပညာအရည်အချင်း ကြည့်သမျှ ဘွဲ့ရလူငယ်များပင်ဖြစ်သည်။ လူမှုရေးအရ(ဆိုရှယ်ကျရမယ်)ဆိုတဲ့ ပေါင်းသင်းဆက်ဆံရေးနည်းဗျူဟာကြားတွင် အသောက်တို့ဆက်လာခဲ့ပေသည်။ ပျော်လွန်း၍ သောက်ခဲ့ကြသည်။ စိတ်ညစ်၍လည်း သောက်ခဲ့ကြသည်။ အောင်ပွဲရ၍လည်း သောက်ခဲ့ကြသည်။ ပွဲရှိ၍သောက်ခြင်းများဖြင့် သောက်ခြင်း ဝက်ပါထဲ ဝဲလည်သွားခဲ့ကြပေသည်။

အစပိုင်းမသိသာသော်ငြားလည်း နောက်ပိုင်း ကိုယ်တိုင် မန္တလေးမြို့ရှိ တောတွင်ရှိ စိတ်ကျန်းမာရေးဆေးရုံကို ပို့ပေးခဲ့သည် လူငယ်က ခုနစ်ယောက်မြောက်ပင် ရှိနေပေသည်။ အခြေအနေ ဆိုးလာသည့်အတွက် နောက်ဆုံးအနေအထားအထိ ကုသမှုရယူပြီးသည့်အဆုံး ဦးနှောက်ဖွံ့ဖြိုးမှုမရှိတော့သော ထုံမှိုင်းမှိုင်းလူငယ်ကလေးများ ဖြစ်သွားခဲ့ကြပေသည်။ အရက်ပြတ်ပါသလားဟု မေးသမျှ ရံဖန်ရံခါဆိုသော အကြိမ်များမှသည် မထူဇာတ်တို့ ခင်းကာ သောက်မြဲသောက်ရင်း ဘဝပျက်ခြင်းဆီ ရောက်ရှိကုန်ကြပေပြီ။ အရက်ကြောင်သူဆိုသောဘွဲ့နှင့် လူမှုဝန်းကျင်တွင် ဝင်ဆံ့မှုတို့မရှိတော့ပေ။ သူတို့ပြောစကားမည်သူမျှ အလေးမထားတော့ပေ။ သူတို့သည် မိသားစုတွင်လည်း အရေးမပါတော့သလို ရွာရေး၊ ရပ်ရေးနှင့် ဝေးကွာကာအရက်သည်သာ သူတို့ကမ္ဘာဖြစ်သွားခဲ့ပေသည်။ မနက်လင်းသောက်ခြင်းများကို ပြုလုပ်ရင်း လူ့လောကမှ လွယ်လွယ်ပျောက်သွားခြင်းဖြင့် နိဂုံးချုပ်သွားခဲ့ပေသည်။ လှပသော ပန်းကလေးများ အရက်ဆိုသောလေက ခြွေသွားသူတို့မနည်းတော့ပါချေ။

ပန်းခြွေတဲ့လေကြောင့် ရွာရှိပန်းများ ကြွေကျသွားခဲ့ရပေသည်။ တစ်နိုင်ငံလုံးနှင့်ချီလျှင် မည်မျှကြွေနေပါမည်နည်း။ သောက်စားခြင်းရိုးရိုးကလေးမှ မူးယစ်ဆေးဝါးသုံးစွဲသူတို့မှာမူ ဒုစရိုက်တို့ကိုပင် ကျူးလွန်လာခဲ့ကြပေသည်။ မူးခြင်းများမှသည် ထိခိုက်ဒဏ်ရာရသည်အထိ ပြုမူရင်း ထောင်ကျသူများပင်ရှိနေပေသည်။ ရွာအကျိုးအတွက် ကိုယ်တိုင်ဖွင့်ထားသော စာကြည့်တိုက်ကလေးကမူ တိုးတက်လာခြင်းမဲ့ကာ စာဖတ်သူတို့ ရှားပါးလာခဲ့ပါချေပြီ။ သေချာပါသည်။ စာကြည့်တိုက်တံခါး ပိတ်သွားခြင်း၏ နောက်တွင် အရက်ဆိုင်တွင် လူများကာထောင်တံခါးတို့ ပွင့်နေခဲ့ပေသည်။ ပန်းခြွေသောလေကြောင့် ကြွေသူတို့များနေပါချေပြီ။ အရက်သည်သာ တစ်ကမ္ဘာဟု ထင်မှတ်နေသူတွေများနေပါချေပြီ။ တိုင်းပြည်တိုးတက်ဖို့ ကျေးလက်တောရွာများတိုးတက်ဖို့၊ တိုးတက်သော လူငယ်များစွာ ပေါ်ထွက်လာဖို့အတွက် ပန်းခြွေတဲ့လေကို အသိပညာဆိုသော အကာအရံများဖြင့် ကာကွယ်ပေးဖို့ လိုအပ်နေပါချေပြီ။ လူငယ်တိုင်းကလည်း မိမိတို့ဘဝတိုးတက်ရေး အရက်နှင့် တစ်ကွမူးယစ်ဆေးကို ဝေးဝေးမှ ရှောင်ခြင်းဖြင့် အနာဂတ်ပန်းကလေးများ ပွင့်လန်းနိုင်ကြပါစေ။

# မေတ္တာသင်္ဂဟပရဟိတသွေးလှူရှင်များအဖွဲ့သို့ နှစ်သစ်အကြိုငွေပဒေသာပင်လှူဒါန်း



**ကျောက်တန်း မေ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ မေတ္တာသင်္ဂဟလူငယ် ပရဟိတသွေးလှူရှင်များအဖွဲ့သို့ နှစ်သစ်ကိုကြိုဆိုသောအားဖြင့် တံတားမြို့နယ်မြေခံစခန်းမှူး ရဲအုပ်ထွန်းထွန်းဝေ မိသားစုက ငွေကျပ် ၁၅၀၀၀၀ နှင့် ကွယ်လွန်သူ ရဲတပ်ကြပ်ရွှေသိန်းအား ရည်စူး၍ ၎င်း၏စုငွေ ၁၅၀၀၀၀ ကို မိသားစုများဖြစ်သည့် အမှတ် (၆၉) သုခရိပ်သာ (၅၂) လမ်း (၆) ရပ်ကွက် လှိုင်မြို့နယ်နေသူတို့က လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

# ပဲခူးမြို့ရှိပြည်သူများ ပျော်ရွှင်အေးချမ်းစွာ သင်္ကြန်ရေကစား

**ပဲခူး မေ ၁၈**

ပဲခူးမြို့၏ မဟာသင်္ကြန်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြရသည်ကို တွေ့ရပြီး ပြည်သူများ အန္တရာယ်ကင်း ဘေးရန်ရှင်းကြစေရန်နှင့် ဒုစရိုက်မှုများ လျော့နည်းပြီး တရားဥပဒေစိုးမိုးရေးတို့အတွက် ပဲခူးမြို့ သင်္ကြန်ဗဟိုမဏ္ဍပ်တည်ရှိရာနှင့် ပဲခူးမြို့တွင်းရှိ မဏ္ဍပ်နေရာသီးသီးတို့တွင် ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့အား လုံခြုံရေးရဲတပ်ဖွဲ့မှူး တာဝန်ခံရဲမှူး မျိုးညွှန့် ဦးဆောင်ကြီးကြပ်၍ အန္တရာယ်ဖြစ်စေမည့် လက်နက်များအား ရှာဖွေသိမ်းဆည်းခြင်း၊ အရေးယူခြင်း၊ ဆိုင်ကယ်၊ ကားများအတွင်းမှာ အရက်၊ ဘီယာသယ်ဆောင်မှုအား သိမ်းဆည်းခြင်း၊ ပဲခူးမြို့၏ နှစ်စဉ် ရေနစ်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည် မဇင်းဆည်အတွင်း ပဲခူးမြို့အမှတ် (၂) ရဲစခန်း စခန်းမှူး ရဲအုပ်



စိန်လွင် ဦးဆောင်၍ NGO များ၊ မီးသတ်အဖွဲ့ဝင်များ၊ အသက်ကယ်ရေယာဉ်များဖြင့် လုံခြုံရေးစနစ်တကျဆောင်ရွက်ခဲ့၍ ယခုနှစ်အတွင် သေဆုံးမှု မရှိခဲ့ဘဲ ယင်းကဲ့သို့ တာဝန်ယူမှုများကြောင့် ပဲခူးမြို့ ပြည်သူအများ ပျော်ရွှင်အေးချမ်းစွာ ရေကစားခဲ့ကြကြောင်းသိရသည်။ **မျိုးသိန်း**

# မိုဘိုင်းဖုန်းဝန်ဆောင်မှုသုံးစွဲခြင်းအပေါ် ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်လည်းကောက်ပါ၊ မိုဘိုင်းဖုန်းဝန်ဆောင်မှုသုံးစွဲခနှုန်းထားကိုလည်း စေတနာထားပြီး လျှော့ချပေးပါ



*မိုဘိုင်းဖုန်းဝန်ဆောင်မှုအား ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှု...*

**à** လင်းသီဟ

၂၅-၃-၂၀၁၆ရက် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ ၂၅ တွင် နိုင်ငံတော်အစိုးရ၏ ကုန်သွယ်ခွင့်လုပ်ငန်းခွန်ခေါင်းစဉ်ဖြင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုသုံးစွဲသူအားလုံးသည် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း ကြေညာထားသည်ကို တွေ့ရှိရပါသည်။

ထို့အတူ စာရေးသူ၏ လက်ကိုင်ဖုန်းသို့လည်း အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ပြည်ထောင်စုအခွန်ဥပဒေအရ မိုဘိုင်းဖုန်းသုံးစွဲသည့်အခါ ကျသင့်ငွေများအားလုံးအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း ၂၆-၃-၃၀၁၆ ရက်က စာတို (Massage) များ ပေးပို့ခဲ့ပါသည်။

တယ်လီဖုန်းပြောမှုအပေါ် အခွန် ၅ ရာခိုင်နှုန်း ကောက်ခံမည့်ကိစ္စနှင့်စပ်လျဉ်း၍ စာရေးသူအမှတ်ရမိသည်မှာ ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူအားလုံး၌ အခွန်ပေးဆောင်ရမည့် တာဝန်ရှိကြောင်း၊ ထို့ကြောင့် စာရေးသူတို့နိုင်ငံသားတိုင်းကိုလည်း ဒီမိုကရေစီနိုင်ငံသားစစ်စစ်ဖြစ်ရေးအတွက် အခွန်ပေးဆောင်သည့်အလေ့အထရရှိစေရန် တယ်လီဖုန်းသုံးစွဲမှုအပေါ်တွင် ၁-၄-၂၀၁၅ ရက်မှစ၍ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံရန် ၂၀၁၅ ခုနှစ် မေလတွင် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆိုပြုတင်ပြခဲ့ပါသည်။ သို့ရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ခေတ်အဆက်ဆက်က ပြည်သူများထံသို့ အဆမတန်ဈေးနှုန်းများဖြင့် ဆင်းကတ်များရောင်းချခဲ့ခြင်း၊ တယ်လီဖုန်းပြောဆိုခနှုန်းထားမှာလည်း ပတ်ဝန်းကျင်နိုင်ငံများထက် မြင့်တက်နေခြင်း၊ ဝန်ဆောင်မှုမကောင်းခြင်းတို့ကို ထောက်ပြပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံးက ပြောဆိုကန့်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ထိုအစီအစဉ်ကို တစ်နှစ်ရပ်ဆိုင်းကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်မှ စတင်ကောက်ခံရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ယခုအခါတွင် ၅ နှစ်သက်တမ်းရှိ ပထမအစိုးရဟောင်းနှင့် ဒုတိယအစိုးရသစ်တို့ တာဝန်လွှဲပြောင်းပြီးဖြစ်ပါသည်။ ထိုအချိန်တွင် ယခင်အစိုးရဟောင်းချမှတ်ခဲ့သည့် ဥပဒေအတိုင်း ဖုန်းပြောဆိုမှုအပေါ် အခွန် ၅ ရာခိုင်နှုန်းကောက်ခံရန် ယခုကဲ့သို့ သတင်းစာတွင်ကြော်ငြာရန် အသိပေးခြင်းဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သူနိုင်ငံသားများအဖြစ် ခံယူရန် အခွန်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုကို အသုံးပြုသူတိုင်း ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးသွင်းရမည်ဆိုသော ကြေညာချက်အား ငြင်းဆိုခြင်းမပြုဘဲ လက်ခံကြရမည်ဖြစ်ပါသည်။

သို့သော်လည်း စစ်အစိုးရခေတ်မှစ၍ အကောင်အထည်ဖော်ခဲ့သော မိုဘိုင်းဖုန်းဝန်ဆောင်မှုသမိုင်းအား ပြန်လည်ဆန်းစစ်ကြည့်ရန် လိုအပ်ပါသည်။ နိုင်ငံတကာတွင် ဆင်းကတ်အလကားပေးခြင်း၊ သက်သာသောနှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချခြင်းများပြုလုပ်နေချိန်တွင် မြန်မာနိုင်ငံမှ မိုဘိုင်းဖုန်းသုံးစွဲသူများအနေဖြင့် ဆင်းကတ်တစ်ခုကို ကျပ်သိန်း ၃၀ ကျော်အထိ ပေးဝယ်ခဲ့ကြရပါသည်။ ဖုန်းပြောဆိုခနှုန်းထားမှာလည်း ဈေးကြီးခဲ့ပါသည်။ ဆင်းကတ်တစ်ကတ်လျှင် ကျပ်ငါးသိန်း၊ သုံးသိန်း၊ နှစ်သိန်း စသည်ဖြင့် ၁၅၀၀ ဈေးနှုန်းအထိ ကျဆင်းလာခြင်းဖြစ်ပါသည်။ ဖုန်းပြောခမှာမူ အစိုးရ၏ တယ်လီဖုန်းအော်ပရေတာ အမ်ပီတီ (MPT) မှာ တစ်မိနစ် ၅၀ ကျပ်ဖြစ်ပါသည်။ အမ်ပီတီနှင့်အပြိုင် တယ်လီဖုန်းအော်ပရေတာများအဖြစ် ဆောင်ရွက်ခွင့်ရနေသည့် တယ်လီနော (Telenor) မှာ တစ်မိနစ် ၂၃ ကျပ်ဖြစ်ပြီး အော်ရီဒူး (Ooredoo) မှာ တစ်မိနစ် ၂၀ ကျပ် ဖြစ်ပါသည်။ ထို့ကြောင့် အမ်ပီတီ (MPT) က ဈေးကွက်ထွင်သည့်အနေဖြင့် ဆွေသဟာအစီအစဉ်သို့ဝင်ပါက တစ်မိနစ် ၂၃ ကျပ်ဖြင့် ဝန်ဆောင်မှုပေးမည်ဆိုပြီး မိုဘိုင်းဖုန်းသုံးစွဲသူများကို မက်လုံးပေးပြီး ဈေးကွက်ပြိုင်ဆိုင်လျက်ရှိပါသည်။ အင်တာနက်ဝန်ဆောင်မှုအပိုင်းတွင်လည်း WCDMA ကိုတစ်မိနစ်လေးကျပ်၊ ရိုးရိုး GSM များကို တစ်မိနစ် ၂ ကျပ်ဖြင့် ဈေးနှုန်းခွဲခြားကောက်ခံနေပါသည်။ သို့သော်လည်း အင်တာနက်ဝန်ဆောင်မှုရရှိသည့်ပုံစံမှာ GSM နှင့် WCDMA မှာ အတူတူပင်ဖြစ်ပြီး ဈေးနှုန်းသာကွာခြားနေခြင်းဖြစ်ပါသည်။ ဆွေသဟာမသုံးသည့်သူများမှာ တစ်မိနစ် ကျပ် ၅၀ ပေးနေရဆဲဖြစ်ပြီး ဆွေသဟာအစီအစဉ်သုံးစွဲသူများမှာလည်း မည်သည့်အချိန်တွင် ဆွေသဟာ အစီအစဉ်ရပ်ဆိုင်းပြီး တစ်မိနစ် ၂၃ ကျပ်မှ တစ်မိနစ် ကျပ် ၅၀ သို့ ပြန်ပြောင်းသွားမည်ကို စိတ်ပူလျက်ရှိကြပါသည်။ သို့သော်လည်း အင်တာနက်ဝန်ဆောင်မှု အပိုင်းကိုကြည့်ပါက သုံးစွဲသူစိတ်ကြိုက်အဆင့်မရှိသေးဘဲ စာရေးသူကိုယ်တိုင် တစ်မိနစ်လေးကျပ်ပေးပြီး အဝိုင်းလေးလည်နေရဆဲဖြစ်ပါသည်။ ထို့အတူပင် တယ်လီဖုန်းသုံးစွဲရာတွင်လည်း ရံဖန်ရံခါ လိုင်းမမိခြင်း၊ လိုင်းပူးခြင်း၊ အသံမကြည်မလင်ဖြစ်ခြင်း၊ ဖုန်းခေါ်မရခြင်း စသောအားနည်းချက်များနှင့် တွေ့ကြုံနေရပါသည်။ သို့ရာတွင် ပေးရသောဝန်ဆောင်ခနှုန်းထားမှာ အိမ်နီးချင်းနိုင်ငံများထက်ထူး၍ အဆင်ပြေသက်သာမှုမရှိကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုကို ရယူသူများအနေဖြင့် ကောင်းမွန်သော ဝန်ဆောင်မှုကိုမရရှိဘဲ ဈေးနှုန်းကြီးမြင့်သည့် ဝန်ဆောင်ခကို ပေးဆောင်နေရခြင်းအား အစိုးရမှ ကူညီဆောင်ရွက်ပေးရန်တင်ပြအပ်ပါသည်။ အထူးသဖြင့် အမ်ပီတီ (MPT) ၏ ဖုန်းခေါ်ဆိုခနှုန်းထားအား တစ်မိနစ်ကျပ် ၅၀ မှ ဘယ်အစီအစဉ်ဝင်ဝင်၊ မဝင်ဝင်တစ်မိနစ် ကျပ် ၂၀ နှုန်းအထိ လျှော့ချသင့်ပါသည်။ နိုင်ငံပိုင်တယ်လီဖုန်းအော်ပရေတာ အမ်ပီတီ (MPT) မှ ဖုန်းပြောခတစ်မိနစ် ကျပ် ၂၀ သို့ လျှော့ချပါက ကျန်တယ်လီနော (Telenor) နှင့် အော်ရီဒူး (Ooredoo)တို့ကလည်း ဈေးကွက်သဘောအရ ဈေးလိုက်လျှော့ပေးလာကြမည်ဖြစ်ပါသည်။

ထို့ကြောင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းတွင် တက်ရောက်နေသော အမတ်များအနေဖြင့် နိုင်ငံတော်အစိုးရပိုင် တယ်လီဖုန်းအော်ပရေတာ အမ်ပီတီ (MPT) ၏ ဖုန်းခေါ်ဆိုခအား လျှော့ချပေးရေး (ဥပမာ-တစ်မိနစ်ကျပ် ၂၀) နှင့် ဝန်ဆောင်မှုတိုးတက်ကောင်းမွန်စေရေးအတွက် အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်တွင် အဆိုတင်သွင်းပြီး အစိုးရသစ်မှလည်း အများပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုအား ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနကို ညွှန်ကြားပေးသင့်ပါသည်။

သို့မှသာ ပြည်သူများအနေဖြင့်လည်း တစ်ဖက်တွင် ဥပဒေအတိုင်း ကုန်သွယ်လုပ်ငန်းခွန်ကို တာဝန်ကျေပွန်စွာ ပေးနိုင်မည်ဖြစ်ပြီး မိုဘိုင်းဖုန်းဝန်ဆောင်မှုကိုလည်း သက်သာသောနှုန်းထားဖြင့် အသုံးပြုနိုင်ကြမည် ဖြစ်ပါသည်။

ထို့ကြောင့် မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများအနေဖြင့် ပြည်ထောင်စုအခွန်ဥပဒေကို လိုက်နာသောအားဖြင့် ကုန်သွယ်လုပ်ငန်းခွန်ငါးရာခိုင်နှုန်းကို ကြည်ဖြူစွာပေးကြပါ။ ပြည်ထောင်စုလွှတ်တော်အမတ်များနှင့် နိုင်ငံတော်အစိုးရသစ်အနေဖြင့်လည်း အများပြည်သူများအပေါ် စေတနာထားကာ ပြည်သူများလိုအပ်နေသော မိုဘိုင်းဖုန်းဝန်ဆောင်မှုလိုအပ်ချက်များအား နိုင်ငံတကာဝန်ဆောင်မှုအဆင့်ဖြင့် ဈေးနှုန်းသက်သာစွာ (ဥပမာ-တစ်မိနစ်ကျပ် ၂၀ နှုန်းထားဖြင့်) အသုံးပြုခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုက်ပါသည်။ ။

# ညောင်ဦးခရိုင် ပုဂံတွင် စွန့်ပစ်ပလတ်စတစ်ကို ပြန်လည်အသုံးပြုပြီး ဆောက်လုပ်ထားသည့် မိလိန္ဒစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ပုဂံ မေ ၁၈**

ညောင်ဦးခရိုင် ပုဂံမြို့နတ်ကြို့အိုင်ကျေးရွာတွင် ပထမဦးဆုံး စွန့်ပစ်ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြုပြီး ဆောက်လုပ်ပြီးစီးခဲ့သည့် မိလိန္ဒစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) က အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ပုဂံပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က စွန့်ပစ်ပလတ်စတစ်အမှိုက်များဖြင့် စာကြည့်တိုက်ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့အောင်မြင်စွာ ဆောက်လုပ်နိုင်ရန်အတွက် ဒေသခံလူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က မိလိန္ဒစာကြည့်တိုက်အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်၊ စာရွက်စာတမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားသို့တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များက စွန့်ပစ်ပလတ်စတစ်ဖြင့် ဆောက်လုပ်ထားသည့် စာကြည့်တိုက်အဆောက်အအုံ၊ ပလတ်စတစ်ရေသန့်ဘူး၊ အချိုရည်ဘူးခွံများဖြင့် မီးခွက်၊ မီးစလောင်း၊ ပန်းအိုးပုံသဏ္ဍာန်အတွင်းပိုင်းအလှဆင်ထားမှုများနှင့် စာအုပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

မိလိန္ဒစာကြည့်တိုက်ကို ပုဂံပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုအဖွဲ့နှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များမှ ရက်သတ္တပတ်လျှင် စနေနေ့တစ်ရက်ပလတ်စတစ်ကောက်သန့်ရှင်းရေးလုပ်အားပေးကြရာတွင် ကောက်ယူရရှိသော စွန့်ပစ်ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြုသည့်အနေဖြင့် အသုံးပြုပြီးဖြစ်သည့် (၀ ဒသမ ၆) လီတာ ရေသန့်ဘူးခွံထဲသို့ ဖိသိပ်ထည့်ကာပြုလုပ်ထားသော ပလတ်စတစ်အုတ်များကို အုတ်အဖြစ် အစားထိုးအသုံးပြုကာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယင်းစာကြည့်တိုက်ဆောက်လုပ်ပြီးစီးရန်အတွက် ပလတ်စတစ်အုတ်အရေအတွက် ၃၇၀၀ ကျော် အသုံးပြုခဲ့ရသည်ဟု သိရသည်။

အဆိုပါစာကြည့်တိုက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး မေ ၁၀ ရက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ရာ ဆောက်လုပ်ချိန်သုံးလကြာမြင့်ခဲ့ကြောင်း၊ အကျယ်အဝန်းအားဖြင့် အလျား ၃၄ ပေ၊ အနံ ၂၄ ပေရှိပြီး စတုရန်းပေ ၅၈၀ ခန့်ရှိကြောင်း၊ စာကြည့်တိုက်အတွင်းတွင် စာအုပ်ထည့်ဗီရိုလေးလုံးနှင့်အတူ ရပ်ဝေးရပ်နီးမှအလှူရှင်များလှူဒါန်းထားသည့် သုတ၊ ရသ



စာအုပ်စာစောင်များ၊ ဂျာနယ်မဂ္ဂဇင်းများ၊ စာကြည့်စားပွဲငါးလုံး၊ စာကြည့်ကုလားထိုင် ၁၀ လုံးတို့ကိုလည်း စာဖတ်ပရိသတ်များအတွက် ထားရှိပေးထားကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

ဆောင်းပါး



# မြန်မာ့ပညာရေးနှင့် တိုင်းပြည်၏အနာဂတ်

ခ မြင့်ကျော်(ဇလွန်)

ပညာရေးဆိုသည်မှာ 'ပညာဆိုသော အတတ်ပညာ၊ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရားရှိမှု၊ ကုန္ဒြေတို့ကို စောင့်ထိန်းနိုင်မှု စသည်တို့ကို တိုးပွားစေပြီး အဝိဇ္ဇာစသော အပြစ်ဒေါသများ ကင်းစင်သွားခြင်းကို ပညာအဆုံးအမဟု ခေါ်သည်ဟု 'သစတ္တကာသကျမ်း' တွင် ဖွင့်ဆိုထားသည်။ ပညာရေးဆိုသော ဝေါဟာရသည် အလွန်ကျယ်ဝန်းလှသည်။ လူအများသိနားလည်သော ကျောင်းသင်ပညာရေး (Formal Education) သာမက ကျောင်းပြင်ပပညာရေး (Non-Formal Education) စသည်များသည် ပညာရေး နယ်ပယ်တွင် အကျုံးဝင်သည်။ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးသည် ယင်းနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံ့သမိုင်းအခြေအနေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ စသည်များနှင့် ရောထွေးယှက်နွယ်နေသည်။ နိုင်ငံတစ်နိုင်ငံတွင် ပညာရေးရည်ရွယ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ၊ အကောင်အထည် ဖော်ရာတွင်ဖြစ်စေ ပညာရေးကို အခြားကဏ္ဍများနှင့်ခွဲခြားပြီး တသီးတခြား စဉ်းစား၍ မရနိုင်ကြောင်းနှင့် သီးခြား ကင်းလွတ်သော ပညာရေးဟူ၍လည်း အကောင်အထည် ဖော်ဆောင် မရနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးအခြေအနေများသည် ကာလ၊ ဒေသ၊ ပယောဂ အခြေအနေများ အလိုက် ပြောင်းလဲလေ့ရှိသည်။ ပညာရေးဆိုသည်မှာ အတိတ်သင်ခန်းစာကိုအခြေခံပြီး ပစ္စုပ္ပန် အခြေအနေ အရပ်ရပ်ကိုသုံးသပ်ကာ အနာဂတ်ကာလအတွက် မျှော်မှန်းရခြင်းဖြစ်သည်။ ပညာရေး အသီးအပွင့်ကို ချက်ချင်းစိုက် ချက်ချင်းခူးဆွတ်စားသုံးရန်မဖြစ်နိုင်ဘဲ အနည်းဆုံး ၁၄-၁၅ နှစ်ခန့် ကြာမှသာ အကျိုးသက်ရောက်မှုကို ရရှိနိုင်သည်။

### မြန်မာ့ပညာရေးကနဦး

မြန်မာနိုင်ငံတွင် ဘုရင်စနစ်ထွန်းကားခဲ့သော ပဒေသရာဇ်ခေတ်ကတည်းက ပညာရေး ထွန်းကား စည်ပင် ခဲ့သည်။ ပဒေသရာဇ်ခေတ် လူနေမှုစနစ်နှင့် ယဉ်ကျေးမှုများ၊ ဗုဒ္ဓ၏ တရားဓမ္မများနှင့် အဆုံးမများကို အခြေခံပြီး မြန်မာနိုင်ငံပညာရေးသည် ကျယ်ပြန့်စည်ပင်ထွန်းကားလာခဲ့သည်။ ပဒေသရာဇ်ခေတ် ပညာရေး စနစ်သည် 'ဘုန်းတော်ကြီးကျောင်းပညာရေး' စနစ်ဖြစ်သည်။ လောကီပညာရေး စနစ်သည် အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ရန်ထက် ကိုယ်ကျင့်တရား ကောင်းမွန်သော ပြည်သူပြည်သားကောင်းများ ဖြစ်လာရေးကို ဦးတည်ခဲ့သည့် ပညာရေးဟုလည်း ဆိုနိုင်သည်။ စာသင်ကျောင်း သတ်သတ်မှတ်မှတ်မရှိဘဲ ဘုန်းတော်ကြီးကျောင်း (စာသင်တိုက်) များသည် ပညာသင်ကြားရာ ဗဟိုဌာနများဖြစ်သည်။ လူတန်းစားမရွေး အခမဲ့ပညာသင်ကြားခွင့်ရရှိခဲ့မှုသည် ထူးခြားမှုတစ်ရပ်ဖြစ်သည်။ စာပေသင်ကြားပို့ချသူများသည် ဘုန်းတော်ကြီးများဖြစ်သည်။ အတန်းစနစ်မရှိဘဲ စာသင်သားတစ်ဦးချင်း၏ တိုးတက်မှု၊ တတ်မြောက်မှု အပေါ် မူတည်ပြီး အဆင့်တိုးကာ တစ်ဦးချင်းစီသင်ပေးသည့် ပညာရေးစနစ်လည်းဖြစ်သည်။ စာကို အာဂုံဆောင် အလွတ်ကျက်မှတ်ရသည်။ သင်ရိုးဆိုပြီး အတည်တကျပြဋ္ဌာန်းထားမှုမရှိဘဲ အဓိက သင်ယူကြရသော ဘာသာရပ်များမှာ ပါဠိနှင့်မြန်မာ ဘာသာရပ်များပင် ဖြစ်သည်။ ဘုန်းတော်ကြီးများ၏ ကျေးဇူးကြောင့် ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံ၏ စာရေးစာဖတ် တတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်း ကျော်ရှိခဲ့သည်။ ဒေသတွင်း အခြားအာရှ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက စာတတ်သူဦးရေ ပိုများခဲ့သည်။

### ပြောင်းလဲလာသောအခြေအနေများ

နှစ်ဆယ်ရာစုအတွင်း ကမ္ဘာပေါ်တွင် ပြောင်းလဲမှုများစွာ ဖြစ်ထွန်းခဲ့သည်။ နိုင်ငံရေး၊ သိပ္ပံနှင့် နည်းပညာ၊ လူမှုရေးနှင့် စီးပွားရေး အစရှိသည့်နယ်ပယ်အသီးသီးတွင် အထင်ကရတိုးတက်ထွန်းကားလာမှုများကို မြင်တွေ့ကြရမည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာမှုပြုခြင်းဖြစ်စဉ်နှင့် ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချရခြင်း စသည့် အယူအဆများ၊ ကျင့်စဉ်များမှာ အကျိုးဆက်အနေဖြင့် ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံတကာ နယ်နိမိတ်များကို ပြိုလဲစေလျက် ကမ္ဘာကြီးတစ်ခုလုံးကို ရွာငယ်လေးသဖွယ် (ကမ္ဘာ့ရွာ) ဖြစ်ပေါ် လာစေခဲ့သည်။ သို့ရာတွင် အထင်ကရ ပြောင်းလဲခြင်းဖြစ်စဉ်များမှ မဖြေရှင်းပေးနိုင်သည့်ပြဿနာ များစွာတွင် တန်းတူညီမျှမှု၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အညီအညွတ် လိုက်လျောညီထွေ ရှင်သန်နေထိုင်ခြင်း စသည်တို့မှာ လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ယင်းလိုအပ်ချက်များအတွက် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မညီမျှမှုများ၊ နောက်ဆက်တွဲ ပြဿနာများ၊ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းတန်ဖိုးများနှင့် ပတ်သက်၍လည်း ဆိုးဝါးစွာအခက်အခဲ အကြပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အဆိုပါပြဿနာရပ်များကို ကျော်လွှားနိုင်ရန်၊ ပညာရေးစနစ် ကောင်းမွန်စေရန် ပြုလုပ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

လူ့သမိုင်းတွင် မကြုံဘူးသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တိုးတက်မှုများကြောင့် ခနကြွယ်ဝမှုနှင့် သက်သောင့်သက်သာနေထိုင်ရခြင်းတို့ကို ပိုင်ဆိုင်ထားကြသော်လည်း တစ်ကမ္ဘာလုံးတွင် မညီမျှမှုများကြောင့် လူမျိုးရေး၊ ဘာသာရေး၊ လူတန်းစားနှင့် တိုင်းရင်းသားလူမျိုးစု ပဋိပက္ခများဖြင့် ပြည့်နှက်နေဆဲ ဖြစ်သည်။ မြေကမ္ဘာ၏ သက်ရှိမျိုးနွယ်စုများတွင် လူသားမျိုးနွယ်စုသည် အသိဉာဏ်ပိုင်းဆိုင်ရာ အဖွံ့ဖြိုးဆုံး တိုးတက်လာခဲ့သော်လည်း အခြားတစ်ဖက်တွင်မူ အတ္တလွန်ကဲခြင်း၊ သီးသန့်နေထိုင်လိုခြင်း၊ သည်းခံခြင်း တရား ခေါင်းပါးလာခြင်းများအပါအဝင် မိမိကိုယ်ကိုနှင့် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသူများ အနေဖြင့်လည်း တည်ရှိနေလေသည်။ ယခု ၂၁ ရာစုအစောပိုင်းကာလ၌ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေးနှင့် ညီညွတ်သော လူမှုအသိုင်းအဝိုင်းအတွက် ကြီးမားသောစိန်ခေါ်ချက်များဖြစ်သည့် အကျပ်အတည်းများ၊ အရေးပေါ်အခြေအနေများဖြင့် ရင်ဆိုင်နေကြရသည်။ ယင်းစိန်ခေါ်ချက်အကျပ်အတည်းများအတွက် လူတစ်ဦးချင်းစီ၏ အသိပညာနှင့် တတ်သိနားလည်မှုသည် အလွန်အရေးပါသော အခြေအနေ တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လူတိုင်း၏ ပင်ကိုစိတ်ထား နူးညံ့မှု၊ အခြေအနေအရပ်ရပ်ပေါ်တွင် မှန်ကန်စွာ ဝေဖန်ပိုင်းခြားနိုင်မှုတို့သည် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းပေါ်တွင် များစွာ တည်မှီနေသည်။ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကွာဟချက်များ၏ အကျိုးဆက်ကြောင့် ဥစ္စာဓနပိုင်ဆိုင်မှုတွင် ချမ်းသာသူများနှင့် ဆင်းရဲသူများကြား ကြီးမားသည့် ကွာဟချက်ရှိနေခြင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများကြားတွင်လည်း ဆင်းရဲချမ်းသာ ကွာဟချက်ကို ဖြေရှင်းရန်ဖြစ်နိုင်ချေနည်းလမ်းများ ရှာမရသေးခြင်း၊ လက်နက်ဆန်းများနှင့် အဏုမြူ စွမ်းအင် နည်းပညာများကို အပြိုင်အဆိုင် တီထွင်တပ်ဆင်မှုများကြောင့် လူသားမျိုးနွယ်စုတစ်ခုလုံး၏ ရှင်သန်မှုကို ခြိမ်းခြောက်လျက်ရှိနေခြင်း၊ အဆင့်တိုင်းတွင် ပုံစံအမျိုးမျိုးနှင့် ခွဲခြားဆက်ဆံမှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ ပဋိပက္ခများ အကြားတွင် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ ရှိနေခြင်း၊ အကြမ်းဖက် တိုက်ခိုက်မှုများ၊ အကြမ်းဖက်ဖြေရှင်းမှုများ၊ လူမျိုးရေးခွဲခြားခြင်းများကို ယနေ့ကမ္ဘာ၏ သွင်ပြင် လက္ခဏာတစ်ရပ်အနေဖြင့် မြင်တွေ့နိုင်ပြီး လူသားမျိုးနွယ်နှင့် အခြေခံစံနှုန်း တန်ဖိုးများ တိုက်စားခံနေရခြင်း၊ လူဦးရေပေါက်ကွဲမှုကြောင့် သဘာဝအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲရသည့်အတွက် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ ဂေဟဗေဒဆိုင်ရာ ညီမျှခြေကို ဖျက်ဆီးခံရခြင်းနှင့်အတူ လူသားမျိုးနွယ်၏ အသက်ရှင်သန်နေထိုင်မှုကို အချိန်ပြည့်ခြိမ်းခြောက်လျက်ရှိနေခြင်း၊ ကျဉ်းမြောင်းသည့် ပုဂ္ဂလိကအကျိုး စီးပွားအပေါ် အခြေပြု စဉ်းစားတွေးခေါ်ခြင်းနှင့် အတ္တမာနလွန်ကဲမှု (မိမိလုပ်ငန်း၊ ပရိုဂျက်နှင့် အဖွဲ့အစည်း ကိုသာ အဟုတ်ထင်ခြင်း)ကြောင့် လူသားမျိုးနွယ်သည် နယ်ပယ်အသီးသီးတွင် ဂိုဏ်းဂဏ၊ အုပ်စုငယ် များစွာဖြင့် ကွဲပြားလျက်ရှိနေခြင်း၊ ယနေ့ ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ရှင်သန်နေထိုင်နိုင်ရန်အတွက် တောင်းဆိုချက်များတွင် ကျဉ်းမြောင်းသည့် အမျိုးသားရေးအမြင်များထက် ကမ္ဘာတစ်ဝန်း လွှမ်းခြုံ စဉ်းစားတွေးခေါ်ခြင်း၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အစွန်းရောက်ခြင်းထက် သည်းခံခြင်းတရား ထွန်းကားစေခြင်း၊ အပြန်အလှန်နားလည်မှုကို တည်ဆောက်ခြင်းနှင့် ယဉ်ကျေးမှု ဗဟုဝါဒ ကျင့်သုံးခြင်း၊ လူနည်းစုအတွက်သာ အခွင့်ထူးခံဖြစ်နေသည့် သိပ္ပံနှင့် နည်းပညာအရ ခွဲခြားခြင်းထက် နည်းပညာအရ စုစည်းနိုင်ခြင်း အစရှိသည့် အကြောင်းချင်းအရာများ ပါဝင်သည်။ လူတန်းစားအလွှာတိုင်းတွင် အကြမ်းမဖက်ခြင်း၊ သည်းခံခြင်း တရား ထွန်းကားစေခြင်း စသော လိုလားအပ်သည့် ယဉ်ကျေးမှုများ ထွန်းကားစေခြင်းဖြင့် ပိုမို၍ ငြိမ်းချမ်းသာယာသည့်၊ ယဉ်ကျေးသည့် လူ့ဘောင်ကို တည်ထောင်နိုင်မည် ဖြစ်သည်။

ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ အတွေးအခေါ် ပညာရှင်များ၊ သိပ္ပံပညာရှင်များနှင့် နိုင်ငံရေး ခေါင်းဆောင်များအနေဖြင့် လူ့စံနှုန်း တန်ဖိုးများကို ပြန်လည်ရှင်သန်စေရန်အတွက် လိုအပ်ချက်ကို ကာလကြာမြင့်စွာကတည်းက သိမြင်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိ လူအများစုသည် 'မိမိနှင့် အခြားသူများ အတူတကွ ရှင်သန်နေထိုင်ရခြင်း' သဘောတရားကို မေ့လျော့နေခဲ့လျက်ရှိပြီး အသိပညာ၊ အတတ်ပညာ သင်ယူတတ်မြောက်ခြင်းသည် အတူတကွ ရှင်သန်နေထိုင်ကြီးပြင်းခြင်း၏ အနှစ်သာရကို ရေရှည်တည်ဆောက် အကောင်အထည်ဖော်နိုင်သော အကောင်းဆုံးအခြေအနေတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မှ အထူးခန့်အပ်တာဝန်ပေးခဲ့သည့် ဒီလော်(စ်) ကော်မစ်ရှင်၏ အစီရင်ခံစာဖြစ်သည်။ သင်ယူခြင်း ရတနာ အတွင်းမှာ Learning - The Treasure Within (1996) တွင် 'အတူတကွ အသက်ရှင်သန်နေထိုင်ဖို့ သင်ယူလေ့လာစို့' ဟူသောအချက်ကို ပညာရေးမဏ္ဍိုင်ကြီး လေးရပ်အနက် အဓိကပညာရေး ထောက်တိုင်တစ်ရပ်အနေဖြင့် လမ်းညွှန်အကြံပြု ခဲ့သည်။ မျက်မှောက်ကမ္ဘာကြီးတွင် ဝမ်းနည်းဖွယ်ရာလိုအပ်နေသည့် ညီညွတ်သော လူ့အသိုင်းအဝိုင်း တည်ဆောက်ရေးနှင့် ငြိမ်းချမ်းစွာ အမြင်သဘောထား ဖလှယ်ခြင်းတို့ကို ယင်းအစီရင်ခံစာတွင် မီးမောင်းထိုး တင်ပြခဲ့သည်။ ခေတ်အစဉ်အဆက်တွင် အသိပညာနှင့် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်သည့် ကာယ၊ ဉာဏ လုပ်သားထုကို မွေးထုတ်ပေးရန်အတွက် ပညာရေးကိုအသုံးချခဲ့သည်။ ယခုအခါတွင်မူ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုဆက်ဆံရေး တိုးတက်မြင့်မား စေရန်အတွက် ပညာရေးမှာ အခြေခံအကျဆုံးဖြစ်သည်ဟူ၍ အမြင်သဘောထား ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ငြိမ်းချမ်းသော လူမှုအသိုင်းအဝိုင်းအတွက် မတူကွဲပြားသည့် ယဉ်ကျေးမှုများ သဟဇာတဖြစ်စေရေးနှင့် လူမှုပြုပြင် ပြောင်းလဲရေးတို့တွင် အခြေခံပညာကျောင်းများမှာ အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

### လိုအပ်ချက်များနှင့် ပညာရေး

စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများကို အမှီလိုက်နိုင်ရန်နှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ကြိုးစားနေစဉ် ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံအများစုတွင် လူ့စံနှုန်း တန်ဖိုးဆိုင်ရာ ရေရှည်ရည်မှန်းချက်များနှင့် စာရိတ္တနီတိ ဆိုင်ရာများကို ပညာရေးတွင် ဦးစားပေးခြင်းမရှိသဖြင့် ပညာရေးသည် နိုင်ငံသားတို့အား ငြိမ်းချမ်းသော ပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းသောယဉ်ကျေးမှု တိုးတက်ထွန်းကားစေရန်၊ သည်းခံခြင်းတရားထွန်းကားစေရန်၊ ဒီမိုကရေစီစံနှုန်းတန်ဖိုးများ၊ လူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်လိုက်နာ စေရန်အတွက် ပြင်ဆင်ပေးနိုင်ရမည်ဖြစ်သည်။ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် လုပ်ငန်းခွင်တွင် စဉ်ဆက်မပြတ်သင်ယူရမည့် ပညာရေးစနစ်များကို စံချိန်စံညွှန်း ကောင်းမွန်ခြင်းရှိမရှိ အစဉ်အမြဲဆန်းစစ်လေ့လာနေကြရမည်။ တက္ကသိုလ်ပညာရေးကို မြန်မာနိုင်ငံတွင် ၁၈၇၈ ခုနှစ်မှ စတင်ခဲ့ကာ ၁၈၈၄-၈၅ ခုနှစ်တွင် ရန်ကုန်ကောလိပ်ဟူ၍ တက္ကသိုလ်ပညာသင်ကြားသော ပထမဆုံးကောလိပ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ကာလကတ္တားတက္ကသိုလ်နှင့် ဆက်သွယ်ထားသော ကောလိပ်ဖြစ်ပြီး ထိုတက္ကသိုလ်၏ စာမေးပွဲအတွက်သာ သင်ကြားပေးသည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို အမည်ပြောင်းထားသော တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်နှစ်ခုပေါင်းစည်းထား သည့် ရန်ကုန်တက္ကသိုလ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးသော တက္ကသိုလ်အဖြစ် ထူထောင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက် ချမှတ်ဖော်ဆောင်ခဲ့သော မြန်မာ့ပညာရေးစနစ်များသည် နိုင်ငံရေးလွှမ်းမိုးမှုများ ရောယှက်ပါဝင်နေသော ပညာရေးစနစ်များကို လေ့လာတွေ့ရှိနိုင်သည်။ ထိုသို့ နိုင်ငံရေးကို အခြေခံထောက်တိုင်ပြုပြီး ပညာရေးသင်ရိုးများ ချမှတ်ဖော်ဆောင်ခြင်းသည် နိုင်ငံ၏ အနာဂတ်ကို ချနင်းရာရောက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံ၏ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မှုနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မှုတွင် အစိုးရနှင့်ပြည်သူ အပြန်အလှန် နားလည်မှုရှိရှိ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ လိုအပ်ချက်များ ပြည့်နှက်နေသော ပညာရေးစနစ်ကို အချိန်ကာလရှည်ကြာစွာ မပြုပြင်ဘဲ ဇွတ်အတင်း ရှေ့တိုးခဲ့မှုများသည် နိုင်ငံ၏ တိုးတက်မှုအခြေအနေများကို ရိုက်ချိုးသကဲ့သို့ ဖြစ်ခဲ့ ရသည်ဟု ဆိုနိုင်ပါသည်။

### ယခင်အစိုးရ သတ်မှတ်အကောင်အထည်ဖော်ခဲ့သော ပညာရေး

မြန်မာနိုင်ငံ၏ပညာရေးတွင် လုပ်ငန်းကဏ္ဍ(၆)ရပ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ငန်းများမှာ (၁) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ၊ (၂) နည်းပညာအသုံးပြုမှုဆိုင်ရာကဏ္ဍ၊ (၃) သုတေသနလုပ်ငန်းဆိုင်ရာကဏ္ဍ၊ (၄) စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ၊ (၅) ပညာရည် အဆင့်မြှင့်တင်မှုဆိုင်ရာကဏ္ဍနှင့် (၆) အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍတို့ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍတွင် မျှော်မှန်းချက် (၄) ရပ်ချမှတ်ခဲ့ပြီး ယင်းတို့မှာ (၁) နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးနိုင်ရန်၊ (၂) ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည်မြင့်မားသည့် အရင်းအမြစ်သည် အလားအလာကောင်းသည့် အနာဂတ်ဖြစ်စေရန်အတွက် အာမခံချက်ဖြစ်သည်ကို တစ်မျိုးသားလုံးခံယူလျက် မြန်မာ့ပညာရေးစနစ်ကို တည်ထောင်ရန်၊ (၃) မြန်မာ့ပညာရေးစနစ်သည် မြန်မာ့လူ့ အဖွဲ့အစည်း တစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်စေရန်နှင့် အလားတူ မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးကိုလည်း မြန်မာ့ပညာရေးစနစ်၏ အရင်းအမြစ်အဖြစ် အသုံးပြုနိုင်စေရန်၊ (၄) နိုင်ငံတော်တွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲတိုးတက်စေရန်ဟူ၍ ဖြစ်သည်။ နည်းပညာအသုံးပြုမှု ဆိုင်ရာကဏ္ဍအတွင်း ထားရှိခဲ့သောမျှော်မှန်းချက်မှာ ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီအသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ်အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့်ပညာရေး ပတ်ဝန်းကျင်ကို ဖန်တီးရန် ဖြစ်သည်။

စာမျက်နှာ ၂၅ သို့

# ကျောက်ပန်းတောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ



**ကျောက်ပန်းတောင်း ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှစ်ဆန်း တစ်ရက်တွင် နှစ်သစ်ကူးမင်္ဂလာ အဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို ဧပြီ ၁၇ ရက် နံနက် ၆ နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်သစ်ကူးမင်္ဂလာ မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်သည် (၆၆)ကြိမ်မြောက်ဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများနှင့် ကျောင်းတိုက်များအပြင် ပုပ္ပား၊ လက်ပံပျား၊ ပွေးကျစ်အစရှိသည့် မြို့နယ်ခွဲတို့တွင် သီတင်းသုံးတော်မူကြသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ သင်္ကြန်ကာလအတွင်း ကုသိုလ်ယူကြသည့် ဒုလ္လဘရဟန်း၊ သာမဏေအပါး ၃၅၅၀ နှင့် သီလရှင်၊ ယောဂီအပါး ၅၃၀ စုစုပေါင်း အလှူခံပုဂ္ဂိုလ်အပါး ၄၀၈၀ ကြွရောက်အလှူခံတော်မူကြသည်။ အဆိုပါအလှူခံကြွရောက်တော်မူကြသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များကို မြို့ပေါ်ရပ်ကွက်အသီးသီးမှ အလှူရှင်များအပြင် လယ်ယားတောင်၊ ပိန္နဲတော အစရှိသည့် ကျေးရွာများမှ ဆွမ်းဆန်တော်များ၊ ကြက်သွန်၊ အချိုရည်ဘူး၊ ကော်ဖီမစ်၊ ဆပ်ပြာ အစရှိသည်များကို မိမိတို့တတ်နိုင်သလောက် လာရောက်လောင်းလှူကြရာ မြို့လယ် လမ်းမတစ်လျှောက် ကုသိုလ်ပြုသူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကို နံနက် ၆ နာရီတွင် သီရိမင်္ဂလာရပ်ကွက် ဓမ္မာရုံ စုရပ်မှစတင်၍ အကျိုးတော်ဆောင်အဖွဲ့ဝင်များက စိတ္တိန်းကျေးရွာမှ မိုးကောင်း ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ငွေးချိုတောင်ဆုတောင်းပြည့် မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးနှစ်ဆူကို ပင့်ဆောင်ပူဇော်ကြကာ ဆွမ်းဆန်တော်လောင်းလှူမှုကို စတင်ခြင်းဖြစ်ပြီး မိတ္ထီလာလမ်းမှ ဘူတာလမ်းဆုံမီးပွိုင့်၊ ဘူတာလမ်းဆုံမှ ရန်ပြည်မန်းလမ်းမတစ်လျှောက် နေရာယူ လောင်းလှူကြပြီး ထိုမှဆက်၍ လွတ်လပ်ရေးဈေးလမ်း၊ ဈေးပတ်လမ်းမှ တစ်ဆင့် မြို့မတောင်ရပ်ကွက် ကုန်းတော်ကြီးဘုရားတွင် လောင်းလှူမှုပြီးဆုံးကြောင်းသိရသည်။ အဆိုပါဆွမ်းဆန်လောင်းလှူရာသို့ ရပ်ကွက်အသီးသီးမှ လူငယ်လေးများက လုပ်အားဒါနကုသိုလ်ယူဆောင်ရွက်ကြပြီး လမ်းမတစ်လျှောက်တွင် လည်း၊ သောက်ရေသန့်လှူဒါန်းခြင်း၊ အချိုရည်လှူဒါန်းခြင်းများဖြင့် ကုသိုလ်ယူသူများလည်းရှိကြကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့၏ နှစ်သစ်ကူးမင်္ဂလာ ဆွမ်းဆန်တော်လောင်းလှူပွဲကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများက ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ဆိုခဲ့ကြပြီး နိုင်ငံခြားခရီးသွားဧည့်သည်များကလည်း ကြုံတောင့်ကြုံခဲအဖြစ် စိတ်ဝင်တစား လေ့လာမှတ်တမ်းတင်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မြို့သစ်မြို့နယ်တွင်သက်ကြီးပူဇော်ပွဲကျင်းပ

**မြို့သစ် ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကြွရောက်လာသော ဧည့်သည်တော်များက အဘိုးအဘွားတို့အား လျှုဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ ထို့နောက် အဘိုးအဘွားများကိုယ်စား အဘွားတစ်ဦးက ဩဝါဒအမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် မြို့ပေါ် ၅ ရပ်ကွက်အတွင်းရှိ အသက်(၈၀) နှင့်အထက် အဘိုးအဘွား ၄၈ ဦးတို့အား အာဟာရဖြည့်အစားအစာများ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီ လှူဒါန်းကန်တော့ခဲ့ကြပြီး အခမ်းအနားသို့ မြို့သစ်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့သစ် (ပြန်/ဆက်)**

# မုံရွာမြို့တွင် အသက် ၈၀ နှစ်နှင့် အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲနှင့် ချင်းတွင်းမြစ်အတွင်း ဇီဝိတဒါန ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**မုံရွာ ဧပြီ ၁၈**

မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ မုံရွာမြို့ မြို့တော်ခန်းမတွင် အသက် ၈၀ နှစ်နှင့်အထက် အဘိုးနှင့် အဘွား ၆၂ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချင်းတွင်းမြစ်အတွင်း ဇီဝိတဒါန ငါးသားပေါက်ကောင်ရေတစ်သိန်းခွဲ လွှတ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် မုံရွာမြို့သူမြို့သားများ၊ စေတနာရှင်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ အလှူငွေ၊ ပစ္စည်းများအား ဘိုးဘွားများလက်ရောက် လှူဒါန်းခဲ့ကြသည်။

ထို့နောက် မုံရွာမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်း၌ ကျင်းပသော ဇီဝိတဒါနငါးလွှတ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ငါးဖမ်းသူများအနေဖြင့် ဘက်ထရီရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးသုံးဖမ်းခြင်းများကို အထူးရှောင်ရှားရန်လိုအပ်ပြီး ထုတ်ပြန်ထားသော တားမြစ်ချက်နှင့် စည်းကမ်းများကိုလိုက်နာကြရန်လိုအပ်ကြောင်း တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မှ ငါးလုပ်ငန်းတာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

"ငါးသယံဇာတထိန်းသိမ်းဖို့ဆိုတာ ရှိတဲ့ငါးတွေကို နည်းမျိုးစုံနဲ့ ထိန်းသိမ်းကြရမှာပါ။ ချင်းတွင်းမြစ်ထဲမှာငါးသယံဇာတ တည်မြဲဖြစ်ထွန်းဖို့ဆိုတာ ငါးဖမ်းနေတဲ့သူတွေအ ပေါ်မှာများစွာတည်မှီနေပါတယ်။ ဘက်ထရီရှော့တိုက်ဖမ်းတာ၊ ပိုးသတ်ဆေးတွေနဲ့ ရက်ရက်စက်စက်ဖမ်းနေတာတွေဟာ ငါးပြန့်ပွားရေးကို ဦးတည်နေသလို အခုလို ထည့်ပေးခါစ ငါးမျိုးဆက်တွေကိုပါ ပြုန်းတီးစေတာအမှန်ပါပဲ။ ဒါ့ကြောင့် တရားမဝင် ဖမ်းချင်သလိုဖမ်းနေတဲ့ ငါးဖမ်းသူတွေကို တင်းတင်းကြပ်ကြပ်အရေးယူဆောင်ရွက်သွားမှာပါ" ဟု ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ပြောကြားခဲ့သည်။

"ငါးဖမ်းတာနဲ့ပတ်သက်ပြီး နောက်ပိုင်းချင်းတွင်းမြစ်ထဲမှာ ဘက်ထရီရှော့မတိုက်ဘဲ သူ့ထက်ရက်စက်တဲ့ ပိုးသတ်ဆေးကို သဲနဲ့ရောဖျော်ပြီး ပုဇွန်၊ ငါးတွေရှိတဲ့နေရာတွေမှာ ပက်ထည့်လိုက်တာ ပွက်ပွက်ထပြီး အများကြီးသေကြရှာရတာပါ။ ငါးဖမ်းတဲ့ တံငါအစစ်ဆိုရင် ဖမ်းစရာလောက်သာဖမ်းပြီး ချန်သင့်တာကို ချန်တဲ့ ရှေးရိုးရာနည်းနဲ့ ဖမ်းကြတာပါ။ အခုဟာက ငါးကြီးရော၊ အသေးရော အားလုံး သေစေတဲ့နည်းနဲ့ဖမ်းနေကြတာ။ ကြာရင် ငါးပြုန်းတီးမယ့်အရေးကို မြင်နေရပါတယ်" ဟု ဖောင်သမားကြီး ဦးကျော်သောင်းက ပြောကြားခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ငါးသိုင်းချောင်းမြို့ (၇၁) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းပွဲတွင် ဆွမ်းဆန်လောင်းလှူသူများဖြင့် စည်ကား

**ငါးသိုင်းချောင်း ဧပြီ ၁၈**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၏ (၇၁) ကြိမ်မြောက် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ညနေပိုင်းက ကျင်းပခဲ့ကြပြီး ငါးသိုင်းချောင်း မြို့ရပ်ကွက်နှင့် ကျေးရွာ ၃၈ အုပ်စုရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက် စုစုပေါင်းကျောင်းတိုက် ၅၀ မှ သံဃာတော်နှင့် သီလရှင်အပါး ၁၀၀၀ ခန့် စီတန်းလှည့်လည် အလှူခံတော်မူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကို ငါးသိုင်းချောင်းမြို့၌ နှစ်စဉ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ရောက်တိုင်း အစဉ်အလာမပျက် ဒေသခံပြည်သူလူထုမှ စုပေါင်းလောင်းလှူခဲ့ကြပြီး ယခုနှစ် မြို့ပေါ်ရပ်ကွက်ခြောက်ခုတွင် ဆွမ်းဆန်စိမ်းလောင်းလှူသည့် မဏ္ဍပ် ၁၀ ခုရှိပြီး ဆွမ်းလောင်းမဏ္ဍပ်များအပြင် မြို့တွင်းလမ်းများပေါ်တွင်လည်း ဆွမ်းဆန်စိမ်းလောင်းလှူသူများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ရက်များအတွင်း၌ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားခဲ့ကြပြီး နှစ်ဆန်းတစ်ရက်နေ့တွင်လည်း အစဉ်အလာမပျက် ယခုကဲ့သို့ ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကိုလည်း ကျင်းပနိုင်ခဲ့ကြသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## မြန်မာ့ပညာရေးနှင့် တိုင်းပြည်၏ ...

စာမျက်နှာ ၂၄မှ

သုတေသနလုပ်ငန်းဆိုင်ရာကဏ္ဍ၏ မျှော်မှန်းချက်မှာ နိုင်ငံတကာ အဆင့်မီ သုတေသနလုပ်ငန်းများကို ပညာရေးကဏ္ဍတွင်သာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သောအခြားသော ကဏ္ဍများတွင်လည်း ဆောင်ရွက်ရန်ဖြစ်သည်။ စဉ်ဆက်မပြတ် သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍတွင် မျှော်မှန်းချက် ၃ ရပ် ချမှတ်ခဲ့ပြီး ယင်းတို့မှာ (၁) လုပ်သားအင်အား တစ်ခုလုံးကို သင်ယူနေသော အင်အားအဖြစ် အသွင်ပြောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊ (၂) မြန်မာ့လူ့အဖွဲ့အစည်းကို ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာစေရေး အတွက် ဆောင်ရွက်ရန်နှင့် (၃) မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန်ဖြစ်သည်။ ပညာရေးအဆင့်မြင့်တင်မှုဆိုင်ရာ ကဏ္ဍတွင် မျှော်မှန်းချက် ၂ ရပ်ချမှတ်ခဲ့ပြီး ယင်းတို့မှာ (၁) တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှု တန်ဖိုးမြင့်တက်မှုနှင့်အတူ ပညာရေးကို မြှင့်တင်နိုင်ရန် အားထုတ်သကဲ့သို့ ပုဂ္ဂလိကပိုင်းဆိုင်ရာ အရင်းအနှီးနှင့် ထည့်ဝင်မှုတို့ကိုလည်း စီစဉ်ရန်နှင့် (၂) မြန်မာနိုင်ငံ၏ ပညာရေးအဆင့်သည် နိုင်ငံတကာပညာရည်အဆင့်ဖြစ်စေရန်တို့ ဖြစ်သည်။ စကားလုံးများဖြင့်သာ တည်ဆောက်သော ပညာရေးမျိုးနှင့် လက်တွေ့အကောင်အထည်မဖော်နိုင်သော ပညာရေးစနစ်မျိုးမဖြစ်စေရန် သေချာစွာ ကြပ်မတ်ထိန်းကျောင်းနိုင်မှု မရှိခြင်းသည် ပညာရေးစနစ်မအောင်မြင် ကျဆုံးခြင်းသာဖြစ်ပါသည်။ ပုဂ္ဂလိကပညာရေးစနစ်ကို ပြည်သူများအတွက် တန်းတူညီမျှ မဖော်ဆောင်နိုင်ခြင်းသည်လည်း စီမံကွပ်ကဲမှု အားနည်းကြောင်း ထင်ရှားပေါ်လွင်စေခဲ့သည်။ ပညာရေးအခြေပြုပြီး ဘဝရပ်တည်မှု လမ်းကြောင်းပေါ်သို့ အချိုးညီညီ တက်လှမ်းနိုင်ရေး ပုံဖော်ဆောင်မှုမပြုနိုင်ခြင်းကလည်း စာရွက်ပေါ်က ပညာရေးစနစ်ကို ပြည်သူတို့အား အယုံအကြည်မဲ့စေခဲ့ပြန်ပါသည်။

**ယခုဒီမိုကရေစီအစိုးရဖော်ဆောင်မည့် ပညာရေး**

အမျိုးသားရေး စံနှုန်းနှင့် အမျိုးသားရေး တန်ဖိုးထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာကဏ္ဍ၏ မျှော်မှန်းချက်မှာမည်သို့ပင် ကမ္ဘာ့နိုင်ငံအများ ဆက်စပ် ယှက်နွယ်ဖြစ်ပေါ်ပြောင်းလဲလာသော်လည်း ပြည်ထောင်စုကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ အမျိုးသားရေး အကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေးစံနှုန်းများ လျော့ပါးပျောက်ပျက်သွားခြင်းမရှိစေရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ကျင့်သုံးသင့်သော ပညာရေးဆိုင်ရာ အရည်အသွေး စံချိန် စံညွှန်းများအား ဆန်းစစ်လေ့လာရာတွင် အတိတ်သမိုင်းကြောင်း အခြေအနေများ၊ ပစ္စုပ္ပန်အခြေအနေများနှင့် အနာဂတ်မျှော်မှန်းချက်များကို သုံးသပ်ပြီး နိုင်ငံအတွက် ကျင့်သုံးသင့်သော ပညာရေးဆိုင်ရာ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို တင်ပြမည်ဖြစ်သည်။ 'ပြောင်းလဲချိန်တန်ပြီ' ဟူ၍ ကြွေးကြော်ပြီး လူထုထောက်ခံချက် အပြည့်အဝဖြင့် တက်လှမ်းလာသော ဒီမိုကရေစီအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် မြန်မာ့ပညာရေးလောကကို အရည်အသွေးအပြည့်ဖြင့် ပုံဖော်ပြောင်းလဲရမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ၊ မိဘတို့ ပူးပေါင်းပါဝင်သည့် ကျောင်းပညာရေးစနစ်ကို ထိထိမိမိ ဖော်ဆောင်နိုင်ရေး စီမံမှုအသစ်များ ပြောင်းလဲမှုအသစ်များကို လက်ရှိ ဒီမိုကရေစီအစိုးရက မလွဲမသွေ လုပ်ဆောင်ရမည့် အနေအထားဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရအဆက်ဆက် ဖော်ဆောင်လုပ်ကိုင်ခဲ့သော ပညာရေးစနစ်များ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာပြီး ပြုပြင်သင့်သည်များကို စနစ်တကျ ပြုပြင်၊ တိုးချဲ့သင့်သည်များကို သွက်သွက်လက်လက် တိုးချဲ့၊ ပယ်ဖျက်သင့်သည်များကို ရဲရဲဝံ့ဝံ့ ပယ်ဖျက်ရေးသည် ဒီမိုကရေစီ အစိုးရသစ်အတွက် အဓိကစိန်ခေါ်မှုကြီး ဖြစ်နေပေသည်။ ထို့ကြောင့် မြန်မာ့ပညာရေးနှင့် တိုင်းပြည်၏ အနာဂတ်သည် နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့် စွယ်တော်ရွက်ပမာ ဖြစ်နေသည့် သဘောဖြစ်သဖြင့် ဒီမိုကရေစီအစိုးရ၏ ပြည်သူလူထုအပေါ်ထားရှိသော စေတနာနှင့် ပြည်သူလူထုကို မျက်နှာမူ လုပ်ဆောင်မည့် ပြုပြင်ပြောင်းလဲမှုများကို အများပြည်သူက မျှော်လင့်ခြင်းကြီးမားစွာ စောင့်မျှော်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဆောင်းပါး

# အင်းလေးကန်သည် နန္ဒာကန်လော… တူစွ ဟုတ္တာ

**“တောင်ပတ်ဝန်း၍၊ မျှော်မှန်းလေရာ၊ စိမ်းလဲ့ပြာသည်၊ နန္ဒာကန်လော၊ ငါတွေးတောခဲ့” (မင်းသုဝဏ်)**

အင်းလေးကန်ရပ်ဝန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင်တည်ရှိရာ ၂၄၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ပြာလဲ့လဲ့ ရေကြည်ရေပြင်အား စိမ်းညို့ညို့တောင်တန်း၊ တောင်ဖီလာ၊ တောင်ခမောက်၊ ဥဒေါင်းတောင်၊ ဆင်တောင်တို့ဝန်းရံလျက် ရွာပေါင်း ၄၄၅ ရွာက အင်းလေးကန်ကို မှီခိုအားထားနေရသည်။ ရေဝေရေလဲ ၁၀ မြို့နယ်က အင်းလေးကန်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားကြသည်။

အင်းလေးဒေသဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် ကျေးငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်အောက်တွင် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဆောင်းခိုငှက်များဝင်ရောက်မှုစာရင်းကို ကောက်ယူခဲ့ရာ အင်းလေးကန်ရေပြင် သလဲဦး အလယ်မြောင်းကျေးရွာရှိ ငှက်သားပေါက်များဧရိယာတို့ အပြင် လင်းကင်းငှက်သားပေါက်ဧရိယာ၊ လယ်ကွင်း၊ သာစည်ကန်၊ နဒီကန်၊ ရေငယ်ကွင်း၊ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး အထူးဇုန်အတွင်းရှိ ငှက်ကြည့်စင်ဧရိယာ၊ အင်းလေးကန်အတွင်းရှိ ရေခြံများအတွင်းနှင့် ဘီလူးချောင်းတစ်လျှောက်ကိုလေ့လာမှု ခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ငှက်စာရင်းအရ ရေပျော်ငှက်မျိုးစိတ် ၃၂ မျိုး ၉၇၆၁ ကောင်၊ သစ်တောငှက်မျိုးစိတ် ၅၀ မျိုး ၁၄၀၇ ကောင်၊ ဆောင်းခိုငှက်မျိုးစိတ် ၃၀ မျိုး ၈၆၆၅ ကောင်တို့ကိုတွေ့ရှိကြရသည်။

နို့တိုက်သတ္တဝါ ကိုးမျိုး၊ ရေပျော်ငှက် ၉၁ မျိုး၊ ကုန်းနေငှက် ၂၅၉ မျိုး၊ ဒေသရင်းမျိုး ၁၆ မျိုး၊ ငါးမျိုးစိတ် ၆၁ မျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၂၅ မျိုး၊ လိပ် ၃ မျိုးကျက်စားသည်။

အင်းလေးကန်ရပ်ဝန်းတွင် သစ်တောသစ်ပင်များတွင် သစ်ခွ ၁၈၄ မျိုး၊ ဆေးဖက်ဝင် ၅၂၇ မျိုး၊ ဝါးပင် ၁၁ မျိုး၊ ရေညှိရေမှော် ၁၂ မျိုး၊ ပေါက်ရောက်သစ်ပင် ၈၆ မျိုးရှင်သန်လျက် လောကကြီး၏သဘာဝအလှကို အကောင်းဆုံးခြယ်သနေသည်။

၂၀၁၅-၂၀၁၆ ခုနှစ်က မှတ်တမ်းတင်နိုင်ခဲ့သော ငါးမျိုးစိတ်သုံးမျိုး၏ သဘာဝအလှ၊ ဆောင်းခိုငှက်တို့၏ ဓလေ့စရိုက်၊ ဆက်ရက်၊ ပလိုဗာ၊ ဗယ်ကွန်ငှက်တို့၏ အလှပုံရိပ်က အင်းလေးကန်၏ အနာဂတ် အလင်းရောင်များသာဖြစ်နေသည်။

အရှေ့တောင်အာရှတိုက်၏ အကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသတွင် ရှမ်းပြည်နယ် အင်းလေးကန် တောရိုင်းဘေးမဲ့တော အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) အဖြစ် ကမ္ဘာ့သစ်တောကဏ္ဍ သဘာဝစိမ်းလန်းစိုပြည်ရေးမျက်နှာစာ၊ ရေတိမ်ဒေသ ဂေဟစနစ်နှင့် မျိုးကွဲများစဉ်ဆက် ထိန်းသိမ်းရာဒေသအဖြစ် နိုင်ငံတော်က ပြည်နယ်အစိုးရ၊ မိခင်ဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာက အင်းလေးကန်ရပ်ဝန်းဒေသ၏ ဘူမိရုပ်သွင်ထူးခြားမှုဂုဏ်၊ သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါ်ကြွယ်မှုဂုဏ်၊ သုတေသနပညာရှင် နိုင်ငံခြားဧည့်သည်များ စိတ်ဝင်စားမှုဂုဏ်တို့က အင်းလေးကန် ရေရှည်တည်တံ့မှု၏ ပြယုဂ်များပင်ဖြစ်သည်။



၁၉၈၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စတင်ထူထောင်ခဲ့သော အင်းလေးကန်ရပ်ဝန်းဒေသသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်တွင် အင်းလေးကန် ဇီဝအဝန်းနယ်မြေအဖြစ် တိတိပပသတ်မှတ်၍ ကမ္ဘာလှည့်ဧည့်သည် ရွှေဧည့်သည်များကို ဆွဲဆောင်နိုင်ခြင်းသာ ဖြစ်သည်။

ကမ္ဘာလှည့်ရွှေဧည့်သည်များက အင်းလေးကန်ရပ်ဝန်းတွင် ကမ္ဘာတွင်လုံးဝမရှိသော ငါးမျိုးစိတ် ၁၆ မျိုးကို အင်းလေးကန်က ပိုင်ဆိုင်သည်။ အင်းပေါခုံ၊ ငါးဖယ်ချောင်းတို့တွင် ငါးဖယ်၊ ငါးခုံးမ၊ ငါးရံ့၊ ငါးကြင်း၊ ငါးဖိန်းတို့ကို စီးပွားဖြစ်ဖမ်းနိုင်သည်။ ငါးမျိုးစိတ်ထဲတွင် ငါးဖိန်းငါးကို လူကြိုက်များသည်။

အင်းလေးကန်အတွင်း သွားလာနေသော စက်လှေများတွင် အိတ်ဇောစနစ်ပြောင်းလဲတပ်ဆင်ပြီး ဆူညံသံများလျှော့ချရန်၊ လုပ်ငန်းဆောင်ရွက်မှုပြီးစီးပါက ၅၀ ရာခိုင်နှုန်းလျှော့ချရန်၊ အသံထိန်းစနစ်ပြုလုပ်ရန်၊ တရုတ်နိုင်ငံလုပ် မြင်းကောင်ရေ ၂၀ အားရှိ အင်ဂျင်များကိုသာ တပ်ဆင်အသုံးပြုရန်၊ အင်းလေးကန်ရေထုညစ်ညမ်းမှုကို လျှော့ချရန်၊ ရေပျော်ရှားပါးငါးမျိုးစိတ်များ သေကြေမှုမရှိရန်၊ စက်လှေနှစ်ထောင်ကျော်ခန့် တရားဝင်ချထားမှုကို တိကျစွာလိုက်နာရန်၊ နုန်းတူးဖော်မှုပိုမိုတိုးချဲ့ရန်၊ ဓာတ်မြေဩဇာသုံးစွဲမှုထိန်းရန်တို့ကို ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ နော်ဝေနိုင်ငံ အခြေစိုက်ဆိုင်ရာဝန်ကြီးဌာန (Partnership for Change - PFC)တို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အင်းလေးကန်ရပ်ဝန်းဒေသဝယ် သမားရိုးကျ လုပ်ကိုင်စားသောက်နေကြသော နီးခမောက်ကြီးကို ခပ်ငိုက်ငိုက်ဆောင်းထားသော တံငါများက ကတ်လှေပေါ်သို့ပြေးတက်လိုက်သည်။ ညောင်ရွှေစက်လှေကမ်းဆိပ်မှ ဟဲယာရွာမသို့မရောက်မီ ရေပြင်ကျယ်၌ အင်းရိုးရာ ခြေဖြင့်လှော်သော တံငါလှေများကို မြင်တွေ့ကြရသည်။

“အင်းသားသေရင် ငါးဖိန်းစာ၊ ငါးဖိန်းသေရင် အင်းသားစာ’ဆိုလေ့ဆိုထရှိသော အင်းရိုးရာ ဆိုရိုးစကားလေးက နားထဲဝယ် စွဲထင်လာရသည်။

အင်းဘုရားပွဲနှစ်စဉ်ကျင်းပပြီး ရိုးရာအင်းလှေကို ခြေဖြင့်လှော်ခတ်နေကြတုန်းပင်ဖြစ်သည်။ ဘုရားပွဲတော် ဖောင်တော်ဦး၊ အလိုတော်ပေါက်၊ ရွှေအင်းတိန်ဘုရားပွဲများ ကွယ်ပျောက်သွားလျှင် အင်းလေးကန် ပတ်ဝန်းကျင်မှ ကိုတံငါများနှင့်အတူ အင်းရိုးရာခြေဖြင့် လှော်ခတ်ရသောတံငါလှေများလည်း မြင်တွေ့ကြရတော့မည် မထင်ပါ။ အင်းရပ်ဝန်းနယ်မြေဇုံတွင် ရေမရှိ၊ ဘုရားပွဲမရှိလျှင် အင်းသားငယ်တို့၏ ရိုးရာလှေလှော်ခတ်ခြင်း၊ ခြေတစ်ချောင်းတည်းဖြင့် လှေလှော်ခြင်းများလည်း ကွယ်ပပျောက်ဆုံးသွားနိုင်သည်။

အင်းဓလေ့ကို ကျွမ်းဝင်သူများက အင်းဘဝ၊ အင်းစရိုက်ကို ခုံမင်နေကြဆဲပင်ဖြစ်သည်။ နှစ်ဆယ်ရာစုဝန်းကျင် အင်းရေပြင်ကျယ်က ဧရိယာ ဟက်တာ ၄၈၉,၇၂ အနေအထား၊ တောင်နှင့်မြောက် အလျား ၃၆ မိုင်၊ အရှေ့အနောက် ရှစ်မိုင်သာရှိပြီး ရေထုအနက်ကလည်း ပေ ၂၀ ဝန်းကျင်မှယုတ်လျော့ခဲ့ရပြီ။ ယခုအချိန် ရေပြင်ကျယ် အလျား ၁၁ မိုင်၊ အနံ လေးမိုင်၊ ရေထုအနက်က ၁၂ ပေမျှသာတင်ကျန်ရစ်ပြီ။ ရေပြင်လည်ပျောက်ပြီး မြေပြင်တစ်လျှောက်ဝယ် လူသွားလမ်းမျှသာ ဖောက်ပြီး ရွာချင်းဆက်သွယ်နေကြရပြီ။

မြို့ပြဖွံ့ဖြိုးရေး၊ သဘာဝနယ်မြေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာမှ တဖွဖွပြောဆို ကြွေးကြော်ခဲ့ကြသည်။ စေ့ဆော်လှုပ်ရှားခဲ့ကြသည်။ သို့ရာတွင် အင်းလေးချစ်သော အင်းသူအင်းသားများအတွက် အမာခံအင်းရေပြင်က တဖြစ်လဲပြီး မြေသားထုတွင် လူသွားလမ်းများက နတ်လမ်းသဖွယ် အလျှိုလျှို အကန့်ကန့်။

အင်းလးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းချုပ်ရေးအာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူ အုပ်ချုပ်ရေးမှူးများက အင်းရေပြင်ကို သဘာဝအရထိန်းသိမ်းရန် ကြိုးစားကြည့်သည်။ မရ။ အင်းရေပြင်ကို လမ်းများဖောက်၍ လယ်လည်းပျောက်ရပြီ။ ယာလည်းဆုံးရှုံးရပြီ။ စားကျက်လည်းကုန်ရပြီ။

အင်းလေးရပ်ဝန်းဒေသ ဟဲယာရွာမ ဒေသခံများက ငါးရက်တစ်ဈေး ရေပေါ်ဈေးဝယ် အဘိုးအဘွားများလက်ထက် ဈေးရောင်းခဲ့ရမှုလည်း ရှေးသက်ကြီးရွယ်အိုများ ပြောလေ့ပြောထရှိသော ရိုးရာ ပုံပြင်လေးတစ်ပုဒ်ဆန်လာသည်။ ဘိုးစဉ်ဘောင်ဆက် ရေပေါ်ဈေးသည် အတိတ်ကာလများစွာတွင်သာ ကျန်ရစ်ခဲ့ပြီး ရိုးရာလှေကလေးများပေါ်တွင် ဒေသထွက်ခရမ်းချဉ်၊ ပန်းမုန်လာ၊ မုန်လာထုပ်၊ မုန်ညှင်း၊ ငရုတ်ရောင်းချခဲ့ရမှုကား ဝိုးတဝါး ကြေးမုံပြင်ဆန်နေသည်။

ရေပေါ်ဈေးဘဝအနေအထားမှ ကုန်းပေါ်ဈေးဘဝအနေအထားသို့ တမုဟုတ်ချင်း ပြောင်းလဲ ခံယူလိုက်ကြသည်။ ဆယ်နှစ်ကြာကာလတိုအတွင်းဝယ် ‘ရေပေါ်ဈေး’ဆိုင်းဘုတ်ကလေးက ခနိုးခနဲ့ဖြင့် ကဗျာဆန်နေသည်။ နုန်းပို့ချမှုကြောင့် ရေတိမ်ခန်းခြောက်၍ ဈေးဧရိယာကျဉ်းလာကာ ဈေးပျက်လုနီးနီး ဖြစ်တည်နေမှုကို သက်ဆိုင်ရာက ၂၀၀၂ ခုနှစ်အတွင်းက ရေပေါ်ဈေးကိုထိန်းသိမ်းခဲ့သေးသည်။ သို့သော် ရိုးရာရေပေါ်ဈေးကား ဖြစ်မလာ။ အသက်ဝင်မလာ။ တုတ်တုတ်မျှပင် မလှုပ်။

ကမ္ဘာလှည့်နိုင်ငံခြားသား ရွှေဧည့်သည်များက စာနယ်ဇင်းများတွင် မြင်တွေ့ခဲ့ဖူးသော ရိုးရာ ရေပေါ်ဈေးကိုမြင်တွေ့လို၍ တောင်းဆိုလာလျှင် လိုက်လံပြသစရာ ရေပေါ်ဈေးက မရှိ။ ရေမရှိသော ကုန်းခေါင်ခေါင် ပေါ်က ဈေးသည်တချို့ကိုသာပြသ၍ ရေပျော်ဈေးသည်သရုပ်သကန်ကို ဖန်တီးရယူရမည် ဖြစ်သည်။

တစ်ချိန်က အိုးပုံသဏ္ဍာန် အင်းရေပြင် အဝန်းအဝိုက်ကလည်း တဖြည်းဖြည်း ရေထုနည်းကာ ပန်းကန်ပြားပုံ ပြားချပ်ချပ် အသွင်သို့ ပြောင်းလဲခံယူလိုက်သည်။ ညောင်ရွှေမြို့နယ် ပင်လောင်းမှ ဖယ်ခုံအထိ ကျယ်ဝန်း ရှည်လျားသောအင်းရေပြင်ထုကလည်း နုန်းတို့၏ အဖိအထောင်း အဖုံးအလွှမ်းကြောင့် တဖြည်းဖြည်း ကျဉ်း၍ ကျဉ်း၍ သိမ်ငယ် ချည့်နဲ့လာရသည်။

စိုက်ပျိုးရေးမျက်နှာစာဝယ် အင်းသူအင်းသားတို့ စိုက်ပျိုးခြံ ခရမ်းချဉ်ပင်များဖြင့် သီဝေစိုပြည်နေသော ကျွန်းမျောခရမ်းချဉ်ခင်းများလည်း ဓာတ်ပုံဖြင့် မှတ်တမ်းတင်ကြရပေမည်။ နောင်တစ်ချိန် သမိုင်းအထောက်အထားအတွက်ပြသရန် ကျွန်းမျောခရမ်းချဉ်ခင်းများနေရာတွင် ရိုးရာခရမ်းချဉ်များမရှိတော့။ တရုတ်ခရမ်းချဉ်သီးများက အစားထိုးနေရာဝင်လာသည်။

အင်းရေပြင်၏အလှ ကြည်လဲ့လဲ့ရေပြာစမ်းဝယ် ကျွန်းမျောခရမ်းချဉ်စိုက်ခင်းများနေရာတွင် တရုတ် ခရမ်းချဉ်များက အစားထိုးဝင်ရောက် လက်ဝါးကြီးအုပ်လွှမ်းမိုးလာသည်။ တရုတ်ပြည်မှလာသော ခရမ်းချဉ်မျိုး ၂၀ ကျော်က ရိုးရာအင်းခရမ်းချဉ်ကို သေနတ်သံတစ်ချက်မျှ ပစ်ဖောက်စရာမလိုဘဲ မောင်ပိုင်စီးလာသည်။

ကျွန်းမျောထဲက တရုတ်ခရမ်းချဉ်ခင်းများတွင် လိုအပ်သောဓာတ်မြေဩဇာများက အင်းရေကို ဖျက်ဆီးသကဲ့သို့ နုန်းများက ရေပြင်ကိုနောက်ကျိစေသည်။ တစ်ချိန်က ကျွန်းမျောတို့သည် အင်းသူအင်းသားများကို ဘဝနှင့်နှီးနွှယ်၍ ရင်းနှီးကျွမ်းဝင်ပြီး မိသားစုအပိုဝင်ငွေ အခွင့်အလမ်းများကိုပေးစွမ်းခဲ့သော မိတ်ဆွေကောင်းမိတ်ဆွေမွန်များ ဖြစ်ခဲ့သော်လည်း ယခုအခါ အပြစ်မဲ့ အင်းသူအင်းသားများကို နေ့ခင်းကြောင်တောင် အိပ်မက်ဆိုးကြီးကို မြင်မက်စေသည်။ အသက်သွေးကြောကို ခြောက်လှန့်စိုးရိမ်နေရသည်။

အင်းလေးသူအင်းလေးသားတို့၏ ရိုးရာစုံတွဲအက၊ လန်စည်အကကား အင်းသူ အင်းသားတို့၏ အသက်ချင်းဆက်၍ အင်းရေပြင်ပေါ်ရှိ ရိုးရာလှေပေါ်တွင်ကပြခဲ့သောအက ဖြစ်သည်။ ယခု မြင်တွေ့ခွင့် မရပါ။

နိုင်ငံတော်နှင့် ရှမ်းပြည်နယ်ဝန်ကြီးဌာနတို့က ငွေကြေးဘီလီယံများစွာအကုန်အကျခံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မိခင်ဌာနချင်း ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဇောင်းပေးဆောင်ရွက်လျက်ရှိရာ အယ်လ်နီညိုရာသီ အပူလှိုင်း၏ ရေခန်းခြောက်မည့်အရေးကို အချိန်နှင့်တစ်ပြေးညီ စောင့်ရှောက်နေကြသည်။ အင်းရေပြင်အနေအထားကို စိုးရိမ်စရာမလိုပါ။ အင်းသူအင်းသားတို့၏ စက်လှေများသည် သာလေး၊ နမ့်ပန်၊ နမ့်ဟူးချောင်း၊ ရွှာမချောင်း၊ နမ့်ကပ်ချောင်း၊ အင်းတိန်ချောင်းများကိုဖြတ်သန်း အသုံးပြုနေရသည်။ ရေလမ်းကြောင်းများ ကောင်းမွန်နေသည်။

ဟဲယာရွာမ၊ အိုးကုန်း၊ လယ်ရှည်၊ ချောင်းဆုံ၊ သာလေး၊ နမ့်ဟူးကျေးရွာများနှင့် လွယ်မောကန်၊ နဒီကန်၊ သာစည်ကန်များတွင် ရေထုအပြည့်အဝရှိပြီး စိမ်းညို့သော အင်းရေပြင်ကျယ်ထက်မှာ စက်လှေကြီးများ အသွားအပြန်၊ အစုန်အဆန်ဖြင့် ဝန်ဆောင်နေကြသည်။ ငါးရှာသည်။ ငါးဖမ်းသည်။ စက်လှေ၊ ခြေတစ်ချောင်းဖြင့် လှော်သော အင်းလှေတို့ကား အင်းရေပြင်သန့်ရှင်းရေး၊ နုန်းနှင့် ရေမှော်ရှင်းလင်းရေးတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေကြသော မြင်ကွင်းများက လောကကို အကောင်းဆုံးအလှခြယ်နေပြီဖြစ်သည်။

ပြည်နယ်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် အင်းလေးကန်အတွင်း ရေလမ်းကြောင်းများ၊ နုန်းပို့ပြင်များ၊ သဲနုန်းများကိုတူးဖော်ခြင်း၊ ညောင်ရွှေမြို့မြောက်ဘက်ရှိ အင်းလေးကန်နှင့် ရေကန်များ သာစည်ကန်၊ နဒီကန်များကို သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ရေပြင်အနက် ၄ ပေမှ ၁၀ ပေထိဖြစ်ရန် ဝန်ဆောင်နေသည်။

အင်းလေးကန်ရပ်ဝန်းဒေသ ရေရှာပါးသော လက်မောင်းကွေ့အုပ်စုရှိ ကျေးရွာခြောက်ရွာကို ရေရှိရေး ရေရှည်စီမံကိန်းဖြင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများဖွံ့ဖြိုးရေးအဖွဲ့ (International Centre for Integrated Mountain Development-ICIMD) ESifh Myanmar Institute For Integrated Development (MIID) တို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ်မှစတင်၍ စမ်းသပ်စီမံကိန်းကာလ နှစ်နှစ်တွင် အမေရိကန်ဒေါ်လာ ငါးသိန်းအသုံးပြု၍ ရေရှည်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ မစ္စတာဒေးဗစ်က ညွှန်းဆိုသည်။

လက်မောင်းကွေ့အုပ်စုတွင် ဒေသဖွံ့ဖြိုးရေး၊ ရေတွင်းရေကန်တူးဖော်ရေး၊ ရေအရင်းအမြစ်ရှာဖွေရေး၊ စိုက်ပျိုးရေရရှိရေး၊ မြေဆီလွှာကောင်းမွန်ရေးလုပ်ငန်းများကို ပညာပေးဆောင်ရွက်သွားမည်ဖြစ်သည်။

အမိမြန်မာပြည်တွင် ယူနက်စကို၏ ဇီဝအဝန်းနယ်မြေတစ်ခုဖြစ်သော ကမ္ဘာ့စံမီ ပထမဆုံး ရေကန်အဖြစ် အသိအမှတ်ပြုခြင်း ဂုဏ်သိက္ခာကို ထိန်းသိမ်း၍ မိုးရေချိန်လက်မကို အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်း မှတ်တမ်းပြုခဲ့သည်။

မိုးရွာသွန်းမှုအနေဖြင့် ညောင်ရွှေမြို့နယ်တွင် ၂၀၁၄ ခုနှစ်က မိုးရေချိန် ၃၂ လက်မ၊ ၂၀၁၅ ခုနှစ်က မိုးရေချိန် ၃၀ လက်မရွာသွန်းခဲ့သည်။ အင်းလေးကန်ရပ်ဝန်းအတွင်း ၂၀၁၄ ခုနှစ် မိုးရာသီတွင် ဧကပေ ၂ ဒသမ ၆ သိန်း၊ ၂၀၁၅ ခုနှစ်တွင် ဧကပေ ၂ ဒသမ ၄ သိန်း ရေသိုလှောင်နိုင်ခဲ့သည်။ အင်းလေးကန်သည် ရေကို လိုသမျှ ပိတ်လှောင်ပြီးသိုလှောင်သော တမံတစ်ခု မဟုတ်။ သဘာဝရေကန်သာဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်ရန် ထိန်းသိမ်းသော ရေသိုလှောင်တမံလုပ်ငန်း တစ်ခုသာဖြစ်သည်။ အင်းလေးကန်မှ ရေကျဆင်းမှုလျော့နည်းစေရန် ရေထိန်းရေမြင့်အဆောက်အအုံ (Geo-Tube)နှစ်ခုက ထိန်းညှိနိုင်စွမ်းရှိသည်။

ထို့ကြောင့် အယ်လ်နီညိုအပူလှိုင်း၏အရိပ်အောက်ရှိ အင်းလေးရေ၏ပုံရိပ်သည် “အင်းလေးကန်သည် တာဝတိံသာက နန္ဒာကန်လော . . . တူစွ. . . ဟုတ္တာ. . . ” ဟူ၍ ညွှန်းဆိုချင်ပါပြီ။

**မြန်ဂုဏ်ဆောင်**

# ပရီမီယာလိဂ်နဲ့ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဘယ်သူဆွတ်ခူးမလဲ


ပရီမီယာလိဂ် ပြိုင်ပွဲပွဲစဉ်ပြီးဆုံးဖို့ လေးပွဲလောက်သာလိုအပ်ချိန်မှာ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုလို့ သိထားတဲ့ PFA ဆု ဆန်ခါတင်ဆုစာရင်းမှာ ပါဝင်နေတဲ့ ကစားသမားအမည်တွေလည်း ထွက်ပေါ်လာခဲ့ပါပြီ။ ဒီစာရင်းမှာပါဝင်နေကြတဲ့သူတွေကတော့ လက်စတာကစားသမား သုံးဦးဖြစ်တဲ့ မာရက်ဇ်၊ ကန်တီနဲ့ ဗာဒီ၊ အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်၊ ဝက်စ်ဟမ်းကွင်းလယ်ဖန်တီးရှင် ပါယက်နဲ့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့ပဲ ဖြစ်ကြပါတယ်။

**ပါယက်(ဝက်စ်ဟမ်း)**

ပါယက်က ပြီးခဲ့တဲ့နွေစျေးကွက်ကမှ မာဆေးလ်ကနေ ဝက်စ်ဟမ်းအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၀ ဒသမ ၇ သန်း နဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စရောက်ရောက်ချင်းနှစ်မှာပဲ သူ့ရဲ့စွမ်းဆောင်ရည်ကောင်းကို ပြသနိုင်ခဲ့ပါတယ်။ သူဟာ အာဆင်နယ်ကိုရင်ဆိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲဦးထွက်ပွဲစဉ်မှာပဲ ခြေစွမ်း




ပြသနိုင်ခဲ့သူ ဖြစ်ပါတယ်။ ပါယက်ရဲ့ အလွတ်တည်ကန်ဘောစွမ်းရည်ဟာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိပြီး ဂိုးဖန်တီးမှုအပိုင်းရော၊ ဂိုးသွင်းယူမှုစွမ်းရည်ကပါ ကောင်းမွန်သူဖြစ်လို့ အချိန်တိုအတွင်း ဝက်စ်ဟမ်းပရိသတ်တွေရဲ့ အချစ်တော်ကစားသမား ဖြစ်လာခဲ့သူပါ။ သူဟာ ဒီနှစ်ဘောလုံးရာသီမှာ ကိုးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုရှစ်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပေမယ့် ဒူးဒဏ်ရာပြဿနာကြုံတွေ့ရမှုနဲ့အတူ နှစ်လတာ အနားယူခဲ့ရသူဖြစ်ပါတယ်။ ပါယက်ဒဏ်ရာရပြီးနောက် ဝက်စ်ဟမ်းရဲ့ရလဒ်ပိုင်း အနည်းငယ် ယိုင်သွားခဲ့ပါတယ်။ ကျန်တဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေသူတွေကတော့ ဒဏ်ရာပြဿနာကြုံတွေ့မှု နည်းပါးခဲ့ပေမယ့် နှစ်လတောင်နားခဲ့ရတဲ့ပါယက်ဟာ ခြေစွမ်းကောင်းပေမယ့် အခြားကစားသမားတွေဖြစ်တဲ့ အာဆင်နယ်ရဲ့ မီဆပ်အိုဇေးလ်၊ လက်စတာရဲ့ ဂျေမီဗာဒီတို့ကို ယှဉ်နိုင်ဖို့ ခဲယဉ်းသွားခဲ့ပါတယ်။ အားလုံးကိုခြုံပြီးသုံးသပ်ရရင် ပါယက်အနေနဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရဖို့ အလှမ်းဝေးတယ်လို့ ယူဆရမှာဖြစ်ပါတယ်။



**အိုဇေးလ်(အာဆင်နယ်)**

အသက်(၂၇)နှစ်အရွယ်ရှိ အိုဇေးလ်က မယုံနိုင်လောက်စရာ စွမ်းဆောင်ရည်တွေကို ပြသနိုင်မှုနဲ့အတူ အခုလို နောက်ဆုံးဆန်ခါတင်ဆုစာရင်းမှာ ပါဝင်ခွင့်ရလာခဲ့သူပါ။ ဒီနှစ်ဘောလုံးရာသီအစမှာပဲ အကောင်းဆုံးပုံစံတစ်ရပ် ပြသနိုင်ခဲ့သလို ဂိုးဖန်တီးမှုအများဆုံးပြုလုပ်နိုင်တဲ့ ကစားသမားအဖြစ်လည်း စံချိန်တစ်ရပ် စိုက်ထူနိုင်ခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ဂိုးဖန်တီးမှု ငါးကြိမ်နဲ့ သွင်းဂိုးငါးဂိုးသာ သွင်းယူနိုင်ခဲ့ပေမယ့် ဒီနှစ်ဘောလုံးရာသီမှာတော့ ခြေစွမ်းပိုင်း သိသိသာသာ တိုးတက်လာခဲ့ပြီး ဂိုးဖန်တီးမှု ၁၈ ကြိမ်နဲ့ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဘောလုံးနဲ့ပတ်သက်ရင် ပါရမီရှိသူ၊ ပင်ကိုအမြင်စူးရှထက်မြက်မှုရှိသူ၊ ဂိုးဖန်တီးမှုနဲ့ ဂိုးသွင်းစွမ်းရည် ထက်မြက်ရုံမက ပြိုင်ဘက်ကစားသမားတွေကို အောင်အောင်မြင်မြင်လှည့်စားတတ်သူရယ်လို့ အသိအမှတ်ပြုခံထားရသူဖြစ်ပါတယ်။

အိုဇေးလ်ဟာ တစ်ဦးချင်းစွမ်းရည် ထက်မြက်မြင့်မားပေမယ့် အာဆင်နယ်အသင်းရဲ့ လက်ရှိအနေအထားဟာ ဒီကစားသမားကို အကောင်းဆုံး ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုဖို့ ခဲယဉ်းနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ဂိုးဖန်တီးမှု ၁၈ ကြိမ်အထိပြုလုပ်နိုင်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်အတွင်း ဂိုးဖန်တီးမှုသုံးကြိမ်နဲ့ သွင်းဂိုးနှစ်ဂိုးသာ သွင်းယူထားတာနိုင်တာကြောင့် ဆန်ခါတင်ဆုစာရင်းမှာ ပါဝင်မှုနဲ့တင် ကျေနပ်ရတော့မယ့်အနေအထားပါပဲ။



**ဟယ်ရီကိန်း(စပါး)**

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ရာသီအစမှာ ပုံမှန်ခြေစွမ်းအောက်ရောက်နေခဲ့ပေမယ့် မန်စီးတီးနဲ့ပွဲမှာ ဂိုးစတင်သွင်းယူနိုင်ခဲ့ပြီးနောက် ဘုန်းမောက်နဲ့ပွဲမှာ တစ်ဦးတည်းသုံးဂိုး (ဟက်ထရစ်ဂိုး) သွင်းနိုင်ခဲ့ပါတယ်။ အခုဆို ဒီနှစ်ဘောလုံးရာသီမှာ ကိန်းရဲ့သွင်းဂိုးဟာ ၂၂ ဂိုးအထိ ရှိနေပြီဖြစ်လို့ မနှစ်က သွင်းယူထားတဲ့ သွင်းဂိုး ၂၁ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တကယ်လို့ နောက်ပိုင်းလက်ကျန်ပွဲစဉ်တွေမှာ ဂိုးတွေဆက်လက်သွင်းနိုင်မယ်ဆိုရင် တစ်ရာသီတည်း သွင်းဂိုး ၃၀ သွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်လာနိုင်ပါတယ်။ ကိန်းက ရာသီအစ ခြေစွမ်းမပြနိုင်မှုကြောင့် တစ်ရာသီသာ ခြေစွမ်းပြနိုင်တဲ့ ကစားသမားလို့ ဝေဖန်မှုတွေကိုလည်း သူ့ရဲ့သွင်းဂိုးတွေနဲ့ ပယ်ဖျက်ပြနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကိန်းက တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုစာရင်း PFA မှာ ပါဝင်နေသလို ပရီမီယာလိဂ် အကောင်းဆုံးလူငယ်ကစားသမားဆု PFA(Young Player) ဆန်ခါတင်စာရင်းမှာလည်း စပါးအသင်းဖော် ဒယ်လီအယ်လီနဲ့အတူ အမည်စာရင်းပါဝင်နေပါတယ်။ ဒါ့ကြောင့် PFA ဆုထက်စာရင် PFA(Young Player) ကစားသမားဆုသာရရှိဖို့ ပိုပိုနီးစပ်နေတယ်လို့ ယူဆမိပါတယ်။

**ကန်တီ(လက်စတာ)**

ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ လက်စတာအသင်း ဦးဆောင်နိုင်မှုနဲ့အတူ ကန်တီရဲ့အခန်းကဏ္ဍကိုလည်း ဘောလုံးပရိသတ်တွေ လျစ်လျူရှုထားလို့မရပါဘူး။ ကန်တီဟာ ပါယက်လိုပဲ ပြင်သစ်လူမျိုးကစားသမားတစ်ဦးဖြစ်ပြီး မနှစ်က နွေစျေးကွက်ကမှ ပြင်သစ်ပထမတန်းလိဂ်ကနေ ပရီမီယာလိဂ်ကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ မည်သည့် ပရီမီယာလိဂ် နောက်ခံကစားသမားတွေထက်မဆို ဘောလုံးဖြတ်တောက်မှု၊ ကြားဖြတ်ဘောလုံးရယူမှုတွေ ပြုလုပ်နိုင်တဲ့ ကစားသမားဖြစ်လာခဲ့ပြီး သူ့ရဲ့စွမ်းရည်တွေက ရာနီရေရီရဲ့ အောင်မြင်မှုတွေမှာ အဓိကဇာတ်ဆောင်ဖြစ်ခဲ့တယ်ဆိုတာတော့ ဘယ်သူမှ ငြင်းဆန်လို့မရမယ့် အချက်အလက်တစ်ခုပါပဲ။




ကန်တီဟာ အသင်းအောင်မြင်မှုရဲ့ ကျောရိုး၊ တံတိုင်းဆိုတာ ပရိသတ်တွေက အသိအမှတ်ပြုထားကြပေမယ့် ခံစစ်ကစားသမားတွေဟာ တိုက်စစ်ကစားသမားတွေလို ဆုရွေးချယ်တဲ့ပုဂ္ဂိုလ်တွေရဲ့ အသိအမှတ်ပြုမှု သိပ်မရတာကတော့ ကန်တီအနေနဲ့ ကံဆိုးတယ်လို့ ယူဆရမှာဖြစ်ပါတယ်။

ဒါပေမယ့် ကန်တီဟာ ဆန်ခါတင်ဆုစာရင်းမှာပါဝင်နေတဲ့ လက်စတာကစားဖော်နှစ်ဦးဖြစ်တဲ့ ဂျေမီဗာဒီ၊ မာရက်ဇ်တို့ကို ကျော်လွန်ပြီး ဒီဆုကိုရရှိဖို့ဆိုတာတော့ ဖြစ်နိုင်ခြေနည်းလွန်းပါတယ်။




**ဂျေမီဗာဒီ(လက်စတာ)**

အရင်က မထင်မရှားကစားသမားလေး ဗာဒီဟာ ဒီနှစ် ဘောလုံးရာသီမှာ သွင်းဂိုး(၂၁)ဂိုးနဲ့ ဂိုးဖန်တီးမှု ခုနစ်ကြိမ်တောင် ပြုလုပ်ထားနိုင်လို့ ဆန်ခါတင်ဆုစာရင်းမှာ ထိုက်ထိုက်တန်တန်ပါဝင်ခွင့်ရလာသူဖြစ်ပါတယ်။ ဂျေမီဗာဒီဟာ (၁၁)ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်မှုနဲ့အတူ ဥရောပအင်အားကြီးကလပ်အသင်းတွေကပါ ခေါ်ယူဖို့ စိတ်ဝင်စားခံလာရတဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် အင်္ဂလန်လက်ရွေးစင်အသင်းမှာပါ နေရာတစ်နေရာ ရရှိလာခဲ့ပြီး လက်စတာရဲ့ မရှိမဖြစ်ကစားသမားတစ်ဦးလို့ အားလုံးက အသိအမှတ်ပြုလာရသူပါ။ သူဟာ ပြိုင်ဘက်ဂိုးဧရိယာအတွင်း အကောင်းဆုံးလှုပ်ရှားနိုင်သူဖြစ်သလို ကိုယ်တိုင်ဂိုးမသွင်းနိုင်ရင်တောင် သူ့ရဲ့ တိုးအား၊ လုပ်အားနှုန်းတွေနဲ့ ပြိုင်ဘက်နောက်တန်းကစားသမားတွေကို အလုပ်ရှုပ်စေတာကြောင့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို သိမ်းပိုက်နိုင်ဖို့ အလားအလာကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားတယ်လို့ ယူဆရပါတယ်။ တကယ်လို့ လက်စတာအသင်း ရာသီကုန်ချိန်မှာ ပရီမီယာလိဂ်ချန်ပီယံ မဖြစ်စေဦးတော့ ဗာဒီဟာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ဆွာရက်ဇ်လုပ်ပြခဲ့သလိုမျိုး စွမ်းဆောင်ပြနိုင်ခဲ့တယ်ဆိုတာတော့ အမှန်တရားတစ်ပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဗာဒီဟာ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းထက် သွင်းဂိုးလျော့နည်းနေပေမယ့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ပြုလုပ်ထားနိုင်တဲ့ ဗာဒီဟာ ဂိုးဖန်တီးမှု လုံးဝပြုလုပ်နိုင်ခြင်းမရှိထားတဲ့ ဟယ်ရီကိန်းထက်သာတာကိုတော့ မေ့ထားလို့မရပါဘူး။ သူ့ရဲ့ ဒီလိုစွမ်းဆောင်ရည်ကောင်းတွေကြောင့် ဗာဒီသာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အသင်းဖော် မာရက်ဇ်နဲ့ အပြိုင်လုရမယ့်သူလို့ ထင်မြင်မိပါတယ်။

**မာရက်ဇ်(လက်စတာ)**

အသက်(၂၅)နှစ်အရွယ်ရှိ မာရက်ဇ်ဟာ ဆန်ခါတင်ဆုစာရင်းပါဝင်သူခြောက်ဦးထဲမှာ ဆုရရှိဖို့ အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်ထားသူလို့ ယူဆရပါတယ်။ ဘောလုံးအထိန်းအသိမ်းကောင်းသလို လျင်မြန်တဲ့တိုးအားလှုပ်ရှားမှုပုံစံက ပြိုင်ဘက်နောက်တန်းကစားသမားတွေကို အလစ်အငိုက်ရလောက်အောင်ကောင်းပြီး သွင်းဂိုး ၁၆ ဂိုး၊ ဂိုးဖန်တီးမှု ၁၁ ကြိမ်တောင်ပြုလုပ်ထားနိုင်တဲ့ ကစားသမားပါ။ မာရက်ဇ်ကို ၂၀၀၄ခုနှစ် လော့ဖရန်အသင်းငယ်လေးကနေ ပြောင်းရွှေ့ကြေးပေါင် ၅၆၀၀၀၀ လောက်သာ ပေးချေခေါ်ယူခဲ့ရတာဖြစ်ပါတယ်။ မာရက်ဇ်ဟာ နောက်ချန်တိုက်စစ်မှူးနေရာ၊ ဘယ်ညာတောင်ပံနှစ်ဖက်၊ ဗဟိုတိုက်စစ်မှူး စတဲ့နေရာစုံမှာ ကစားနိုင်တဲ့ တိုက်စစ်ကစားသမားဖြစ်ပါတယ်။ သူဟာ နည်းပြနဲ့ အသင်းဖော်တွေအတွက် တကယ်ကို အထောက်အပံ့ပေးနိုင်တဲ့ ကစားသမားဆိုရင်လည်း မမှားပါဘူး။ ဒါ့ကြောင့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မာရက်ဇ်သာ သိမ်းပိုက်သွားနိုင်မယ်လို့ သုံးသပ်ရပါတယ်။

**မေလှဲ့သင်း**



# ရန်ကုန်–နေပြည်တော်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်

**ကျောက်တံခါး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၄/. . . ) အကြားတွင် မေ ၁၇ ရက် နံနက် ၇ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

သတင်းအရ အခင်းဖြစ်နေရာသို့ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းထွန်းဦး၊ တာဝန်မှူး ရဲအုပ်ရဲစိုးနှင့် ရဲတပ်ဖွဲ့ဝင်များသွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းသောင်းဟန် ၂၇ နှစ် အင်းစိန်ရွာမရဲစခန်းဝင်းနေသူ မောင်းနှင်သည့် 1SUCCEED အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကိုဖြတ်၍ တစ်ဖက်ယာဉ်ကျောသို့ရောက်ရှိကာ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားသုံးဦး၊ အမျိုးသမီးငါးဦးတို့မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း ယာဉ်မှာရှေ့နောက်ဝဲယာဘီးလေးဘီးပေါက်၊ ဘော်ဒီယာဘက်နောက်ပိုင်း ပိန်ချိုင့်ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသောင်းဟန်အား အရေးယူပေးပါရန် ရဲအုပ်ရဲစိုးမှ တရားလိုပြုလုပ်တိုင်တန်း၍ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်း ယာဉ်(ပ) ၃၉/၂၀၁၆ ပြစ်မှုပုဒ်မ ၂၇၉ အရအမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**




# ရေစက်မောင်းနှင်စဉ် ပေါက်ပြဲနေသည့်ဝါယာကြိုးမှ တစ်ဆင့် အမျိုးသားတစ်ဦး ဓာတ်လိုက် သေဆုံး

**ရန်ကုန် မေ ၁၈**

မေ ၁၆ ရက်က နံနက် ၇ နာရီခွဲခန့်တွင် ရန်ကုန်ဆေးရုံကြီး၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ ဒုရဲမှူးသိန်းဟန်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ဦးတင်စိန် (၅၄ နှစ်) ဖြစ်ပြီး နံနက် ၅ နာရီခွဲခန့်က နေအိမ်အောက်ထပ် တိုက်ခန်းလှေကားခွင်တွင် ရေစက်မောင်းနှင်စဉ် ပေါက်ပြဲနေသည့်ဝါယာကြိုးကို လက်ဖြင့်ထိမိကာ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်သည်။ အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပီအာရ် ၃၇ ဖြင့် လက်ခံထားပြီး ကမာရွတ်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၆/၁၆ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**တိုးကြီး**

# သရက်မြို့နယ်တွင် မိုးကြိုးပစ်ခံရပြီး လူတစ်ဦးသေဆုံး

**သရက် မေ ၁၈**

သရက်မြို့နယ်တွင် မိုးကြိုးပစ်ခံရပြီး လူသေဆုံးမှုဖြစ်ပွားခဲ့သည်ဆိုမှုကို သက်ဆိုင်ရာက မေ ၁၀ ရက်က အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ မေ ၉ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တောမွန်ရွာတွင် မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံးသွားကြောင်း သတင်းအရ ဘော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါရွာတွင်နေသူများဖြစ်သည့် မျိုးမောင်မောင်(၂၃)နှစ်၊ မသောင်း(၃၅)နှစ်၊ မစု(ခ)မရင်ရင်ဌေး(၃၃)နှစ်နှင့် သားစိုး(ခ)ညီဇော်သက်(၁၄)နှစ်တို့ လေးဦးသည် ရွာအနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ပဲခင်းပျက်ထဲ၌ နွားကျောင်းနေစဉ် လေများတိုက်ခတ်၍ မိုးရွာသွန်းလာသဖြင့် ရုံးပင်အောက်သို့ ဝင်ရောက်မိုးခိုရာမှ မိုးကြိုးပစ်ခံရ၍ သားစိုး(ခ)ညီဇော်သက်တွင် မီးလောင်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး မျိုးမောင်မောင်ပါသုံးဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်းသိရ၍ ဘော်နယ်မြေရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၁/၂၀၁၆) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တိုးကြီး**

# ကွမ်းခြံကုန်းမြို့နယ်တွင် အကြွေးပေးရမည့်ကိစ္စ စကားများရန်ဖြစ်ပြီး ပိုးသတ်ဆေးသောက်သေဆုံးမှုဖြစ်ပွား

**ကွမ်းခြံကုန်း မေ ၁၈**

မေ ၁၆ ရက် နံနက် ၄ နာရီခွဲခန့်တွင် လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံတွင် အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံးရောက်နေကြောင်း သတင်းအရ ရဲအုပ်နိုင်ဝင်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ကွမ်းခြံကုန်း ကန်လျားရှည်ကျေးရွာနေ ဒေါ်အုန်းချို (၅၄ နှစ်) ဖြစ်ပြီး မေ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ခင်ပွန်းဖြစ်သူ ဦးတင်စိန်နှင့် အကြွေးပေးရမည့်ကိစ္စ စကားများရန်ဖြစ်ခဲ့သည်။ ထို့နောက် ခင်ပွန်းအပြင်သွားနေစဉ် နေအိမ်တွင်ရှိသည့် ပိုးသတ်ဆေးကိုသောက်သုံးခဲ့ပြီး ပါးစပ်မှ အမြှုပ်များထွက်ကာ လဲကျနေသည်ကို ခင်ပွန်းဖြစ်သူကတွေ့ရှိကာ ဆေးရုံသို့ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းအမျိုးသမီးမှာ လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့သည်။ အလောင်းကို လက်ခုပ်ကုန်းဆေးရုံမှ ပီအာရ် ၀၂ ဖြင့်လက်ခံထားပြီး သေမှုသေခင်းအမှတ်စဉ် (၂၅/၁၆) ဖြင့်စစ်ဆေးလျက်ရှိသည်။

**တိုးကြီး**

## မှုခင်းသတင်းများ

**တိုးကြီးစုစည်းသည်**

### ဖဲလောင်းကစားသူများဖမ်းဆီးအရေးယူ

မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ထန်းလေးပင်ရွာနေ ဖိုးတုတ် (၂၅) နှစ်၏ နေအိမ်တွင် ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ငါန်းဇွန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့သည်။ ယင်းသို့ဖမ်းဆီးရာ နေအိမ်ဝင်းအတွင်းရှိ ထန်းရွက်တဲထဲ၌ ဖဲလောင်းကစားပြုလုပ်နေသော အိမ်ရှင်ဖိုးတုတ်၊ တစ်ရွာတည်းနေ မောင်မိုး(၂၅) နှစ်နှင့် မသီသီမာ (၃၂)နှစ်တို့အား ဖဲလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၆၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖိုးတုတ်ပါသုံးဦးအား ငါန်းဇွန်မြို့မရဲစခန်း (ပ)၂၆/၂၀၁၆၊ လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

### ခါးပိုက်နှိုက်သူများ ဖမ်းဆီးအရေးယူထား

မေ ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လသာမြို့နယ် အနော်ရထာလမ်းနှင့်(၁၉)လမ်းထောင့်ရှိ Sky Net ရေကစားမဏ္ဍပ်တွင် ရေကစားနေသူအမျိုးသားတစ်ဦး၏ ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ ငွေများနှိုက်ယူနေသူသုံးဦးကို လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူသုံးဦးမှာ ဒလမြို့နယ်နေ စောထက်အောင် (၁၈ နှစ်)၊ ရှိုင်းသူ(ခ)စောအယ်စိုး (၁၈ နှစ်)နှင့် ဇင်မာစိုး(ခ)ကုလား (၁၈ နှစ်)တို့ ဖြစ်သည်။ ၎င်းတို့အား ရှာဖွေစစ်ဆေးရာ ခဲတံချွန်ခေါက်ဓားနှစ်ချောင်းနှင့် နှိုက်ယူခဲ့သည့် ငွေကျပ် ၈၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန် ရဲအုပ်အောင်ကိုသန့်က တိုင်ကြားခဲ့သည်။ လသာမြို့မရဲစခန်းက (ပ) ၉၂/၁၆ ပြစ်မှုပုဒ်မ ၃၇၉ အရ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

အလားတူ အဆိုပါရေကစားမဏ္ဍပ်တွင် ကခုန်ရေကစားနေသည့် အမျိုးသားတစ်ဦး၏ ဂျင်းဘောင်းဘီနောက်အိတ်အတွင်းမှ ငွေကျပ် ၉၀၀၀ ကျော် နှိုက်ယူခဲ့သည့် မင်္ဂလာဒုံမြို့နယ် ကျူစမ်းရပ်ကွက်နေ အောင်သန်းထွန်း (၂၃ နှစ်) ကိုလည်းကောင်း၊ ငွေကျပ် ၁၅၀၀၀ ကိုနှိုက်ယူခဲ့သည့် ဒလမြို့နယ်နေ သံချောင်း(၂၁ နှစ်) နှင့် ဘုတ်အိ(ခ)ဝီရိပါး ( ၁၇ နှစ်) တို့ကို ခဲတံချွန်ခေါက်ဓား နှစ်ချောင်းတို့ဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် လသာမြို့မရဲစခန်းက(ပ) ၉၁/၁၆ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရအမှုဖွင့်အရေးယူခဲ့သည်။

ယင်းအပြင် Sky Net မဏ္ဍပ်တွင် ရေကစားကခုန်နေသည့် အသက် ၂၀ အရွယ် အမျိုးသားတစ်ဦး၏ ဂျင်းဘောင်းဘီနောက်အိတ်တွင် ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသည့် ငွေကျပ် ၁၅၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို နှိုက်ယူခဲ့သည့် သန်လျင်မြို့နယ်နေ ဇော်ဝင်းသူ (၂၅ နှစ်)နှင့် မလှမိုးရီ (၂၇ နှစ်)တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ထိုသို့နှိုက်ယူစဉ် ဇော်ဝင်းသူက လူကာပေးခဲ့ပြီး မလှမိုးရီက နှိုက်ယူခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့ထံမှ ဘရိတ်ဓား ၁၅ ချောင်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန် ရဲအုပ်အောင်ကိုသန့်က တိုင်ကြားခဲ့သည်။ လသာမြို့မရဲစခန်းက(ပ) ၉၄/၁၆ ပြစ်မှုပုဒ်မ ၃၇၉ /၅၄ အရ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

### မိဘအုပ်ထိန်းမှုအောက်ရှိ အမျိုးသမီးငယ်အား သားမယားပြုကျင့်မှုဖြစ်ပွား

မေ ၁၁ ရက် ညနေ ၃ နာရီ ၂၀ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ်နေ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးက သက်ဆိုင်ရာသို့တိုင်ကြားခဲ့ရာတွင် မတ် ၂၂ ရက်တွင် မိဘအုပ်ထိန်းမှုအောက်ရှိ အသက် ၁၄ နှစ်အရွယ် သမီးဖြစ်သူမှာ အထည်ချုပ်လုပ်ငန်းသို့သွားမည်ဟုပြောဆိုကာ ထွက်သွားခဲ့သည်။ ည ၉ နာရီထိ ပြန်လည်ရောက်မလာသဖြင့် လိုက်လံရှာဖွေခဲ့ရာ တွေ့ရှိခြင်းမရှိခဲ့ဘဲ မေ ၄ ရက် ညနေ ၆ နာရီခွဲခန့်တွင် နေအိမ်သို့ပြန်လည်ရောက်ရှိလာသဖြင့် မေးမြန်းခဲ့ရာ ထွက်သွားသည့်နေ့က ရည်းစားဖြစ်သူ အောင်ကျော်မိုး (၂၁နှစ်) နှင့် ခိုးရာလိုက်ပြေးသွားခဲ့ကြောင်း၊ အောင်ကျော်မိုးက ၎င်း၏သူငယ်ချင်းနေအိမ်သို့ ခေါ်ဆောင်သွားခဲ့ပြီး အဆိုပါအိမ်တွင် သားမယားပြုကျင့်ခဲ့ကြောင်း၊ အတူပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် အောင်ကျော်မိုးတွင် အိမ်ထောင်ရှိကြောင်း ပြောပြ၍သိရသဖြင့် ပြန်လာခဲ့ကြောင်း၊ ယင်းကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ လှိုင်သာယာမြို့မရဲစခန်းက (ပ)၇၁၂/၁၆ ပြစ်မှုပုဒ်မ ၃၇၆/၃၆၃ အရ အမှုဖွင့်အရေးယူထားသည်။

### ဖဲလောင်းကစားပြုလုပ်နေသူများအား အမှုဖွင့် စစ်ဆေးလျက်ရှိ

ဇဗ္ဗာန်းမြို့နယ်တွင်းရှိ ဆောက်လုပ်ဆဲတိုက်တွင်း မေ ၁၂ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဒုရဲအုပ်ကျော်ကျော်ထွန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါအဆောက်အအုံတွင် သဃ်န်းကျွန်းမြို့နယ်နေ ဟန်ဇော်ထွန်း (၂၂ နှစ်)၊ မော်လမြိုင်ကျွန်းမြို့နယ်နေ ဝင်းထွန်း (၃၂ နှစ်)၊ မရမ်းကုန်းမြို့နယ် တင်မိုးဝင်း (၂၄ နှစ်)၊ ဘိုကလေးမြို့နေ မင်းမင်းထိုက်(၂၄ နှစ်)၊ ဇော်ကြီး (၃၄ နှစ်)၊ ဖျာပုံမြို့နယ်နေ မျိုးအောင်(၂၃ နှစ်)၊ မကွေးမြို့နယ်နေ သိန်းမြင့်(၂၅ နှစ်) တို့ကို ဖဲချပ် ၅၂ ချပ်၊ ဖဲထုပ်အသစ်တစ်ထုပ်နှင့် လောင်းကြေးငွေကျပ် ၆၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ဇဗ္ဗာန်းမြို့မရဲစခန်းက(ပ) ၁၃၁/၁၆ လောင်းကစားဥပဒေပုဒ်မ ၁၂(က) အရ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

### အရက်မူးပြီး ရေချိုးသွားမည်ဟုပြောဆိုကာ ရေချိုးဆင်းသွားသူ ရေနစ်သေဆုံး

မေ ၁၁ ရက် နံနက် ၉ နာရီခွဲခန့်တွင် တွံတေးဆေးရုံတွင် ရေနစ်သေဆုံးသူ အမျိုးသားအလောင်းတစ်လောင်းရောက်နေကြောင်း သတင်းအရ ဒုရဲမှူး မျိုးမြင့်ကြိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ တွံတေးမြို့နယ်နေ အိုးဖိုရပ်ကွက်နေ ရဲထွန်းအောင်(၁၉ နှစ်) ဖြစ်ပြီး ပုပ်ပွသေဆုံးနေသည်ကို တွေ့ရသည်။ စုံစမ်းချက်အရ မေ ၉ ရက် ညနေ ၄ နာရီခန့်တွင် အရက်မူးပြီး ရေချိုးသွားမည်ဟုပြောဆိုကာ ကျောက်တံခါးရေဆိပ်သို့သွားရောက်ခဲ့ပြီး ပြန်မလာသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားခဲ့ပြီး လိုက်လံရှာဖွေခဲ့ရာ တွံတေးတူးမြောင်းရေမိုင်တိုင် ၉ အရောက် လမုပင်နားတွင် ပက်လက်အနေထားဖြင့် ပုပ်ပွနေလျက် တွေ့ရှိခဲ့သည်။ အလောင်းကို တွံတေးဆေးရုံသို့ ပို့အပ်ထားပြီး တွံတေးမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁၆/၁၆) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

### တရားဝင်ကွာရှင်းပြတ်စဲမှုမရှိဘဲ နောက်အိမ်ထောင်ပြုခဲ့၍ တိုင်ကြား


မေ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြောက်ဥက္ကလာပမြို့နယ်နေ ကိုထွန်းအောင်ကျော်က သက်ဆိုင်ရာသို့တိုင်ကြားခဲ့ရာတွင် လွန်ခဲ့သော ၈ နှစ်ခန့်က မအေးမြမြအောင်ဆိုသူနှင့် အိမ်ထောင်ကျခဲ့ပြီး နေအိမ်တွင် ၎င်းမိသားစုနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဇနီးဖြစ်သူနှင့် လင်မယားချင်းစကားများရန်ဖြစ်ခဲ့ပြီး ဇနီးဖြစ်သူနေအိမ်မှ ဆင်းလာခဲ့ကြောင်း၊ မေ ၁ ရက်တွင် ကွာရှင်းပြတ်စဲခြင်းမရှိဘဲ မြောက်ဥက္ကလာပမြို့နယ်တရားရုံးတွင် အမျိုးသားတစ်ဦးနှင့် လက်ထပ်စာချုပ်ချုပ်ဆိုကြောင်း သိရသဖြင့် တရားရုံးသို့ စုံစမ်းရာ တရားရုံးဝင်စာအမှတ်များပါ သိရပြီး အမှန်တကယ်လက်ထပ်ယူကြောင်း သိရှိခဲ့သည်။

ယင်းကြောင့် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိဘဲ နောက်အိမ်ထောင်ပြုသည့် ဇနီးသည်ကို အရေးယူပေးရန်တိုင်ကြားခဲ့သဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက (ပ) ၄၂၅/၁၆ တစ်လင်တစ်မယားဥပဒေပုဒ်မ ၁၇ အရ အမှုဖွင့်အရေးယူထားသည်။

### ဂန့်ဂေါမြို့နယ်အတွင်းရှိ သုံးဘီးဆိုင်ကယ်ဖြင့်တရားမဝင်တင်ဆောင်လာသည့် ကျွန်းသစ်ခွဲသားများ တွေ့ရှိ

မကွေးခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိ သုံးဘီးဆိုင်ကယ်ဖြင့် တရားမဝင်တင်ဆောင်လာသည့် ကျွန်းသစ်ခွဲသားများတွေ့ရှိမှုကို သက်ဆိုင်ရာက မေ ၁၀ ရက်က စစ်ဆေးလျက်ရှိသည်။ အဆိုပါနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဂန့်ဂေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များသယ်ဆောင်လာကြောင်း သတင်းအရ ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကားလမ်းပေါ်၌ သွားရောက်စောင့်ဆိုင်းနေစဉ် ပိုဦးရွာနေ အောင်မြတ်လင်း (၄၁)နှစ်မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်နှင့် တစ်ရွာတည်းနေ မင်းဇော်ဖြိုး(၁၉)နှစ် မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးမှုပြုခဲ့သည်။

ယင်းသို့စစ်ဆေးရာ အောင်မြတ်လင်းနှင့် ဖြိုးမင်းဇော်မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ပေါ်မှ တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၄ ချောင်း (၀ ဒသမ ၂၇၇၄) တန်နှင့် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ရှစ်ချောင်း (၀ ဒသမ ၂၈၇၄) တန်တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်မြတ်လင်းနှင့် ဖြိုးမင်းဇော်တို့အား ဂန့်ဂေါမြို့မရဲစခန်းက သစ်တောဥပဒေပုဒ်မ ၄၃(က) ဖြင့် အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။




# ကျောက်တော်မြို့နယ်အတွင်း ဝင်ရောက်လှုပ်ရှားလာသည့် AA လက်နက်ကိုင်အဖွဲ့ကို တပ်မတော်စစ်ကြောင်းများက ပြည်သူလူထုနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းလျက်ရှိ

**နေပြည်တော် မေ ၁၈**

တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိသော်လည်း ရခိုင်ပြည်နယ်အတွင်း AA လက်နက်ကိုင်အဖွဲ့သည် ၂၀၁၅ ခုနှစ် မတ်လနှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်စီ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားမှတ်တိုင်အမှတ်(၆၈)နှင့်(၇၁)အကြားမှတစ်ဆင့် ပလက်ဝ၊ ကျောက်တော်နယ်မြေများတွင် အခြေခံနယ်မြေတည်ဆောက်ရန် ဝင်ရောက်လာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းခဲ့ရာ လက်နက်ကိုင်အဖွဲ့သည် တစ်ဖက်နိုင်ငံအတွင်းသို့ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ယခုနှစ် သင်္ကြန်ကာလမတိုင်မီ ဧပြီပထမပတ်အတွင်း AA လက်နက်ကိုင်အဖွဲ့ အင်အား ၁၀၀ ခန့်သည် လက်နက်ကိုယ်စီဖြင့် ရခိုင်ပြည်နယ်အတွင်း သင်္ကြန်ရေကစားပွဲတော်ကာလကို အခွင့်ကောင်းယူ၍ ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစားခြင်းအား နှောင့်ယှက်ပြီး အထိတ်တလန့်ဖြစ်စေရန်ဖောက်ခွဲခြင်း၊ မြို့၊ ရွာ၊ တပ်စခန်းများကို နှောင့်ယှက်ပစ်ခတ်ခြင်းစသည့် လုပ်ဆောင်ချက်များပြုလုပ်ရန် ကျောက်တော်မြို့နယ် လောရမတောင် နယ်မြေတစ်ဝိုက်သို့ စိမ့်ဝင်လှုပ်ရှားလာခဲ့ကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရာ မေ ၁၆ ရက်တွင် အင်အားနှင့် ခေါင်းဆောင် စိစစ်ဆဲ AA လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ဖြင့် တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လက်နက်ကိုင်အဖွဲ့သည် အဖွဲ့ငယ်များအဖြစ် ပြန့်ကွဲကာ ဆုတ်ခွာထွက်ပြေးလျက်ရှိသည်။

အဆိုပါ တိုက်ပွဲဖြစ်စဉ်များတွင် AA လက်နက်ကိုင်အဖွဲ့ထံမှ ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများဖြင့် တူးဖော်ပြုလုပ်ထားသည့် ယာယီအခြေပြုနေရာများကို သိမ်းပိုက်ရရှိခဲ့ကာ လူနေတဲများ၊ ဒေသန္တရလက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ချပ်ဝတ်တန်ဆာများ၊ အခြားအသုံးအဆောင်ပစ္စည်းများနှင့် ရိက္ခာများ သိမ်းဆည်းရမိခဲ့ကြောင်း တိုက်ပွဲဖြစ်စဉ်များတွင် AA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ရွာသားများအသွင်ယူပြီး ချောင်းမြောင်း၍ချုံခိုတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ ယာယီတပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

# ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် အခြေခံပညာ သူငယ်တန်းမှ နဝမတန်းအထိ အခြေခံပညာစာမေးပွဲအောင်စာရင်း ထုတ်ပြန်

**ရန်ကုန် မေ ၁၈**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာသူငယ်တန်းမှ နဝမတန်းအထိ အခြေခံပညာစာမေးပွဲအောင်စာရင်းများကို မြန်မာတစ်နိုင်ငံလုံးရှိ သက်ဆိုင်ရာ အခြေခံပညာကျောင်းများ၌ ယနေ့နံနက်ပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ အခြေခံပညာ သူငယ်တန်းမှ နဝမတန်းအထိ စာမေးပွဲဖြေဆိုသူ ကျောင်းသား ၈ ဒသမ ၇ သန်းရှိပြီး စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့သည် အစိုးရစစ်စာမေးပွဲစနစ်ဖြင့် ဖြေဆိုခဲ့ကြရခြင်း ဖြစ်သည်။

ထိုသို့အောင်စာရင်းထုတ်ပြန်ရာတွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲအောင်စာရင်းများနှင့်ပတ်သက်၍ A.B.C အဆင့်သုံးဆင့်ခွဲ၍ ထုတ်ပြန်ခဲ့သည်။ စတုတ္ထတန်းရှိ ဘာသာရပ်ငါးခု၏ စုစုပေါင်းအမှတ်နှင့် အဋ္ဌမတန်းရှိ ဘာသာရပ် ခြောက်ခု၏ စုစုပေါင်းအမှတ်တို့ကို ဘာသာရပ်အရေအတွက်နှင့် စား၍ရရှိလာသည့် ပျမ်းမျှရမှတ်မှာ ၈၀ မှ ၁၀၀ ကြားဖြစ်ပါက A အဆင့်၊ ရမှတ် ၆၀ မှ ၇၉ ကြားဖြစ်ပါက B အဆင့်၊ ရမှတ် ၄၀ မှ ၅၉ ကြားဖြစ်ပါက C အဆင့်ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

သယ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်တွင်နေထိုင်သည့် အဋ္ဌမတန်းကျောင်းသား၏ မိခင်ဖြစ်သူ ဒေါ်ဖြူဖြူမြင့်က “သား ဇာနည်က အထက (၁) သယ်န်းကျွန်းမှာ တက်နေတာ။ (B) အဆင့်နဲ့ပဲ အောင်တယ်။ သားက အင်ဂျင်နီယာဖြစ်ချင်တာ။ အစ်မကလည်းသူ့ဆန္ဒအတိုင်း ဖြစ်စေချင်တာပေါ့။ ဆယ်တန်းကိုတော့ ဒီထက်ပိုကောင်းအောင် ကြိုးစားခိုင်းရမယ်” ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ အမက စွယ်တော်ကွင်းကျေးရွာမှ ကျောင်းအုပ်ဆရာမကြီးက “ဆရာမကြီးတို့ကျောင်းမှာ သူငယ်တန်းကနေ ၄ တန်းအထိ ကျောင်းသား ကျောင်းသူ ၉၆ ယောက်ရှိတယ်။ ၄ တန်းကတော့ အယောက် ၂၀ ရှိတယ်။ အကုန်အောင်တယ်။ A အဆင့်နဲ့ လေးယောက်၊ B အဆင့်နဲ့

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




မေ ၁၈ ရက်က သူငယ်တန်းမှ နဝမတန်းအထိ အခြေခံပညာစာမေးပွဲအောင်စာရင်းထုတ်ပြန်ရာ သယ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အောင်စာရင်းလာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

